# ပဋိစ္စသမုပ္ပါဒ်လမ်း

မေး–ဖြေ ကျမ်း

၃ ၃ ၃ ၃

သာသနာပြု

# ဓမ္မစေတီ ဆရာတော်ဘုရား

ရေးသားတော်မူသော-

# ပဋိစ္စသမုပ္ပါဒ်လမ်း

## (မေး-ဖြေ ကျမ်း)

ဂန္ထမာလာစာပုံနှိပ်တိုက်
အမှတ် ၁၃၉-၁၄၁၊ လမ်း-၅၀၊ ရန်ကုန်မြို့။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ။ |
|---|---|---|
| ၁ | နိဒါန်း ........ ........ | ၁ |
| ၂ | သင်္ခါရ,အမေး-အဖြေ ........ ........ | ၁၄ |
| ၃ | ဝိညာဏ အမေး အဖြေကိုပြဆိုချက်း | ၂၀ |
| ၄ | နာမရူပအမေး-အဖြေကိုပြဆိုချက်း ........ | ၃၂ |
| ၅ | သဠာယတန အမေး-အဖြေပြဆိုချက်း | ၃၄ |
| ၆ | ဖဿ အမေး-အဖြေကိုပြဆိုချက်း ........ | ၃၅ |
| ၇ | ဝေဒနာအမေး-အဖြေကိုပြဆိုချက်း........ | ၃၆ |
| ၈ | တဏှာအမေး-အဖြေကိုပြဆိုချက်း ........ | ၄၀ |
| ၉ | ဥပါဒါန် အမေး-အဖြေကိုပြဆိုချက်း | ၄၂ |
| ၁၀ | ဘဝ အမေး-အဖြေကိုပြဆိုချက်း ........ | ၄၆ |
| ၁၁ | ဇာတိ အမေး-အဖြေကိုပြဆိုချက်း ........ | ၅၀ |
| ၁၂ | ဇရာ အမေး-အဖြေကိုပြဆိုချက်း ........ | ၅၀ |
| ၁၃ | နည်းလေးပါး အမေး-အဖြေကိုပြဆိုချက်း | ၅၄ |
| ၁၄ | ဤပဋိစ္စသမုပ္ပါဒ်တရားကိုသိ၍ သက္ကာယဒိဋ္ဌိ ကွာပုံ အမေး-အဖြေကိုပြဆိုချက်း ........ | ၆၃ |
| ၁၅ | သာသနာငါးထောင်တွင်၊ တောဝိဇ္ဇာခေတ်ကို ပြဆိုချက်း ........ ........ | ၆၇ |
| ၁၆ | မဂ်ဖိုလ်ကိုရဆိုက်သော ဓါတ်ခံခြောက်ပါး ကို ပြဆိုချက်း ........ ........ | ၆၈ |
| ၁၇ | ဘုရားဂုဏ်တော်အနက်........ ........ | ၇၁ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | တရားဂုဏ်တော်အနက် ........ ........ | ၇၂ |
| ၁၉ | သံဃာဂုဏ်တော်အနက် ........ ........ | ၇၃ |
| ၂၀ | ဗောဇ္ဈင်ပါဠိအနက် ........ ........ | ၇၄ |
| ၂၁ | သံဝါသလေးပါးတရားတော် ........ | ၈၇ |
| ၂၂ | သေ လေးပါး၊ ရှင်လေးပါးကိုပြဆိုခဏ်း | ၉၂ |
| ၂၃ | ရဟန်းရှင်လူ-အန္တဗာလတို့ အကြောင်းကို ပြဆိုခဏ်း ........ ........ | ၉၈ |
| ၂၄ | သာဓုခေါ်လျှင်-ခံတွင်းကကြာညိုနံ့မွှေးခြင်း အကြောင်း ........ ........ | ၁၀၀ |
| ၂၅ | မိခင်ကတရားနာလို၍သားကိုချော့ခဏ်း | ၁၀၁ |
| ၂၆ | ကလေးငိုလျှင် ချော့ရန်ဂါထာ ........ | ၁၀၂ |
| ၂၇ | ပဒိုသင်္ခေ နေ ဝါးကို-ဉာဏ်ငါးမိခြင်း အကြောင်း ........ ........ | ၁၀၂ |
| ၂၈ | အထုံးမှတ်ရန် ........ ........ | ၁၀၆ |
| ၂၉ | နိဋ္ဌိ ကမ္ဘန်း ........ ........ | ၁၀၉ |
| ၃၀ | တရားတောင်းခဏ်း ........ ........ | ၁၁၁ |
| ၃၁ | ကျွဲချီးပြုဆရာဖျား-အာသီသကိုပြဆိုခဏ်း | ၁၁၂ |

# နိဒါန်း။

ဗုဒ္ဓဘာသာ သာသနာတော်အစစ်ကို၊ ဖွင့်လှစ်တည် ထောင်တော်မူသော ဝိပဿနာ ကမ္မဋ္ဌာန်းပြ မြေကထိက ပုဂ္ဂိုလ်အမေဉ် နိုင်ငံကျော်သော မြေစေတီ ဆရာတော် ဘုရားသည်၊ အမျှားသတ္တဝါ၊ ဝေနေယျာကို၊ ညှာတာ သနားသဖြင့်၊ဒါယကာအများတို့လျှောက်ထားချက်အရ၊ ဤပဋိစ္စသမုပ္ပါဒ်လမ်း-မေးဖြေကျမ်းကိုရေးသားစီရင်ပေ သတည်း။

၎င်းကျမ်းအပြင်၊(မြေဝိဇ္ဇာနုရ နိဗ္ဗာနကျမ်း၊သောတာ ပတ္တိမဂ္ဂဝိဇ္ဇာကျမ်း၊ဓာတုမဂ္ဂ ဝိဇ္ဇာကျမ်း၊ ပဋိစ္စသမုပ္ပါဒ် လမ်း-မေးဖြေကျမ်း၊ ဘာသာစစ်တမ်း- အလင်းကျမ်း၊ သရဏဂုံစစ်တမ်း-မေးဖြေကျမ်း၊ မြေစေတီဝတ်ရွတ်စဉ်၊ သောတာပန်လမ်း- အလင်းကျမ်း၊ သောတာပန်လမ်း- သံခိပ်ကျမ်း)တို့ကိုလည်း၊ရေးသားစီရင်ပေသတည်း။

အပါယ်သံသရာ၊ အပါယ်ဒုက္ခတို့မှ ကင်းလွတ်လိုကြ သော အမျိုးကောင်းသားသမီးတို့သည်၊ ဤသခု ရေးသား စီရင်သော ကျမ်းတို့ကို၊ ကြည့်ရှု သင်ကြားကြပါက၊ လောကီ,လောကုတ္တရာ,နှစ်ဖြာသောအကျိုးစီးပွါးတို့ကို ရကြ၍၊ ဧကန်မုချ အပါယ်ဒုက္ခမှ ကင်းလွတ်ကြပေလိမ့် သတည်း။

# ကြော်ငြာ။

ဗုဒ္ဓဘာသာ၏ သာသနာ အရင်း အမြစ် ကြီး သည်၊ ငါတို့ဉာဏ်အမြင်မှာ၊ မိန်းမကလေးများ ဖြစ်လေသည်။ မိန်းမကလေးတယောက် ဘာသာမှုနှင့် ပျက်စီးက အနှစ် တရာအတွင်းမှာပင်၊မိစ္ဆာဒိဋ္ဌိတွေ၊ တသိန်း,တသန်းမက ပွါးများပေရာ၏။

မိန်း မ က လေး တ ယောက်၊ ဗုဒ္ဓဘာသာအစစ်ကို တစ်တစ်ခွခွ၊ကျကျနန၊ သေသေချာချာ၊ ပေါက်ပေါက် ရောက်ရောက်၊ တတ်ကျွမ်းလိမ်မာက၊ ၁-နှစ်၊ ၂-နှစ် အတွင်းမှာပင်၊တထောင်, တသောင်းမက၊ ဗုဒ္ဓဘာသာ ဖြစ်ပေရာ၏။အကယ်၍၊ ပရိယေသန ကိစ္စမှုဖြင့်၊ ဘာသာ ကွဲကို၊ ယူငြားသော်လည်း၊မိမိမိစ္ဆာဒိဋ္ဌိ မဖြစ်နိုင်၊ မိမိ၏ သားသမီးတို့လည်း မဖြစ်နိုင်၊မိမိ၏လင်ကိုသာ ဗုဒ္ဓဘာသာ ဖြစ်အောင်ကြံစည်ရာ၏။

ဗုဒ္ဓဘာသာ၏ တရားအစစ်ကို တစ်တစ်ခွခွ၊ ကျကျ နန၊ မတတ်မလိမ်မာသော၊ မိန်း မ က လေး များ သည်၊ ဘာသာကွဲနှင့် အိမ်ထောင်ပြုလိုက်လျှင်၊ ဗုဒ္ဓဘာသာကို စွန့်လွှတ်၍ မိစ္ဆာဒိဋ္ဌိအယူကိုသာ လိုက်သွား, ပါသွားသူ များကြပေသည်။

# ကြော်ငြာ

ဍင်းမိန်းမကလေးက၊ ပေါက်ပွါးသော သားသ္မီးတို့ သည်လည်း။ မိစ္ဆာဒိဋ္ဌိသား၊ အကုန် ဖြစ်ကြလေကုန်၏။ ယင်းကဲ့သို့၊ သာသနာ အရင်းအမြစ်ကျပုံ။ သာသနာ ကြီးပွါးအောင်စီမံပုံ၊ သာသနာပျက်စီးပုံ၊ သာသနာ ကြိုးပုံ၊ပေါက်ပုံတို့ကို၊ အကျယ်နှင့်သိလိုလျှင်၊ ဘာသာ စစ်တမ်း အလင်းကျမ်းမှာကြည့်လေ၊ ငါတို့နှင့်တွေ့က လည်း၊လျှောက်ထားလျှင် ပြောပြပါအံ့။

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

# ပဋိစ္စသမုပ္ပါဒ်လမ်း

## မေးဖြေကျမ်း။

---

မေး။ ။ဗုဒ္ဓဘာသာဆိုသော စကားသည်၊ ဗမာစကားသက်သက်၊ ဘယ်လိုခေါ်ပါသနည်း။

ဖြေ။ ။ဗုဒ္ဓက၊ သစ္စာလေးပါး တရားကို၊ အလိုလို မိမိကိုယ်တိုင် ထိုးထွင်း၍သိပြီး သူတပါးအား၊ ဟောပြောနိုင်သောဘုရား။ ဘာသာက၊ အ့လေ့အကျင့်၊ အယူအဓိပ္ပါယ်၊ သစ္စာလေးပါးတရားကို၊ အလိုလိုထိုးထွင်း၍သိပြီး၊သူတပါးအား၊ဟောပြောနိုင်သောမြတ်စွာဘုရား၏ အလေ့အကျင့်၊ အယူအတိုင်းဖြင့်၊ လိုက်နာကျင့်ကြံသူများကို၊ ဗုဒ္ဓဘာသာဟု၊ မဂ္ဓရာဇ်တိုင်းသားများ ပြောဆိုကြသော၊ မာဂဓဘာသာ၊ ပါဠိစကားအားဖြင့်၊ ခေါ်ခြင်းဖြစ်ပါသည်။

မေး။ ။ဗုဒ္ဓဘာသာအစစ်ဖြစ်အောင်၊အဘယ်ကဲ့သို့ လိုက်နာကျင့်ကြံရပါမည်နည်း။

ဖြေ။ ။ဗုဒ္ဓဘာသာ အစစ် ဖြစ်တော်မူသော၊အရှင်ဂေါတမမြတ်စွာဘုရားသည်၊မဂ်လေးပါး၊ ဖိုလ်လေးပါး တရားကို၊ကျင့်ကြံပွါးများ၍ နိဗ္ဗာန်ကို စံဝင်တော်မူသည့်အတိုင်း၊ လိုက်နာကျင့်ကြံရမည်ဖြစ်သည်။

မေး။ ။မဂ်တရား၊ ဖိုလ်တရားကို၊ အဘယ်ကဲ့သို့ ကျင့်ကြံရမည်နည်း။

ဖြေ။ ။သောတာပတ္တိ မဂ် ဖိုလ်၊ သကဒါဂါမိ မဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တ မဂ် ဖိုလ် ဟု၊ အကျဉ်းအားဖြင့် လေးမျိုး အကျယ်အားဖြင့်၊ ရှစ်မျိုးရှိရာတွင် ပဌမ သောတာပတ္တိ မဂ်ဖိုလ်ကိုရအောင်၊ ကျင့်ကြံပြီးမှ၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်အောင်၊ ကျင့်ကြံပွါးများအားထုတ်ရပါသည်။

မေး။ ။သောတာပန် ဖြစ်အောင်၊ အဘယ်ကဲ့သို့၊ ပြုကျင့်ရပါမည်နည်း။

ဖြေ။ ။အန္ဓပုထုဇ္ဇန်မှ၊ ကလျာဏပုထုဇ္ဇန်၊ ကလျာဏ ပုထုဇ္ဇန်မှ၊ သောတာပန် ဖြစ်အောင်၊ ကျင့်ကြံရပါသည်။

မေး။ ။အန္ဓပုထုဇ္ဇန်၊ ကလျာဏ ပုထုဇ္ဇန်ဆိုတာ၊ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်ပါသနည်း။

ဖြေ။ ။ပရမတ္ထ သဘာဝဖြစ်သော၊ ရုပ်နာမ်ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ် ဓာတ်သစ္စာတရားတို့ကို သင်ကြားခြင်း၊ မေးမြန်းခြင်း၊သူတပါးကဟောပြောသည်ကို နာခံမှတ်

သွားခြင်းအရ၊ နှုတ်တက် လေ့ကျက်ဆောင်ထားခြင်း မရှိသူကို အန္ဓပုထုဇ္ဇန်လူမိုက်ဟု ခေါ်ပါသည်။ ရုပ်နာမ် ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ် ဓာတ်သစ္စာတရားတို့ကို သင်ကြားခြင်း မေးမြန်းခြင်း၊ သူတပါးက ဟောပြောသည်ကို နာခံမှတ်သာခြင်း၊ အရ နှုတ်တက် လေ့ကျက်ဆောင်ထားခြင်း၊ပုဂ္ဂိုလ် သုတဝါ၊ ငါသူတပါး- ယောကျ်ား မိန်းမ၊ အထင်အမြင် ပျောက်၍၊ သောတာပန် ဖြစ်နိုင်သော သက္ကာယဒိဋ္ဌိတရားကို ပယ်နည်း၊ သတ်နည်းနှင့် တကွ ကျွမ်း ကျင် လိမ္မာသော ပုဂ္ဂိုလ်ကို ကလျာဏ ပုထုဇ္ဇန်လူလိမ္မာဟု ခေါ် ဆိုရပါသည်။

မေး။ ။ပါဠိဘာသာစကားဖြင့်။အဘယ်ကဲ့သို့ ပြဆိုကြပါသေးသနည်း။

ဖြေ။ ။ယဿခန္ဓာဓာတုအာယတနာဒီသု။
ဥဂ္ဂဟပရိပုစ္ဆာ သဝန၊ဒါရနပစ္စဝေက္ခဏာနိနတ္ထိ။
အယံအန္ဓပုထုဇ္ဇနော။ ယဿတာနိ အတ္ထိ၊ သော
ကလျာဏ-ပုထုဇ္ဇနော။

ယဿ။ရဟန်းရှင်လူ မည်သူမဆိုအကြင်ပုဂ္ဂိုလ်အား၊ ခန္ဓာဓာတုအာယတနဒီသု ခန္ဓာငါးပါး ဓာတ်ခြောက်ပါး ဓာတ်-၁၈ ပါး-ဓာတ်လေးပါး-အာယတန-၁၂ ပါးတို့၌၊ ဥဂ္ဂဟပရိပုစ္ဆာသဝန၊ဒါရနပစ္စဝေက္ခဏာနိ။ အဘန်တလဲလဲ မေးမြန်းခြင်း၊ သင်ကြားခြင်း၊ သူတပါးကဟောပြောသည်ကို နာခံမှတ်သားခြင်း၊ နှုတ်တက်လေ့လာ၊ စိတ်မှာဆောင်ထားခြင်း၊ အဘန်တလဲလဲ ဉာဏ်ဖြင့်၊ ကြံစည်စဉ်းစား။နှလုံးထားခြင်းတို့သည်။နတ္ထိ။မရှိကြလေ

ကုန်။ အယံ၊ ဤတောင်စွာ ဟျော်စွာ လူဖြစ်လာ၍၊ ခန္ဓာ အာယတနဓာတ်,စသည်များကို၊ သင်ကြားဆောင်ရွက်၊ နှုတ်တက်လေ့လာ။ ဉာဏ်မှာကပ်၍၊ ဆုံးဖြတ်စဉ်းစား၊ နှုလုံးထားခြင်းမရှိသူ၊ လူ့ရှင်ရဟန်းသည်၊ အန္ဓပုထုဇ္ဇနော၊ ငါငါထင်တာ၊ ပျော်အောင်ကွာအောင် တတ်နိုင်သော၊ ဝိပဿနာ- ပညာဉာဏ် မျက်စိကန်းကြ၍၊ အန္ဓပုထုဇ္ဇန် တွေသာဖြစ်ကြလေကုန်၏။ ယဿ၊ ရဟန်းရှင်လူမည်သူ မဆိုအကြင် ပုဂ္ဂိုလ်တို့အား။ တာနိ၊ ထိုခန္ဓာအာယတန ဓာတ်-စသည်များကို၊ သင်ကြားဆောင်ရွက်။ နှုတ်တက် လေ့လာ၊ ဉာဏ်မှာကပ်၍၊ ဆုံးဖြတ်စဉ်းစား၊ နှုလုံးထား ခြင်းတို့သည်၊အတ္ထိ။ရှိလေကုန်၏။ သော။ ထိုကြီးမားမြင့် မောက်ကံကောင်းထေံခါလူဖြစ်လာ၍၊ ခန္ဓာအာယတန ဓာတ် စသည်များကို၊ သင်ကြားဆောင်ရွက်၊ နှုတ်တက် လေ့လာ၊ ဉာဏ်မှာကပ်၍ ဆုံးဖြတ်စဉ်းစား၊ နှုလုံးထားနိုင် သူ လူ့ရှင်ရဟန်းသည်၊ ကလျာဏပုထုဇ္ဇနော၊ ဝိပဿနာ ဉာဏ်၊ ရင့်သန်ပေသူ။ လူ့ရှင်ပညာရှိကြီးတို့နှင့် တွေ့လိုက် က၊ မဂ်ရရန် အလွန်နီးလှသော- ကလျာဏ ပုထုဇ္ဇန်ကြီး တွေသာ မည်ကုန်၏။

မေး။ ။သောတာပတ္တိ မဂ်ဖိုလ်,နိဗ္ဗာန်ကို, ရလျှင်၊ အဘယ်မျှ လောက်သော အကျိုးကို၊ ခံစား, စံစား, ရပါသနည်း။

ဖြေ။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ လင်,သား မယား ရတနာရွှေ ငွေ,တို့ကိုမစွန့်မပစ်ရဘဲလျက်။အပါယ်တံခါး ပိတ်ပြီး၊အကြာဆုံးခုနစ်ဘဝ။ ကာမဂုဏ်ကို ယက်မလွှတ်

ဘဲလျက်။နိဗ္ဗာန်ကို စံဝင်ရခြင်း။ ။နောက်ကာဖြစ်၍လာခဲ့
သော-ဘဝတို့သည် ယခုအထိ-အနန္တ၊ ရှေ့ကိုဖြစ်ရမည့်
ဘဝ, အနန္တ တို့တွင်၊ မိမိဘဝကို ပိုင်းခြား ဝေဘန်၍။
တဘဝ နှစ်ဘဝ, စသည်နှင့်။ ငါနိဗ္ဗာန်ကို သွားမည်ဟု။
သူ့ဘဝကို သူတော် နိုင်၍၊ သူတော်ကောင်း အစစ်-
သောတာပန်-ဖြစ်ရခြင်း။ ။အပါယ်လေးပါး။ သံသရာ
တသွယ်။ လူပြည်-နတ်ပြည်။ ကာမဂုဏ် အလွန်ပေါတဲ့၊
ကာမသုဂတိ-ခုနစ်ဘုံ၊သံသရာတသွယ်၊ ဗြဟ္မာနှစ်ဆယ်၊
သံသရာဘသွယ်၊ ဤသံသရာ သုံးကြောင်း သုံးသွယ်တို့၌။
ကျင်လည်ပြေးသွား၍နေရတာ အောက်သံသရာဖြစ်သော
ငရဲ တိရစ္ဆာန် ပြိတ္တာအသူရကာယ် အပါယ်လေးပါးသို့
မရောက်ရ၍ငြိမ်းဧရခြင်း။ကုသိုလ်ကောင်းမှုပြုရာ၌လည်း
အန္ဓပုထုဇ္ဇန်များပြုကြသော၊ကုသိုလ်မျိုးနှင့်မတူ၊ ကုသိုလ်
ပြုသမျှခံစားဘို့သာ ဖြစ်ရခြင်း၊ ။ဥပမာ။စားရိက္ခာမလုံ
လောက်သော လယ်သမားတယောက်။ လယ်တထောင်
သီးကို လုပ်ကိုင်ရာ၊ လယ်က စပါးတထောင် သီး၍
ပေးပါသော်လည်း၊ စားရိက္ခာမလုံလောက်၍၊ ကောက်
စိုက်ခ, စရင်းငှါး- စပါးပေး စားကျေးကိုဆပ်ရ၍ဘာမျှ
မကျန်၊ ကောက်သွနှင့်- စကောတောင်, ဇပြာနိုင်မှ
ကျန်တော့သည်၊ ဆိုသော စကားကဲ့သို့။ အန္ဓပုထုဇ္ဇန်
လူမိုက်များ ပြုကြ ကျင့်ကြသော။ ဒါန-သီလဘာဝနာ-
စသော။ လောကီ ကုသိုလ်ကောင်းမှု တို့သည်၊ အပါယ်
ကျေးတွေ ချိန်မိရသည် အတွက်။လူစား နတ်စားပြန်၍၊
တဘဝဖြစ်ဘို့ရာ၊ဝမ်းစာကိုမျှ၊ အနိုင်နိုင်ခဲရလေတော့၍၊

ကလျာဏ ပုထုဇ္ဇန် သောတာပန် အရိယာတို့ ပြုကျင့်ကြသော၊ဒါန-သီလ-ဘာဝနာ-လောကီကုသိုလ်တို့သည် စားရိက္ခာ အလုံအလောက်၊မြောက်မြောက်-မြားမြားနှင့်။ လယ်လုပ်သော ယောကျ်ားနှင့် တူ၏။ မိမိလယ်ကသီး၍ ပေးသမျှ၊ ကျွေးဆပ်စရာမရှိ၍၊ အပို အမိုသာ - ဖြစ်ကုန်၏။ ထို့အတူ၊ ရရှိသမျှ ကုသိုလ်ကောင်းမှုတို့သည်၊ အပေါ်ယံ လေးပါးကျွေးဆပ်စရာမရှိ၍၊အပိုအမို၊စံစားခံစားတို့သာ ဖြစ်ကုန်သကဲ့သို့၊အမျိုးမျိုးသော ချမ်းသာသုခ,ဘဝတို့ကို ရရှိပြီး နိဗ္ဗာန်ကို ဝင်စံရခြင်းအကျိုးရှိပါသည်။

သောတာပန်ပုဂ္ဂိုလ်ဖြစ်ရခြင်း၏ အကျိုးစီးပွား၊ ချမ်းသာသုခအမျိုးမျိုးကို၊ အကျယ်အားဖြင့် သိလိုလျှင်၊ ငါတို့ စီရင်ရေးသားသော သောတာပန်လမ်း- အလင်းကျမ်း။ ဒုတိယပြင်ချက်၊ ရိုက်နှိပ်သော စာအုပ်မှာကြည့်လေ။

မေး။ ။အန္ဓပုထုဇ္ဇန်မှကလျာဏပုထုဇ္ဇန်၊ကလျာဏမှသောတာပန်ဖြစ်အောင်၊ပြုကျင့်ရမည်ဆိုသည့်အတိုင်း။ ကလျာဏ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၊ ကျွမ်းကျင် လိမ်မာ တတ်မြောက်ရသော၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တွင်၊ အဝိဇ္ဇာ ဆိုသော၊ ပါဠိဘာသာ စကားသည်၊ ဗမာလို၊ အဘယ်ကဲ့သို့ ခေါ်ပါသနည်း။

ဖြေ၊ ။အဝိဇ္ဇာသည် မတတ်ခြင်း။မသိ မလိမ္မာခြင်း။ တွေဝေမိုက်မဲ အမြင်နဲ့ခြင်း၊ဟုတ်မှန်တိုင်းကို၊ မသိအောင် ဖုံးဖိ ကွယ်ကာ ထားခြင်းဟုခေါ်ပါသည်။

မေး။ ။အဘယ်မျှလောက်၊မတတ် မသိ၍၊ တွေဝေမိုက်မဲ အမြင်နဲ့သည်ဟု ခေါ်ပါသနည်း။

ဖြေ။ ။ဘုံ သုံး ဆယ့် တစ် ၌၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာ ငါးပါးကောင်ကြီး ဖြစ်၍နေခြင်းသည်။ ဒုက္ခဇကန်ဘဲဟု၊ ပိုင်း ခြား ဝေ ဘန်။ ပ ရ မတ် ဉာဏ် ဖြင့်၊ ဒု က္ခ သစ္စာကို မသိခြင်းတပါး။ ဤခန္ဓာငါးပါး၊ ဒုက္ခအမှု၊ ဒုက္ခစုတို့ကို ဖြစ် စေ တတ် သော၊ တဏှာ- လောဘ- မာန- ဒိဋ္ဌိ တည်းဟူသော၊ အရင်းအမြစ်တရား၊ သမုဒယ သ စ္စာကို မသိခြင်းတပါး။ ။တဏှာဒိဋ္ဌိ၊ သမုဒယသစ္စာချုပ် ငြိမ်း ခြင်း၊သဥပါဒိသေသနိဗ္ဗာန်ဖြင့်၊နိရောဓသစ္စာကိုမသိခြင်း တပါး။ ။ဤဒုက္ခ၊ သမုဒယနှစ်ပါးတို့ကို၊နိုင်နင်းသော ပညာ,သီလ,သမာဓိ, တည်းဟူသော မဂ္ဂင်ရှစ်ပါး၊ မဂ္ဂ သစ္စာ၊အကျင့်အမြတ်တရားကို၊ မသိခြင်းတပါးအားဖြင့်၊ ပေါင်း သစ္စာလေးပါး တ ရား ကို မ သိ ခြင်း ကြောင့်၊ အဝိဇ္ဇာဟု ခေါ်ပါသည်။

မေး။ ။ဤ သစ္စာလေးပါး တရားစကားသည်၊ဗမာ လို အဘယ်ကဲ့သို့ ပြန်ဆိုပါသနည်း။

ဖြေ။ ။သစ္စဆိုသော စကားသည် အမှန်ဟုခေါ် သည်။ဒုက္ခကို၊ ဆင်းရဲခြင်းဟု ခေါ်သည်။ ဒုက္ခသစ္စာ၊ ဆင်းရဲတာအမှန်။ ။သမုဒယက ဆင်းရဲတာကို ဖြစ်စေ တတ်တဲ့ တဏှာဒိဋ္ဌိ၊ အ ကြောင်း တ ရား နှစ် ပါး ကို ခေါ်သည်။သမုဒယသစ္စာ ဆင်းရဲတတ်တဲ့ အကျင့်အယူ တရားနှစ်ပါးအမှန်။ ။နိရောဓက။ဆင်းရဲတတ်တဲ့အကျင့် အယူချုပ်ခြင်း ဆင်းရဲတဲ့ ခန္ဓာကောင်ကြီး ချုပ်ခြင်းကို ခေါ်သည်။ နိရောဓသစ္စာ၊ဆင်းရဲတတ်တဲ့ အကျင့်အယူ၊ ဆင်းရဲတဲ့ ခန္ဓာကောင်ကြီးနှစ်ပါးတို့၊ချုပ်ငြိမ်းတာအမှန်၊

မဂ္ဂက-ဆင်းရဲကောင်ကြီးကို ဖြစ်စေတတ်တဲ့ အကျင့်
အယူ၊တဏှာဒိဋ္ဌိ တရားနှစ်ပါးကို၊ နိုင်ခြင်းဟု ခေါ်သည်။
မဂ္ဂသစ္စာ၊ ဆင်းရဲတဲ့ ခန္ဓာကောင်ကြီးကို ဖြစ်တတ်ထဲ့
နှစ်ပါးနိုင်ခြင်း တရားအမှန်၊ဤ အမှန်လေးချက်ကို၊သစ္စာ
လေးပါးဟု ခေါ်ပါသည်။

မေး။ ။အဝိဇ္ဇာ ဆိုသော စကားနှင့်၊ အဓိပ္ပါယ်
သဘော တူမျှသော၊ ပါဠိတော် အဋ္ဌကထာ၊ ဋီကာ
စကားများကို၊ဗမာလိုပြန်ဆို၍ပြပါ။

ဖြေ။ ။မောဟ၊အသိအလိမ်မာ၊ပညာမပေါ်ပေါက်
နိုင်အောင် ဖုံးလွှမ်းခြင်း။ ။လောဘ-ဒုက္ခကို ဖြစ်စေ
တတ်သောအယူ အကျင့် တတ်နှစ်သက်ခြင်း။ ။ဒေါသ-
ဒုက္ခအပူအစုတို့ကို ဖြစ်အောင် စိတ်ဆိုးခြင်း။ ။ဒုပ္ပညော၊
ဉာဏ်ပညာမရှိခြင်း။ ။ဥမ္မတ္တက၊ အရူး အမိုက်, ဗာလ,
လူမိုက်၊ ခိတ္တစိတ္တာ၊ စိတ်မနှန့်သူ၊ စိတ်ပြန့်လွင့်သူ။ ။
ဠေမူဂါ၊လူဆွံ့၊ လူအ' လူနုံ၊လူနံ။ ။အန္ဓ၊ သံသရာထွက်
ကြောင်းတရားကို မသိခြင်း။ ။ဒုဿီလ၊ အကျင့်မြတ်
တရား မရှိသူ၊ ဤသို့အားဖြင့်၊ အဝိဇ္ဇာနယ်သား၊ ပါဠိ
ဘာသာစကား အမျိုးမျိုးခေါ်ဆိုကြပါသည်။ ။အကျယ်
အားဖြင့်၊ အကုသိုလ်စိတ်၊ စေတသိက်၊ ကာမာဝစရ
ကုသိုလ်စိတ်၊ စေတသိက်၊ အရူပါဝစရ ကုသိုလ်စိတ်၊
စေတသိက်တည်းဟူသော ပါဠိဘာသာ စကားတို့ကို၊
ဗမာလိုပြန်ဆို၍ပြောမှ ကုန်စင်စွာ သိနိုင်ကြောင်းဖြစ်ပါ
သည်။ အကျဉ်းအားဖြင့်၊ သုံးဆယ့်တဘုံ ဖြစ်စေတတ်

သော၊ စကားတရားစုတို့သည်၊ အဝိဇ္ဇာ၁နယ်သားချည့် ဖြစ်ပါသည်။

---

မေး။ ။အဝိဇ္ဇာသည်၊ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ။ ။သစ္စာလေးပါး၌ သစ္စာအနက် ၂-ချက်၊ ၄-ချက်၊ ၁၂-ချက်၊ ၁၆-ချက်၊ ၆၄-ချက်၊ ၂၅၆ ချက် တည်းဟူသော သစ္စာဉာဏ်ကို မသိအောင် ဖုံးဖိကွယ် ကာ၍ထားသော အဝိဇ္ဇာတမျိုး။ ။သစ္စာ လေး ပါး ၌ ပြုကျင့်စရာကိစ္စတွေရှိတာကို မသိအောင် ဖုံးဖိကွယ်ကာ ၍ထားသော အဝိဇ္ဇာတမျိုး၊ သစ္စာလေးပါး၌ ပြုကျင့် ဘွယ်ကိစ္စတရားတို့ကို၊ မပြုကျင့်နိုင်အောင် ဖုံးဖိကွယ် ကာယ်၍ထားသောအဝိဇ္ဇာတမျိုးအားဖြင့် အဝိဇ္ဇာသုံးမျိုး ရှိပါသည်။

မေး။ ။သစ္စာအနက်တို့ကို ကုန်အောင် ဖြေဆို၍ ပြပါ။

ဖြေ။ ။သမုဒယသစ္စာသည်၊ အကြောင်း တရား၊ ဒုက္ခသစ္စာသည် အကျိုးတရား၊ ၎င်းသစ္စာနှစ်ပါးသည်၊ ဝဋ်သစ္စာခေါ်သည်။သံသရာမှ မထွက်နိုင်၊မဂ္ဂသစ္စာသည် အကြောင်းတရား၊ နိရောဓသစ္စာနိဗ္ဗာန်သည် အကျိုး တရား၊၎င်းသစ္စာနှစ်ပါးကဝိဝဋ္ဋသစ္စာခေါ်သည်။သံသရာ မှ ထွက်မြောက်သောတရားဖြစ်သည်။ ။သစ္စာ အနက် နှစ်ပါး။

သစ္စာလေးပါးအနက်ကား။ ။နောက်ကပြပြီးဖြစ်၍

မပြလိုက်ပြီ၊ သစ္စာလေးပါး၌၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊သုံးပါးစီပွါးလိုက်လျှင်၊ ဆယ့်နှစ်ပါးဖြစ်၏။ ဒုက္ခသစ္စာ၌၊ ပိဠနဋ္ဌော၊ နှိပ်စက်တတ်သောအနက်၊ သင် တဋ္ဌော၊ပူပြင်တတ်သောအနက်၊ သင်္ခတဋ္ဌော၊ပူလောင်စေတတ်သော အနက်၊ ဝိပရိဏာမဋ္ဌော၊ဖောက်ပြန်တတ်သော အနက်အားဖြင့် လေးပါး၊ သမုဒယသစ္စာ၌၊ အာယူဟနဋ္ဌော၊ ဒုက္ခမှုတို့ကို ပွါးများ အားထုတ်သော အနက်။ နိဒါနဋ္ဌော၊ ဒုက္ခမှုတို့ကို မပြတ်အောင်ဆောင် ထားခြင်းအနက်။ သံယောဂဋ္ဌော၊ ဝဋ်ဆင်းရဲ၌ ရှည်စေ တတ်သော အနက်၊ ပလိဗောဓဋ္ဌော၊ ဒုက္ခဝဋ်မှ မလွတ်ရ အောင် နှောင်ဘွဲ့တတ်သော အနက်အားဖြင့် လေးပါး။ နိရောဓသစ္စာ၌၊ အမတဋ္ဌော၊ သေခြင်းကင်းသောအနက်။ အသင်္ခတဋ္ဌော၊ ပူပြင်ခြင်းကင်းသောအနက်၊ နိဿရဏ ဋ္ဌော၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်သောအနက်၊ ဝိဝေကဋ္ဌော၊ ကိလေသာမှ ဆိတ်ငြိမ်သောအနက်အား ဖြင့် လေးပါး။ မဂ္ဂသစ္စာ၌၊ နိယျာနဋ္ဌော၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အနက်။ ဟေတုဋ္ဌော နိဗ္ဗာန်သို့ရောက် ကြောင်း ဖြစ် သော အနက်။ ဒဿနဋ္ဌော၊ နိဗ္ဗာန် ကို ရှေးဦးစွာ မြင်တတ်သော အနက်။ အဓိပတေယျဋ္ဌော၊ မိမိ ကိုယ်ကို မိမိသာလျှင်၊ အကြီးအမှူးပြုတတ်သော အနက် အားဖြင့် လေးပါး၊ပေါင်း သစ္စာအနက် ၁၆-ချက်ဖြစ်ပါ သည်။ ၆၄-ချက်၊ ၂၅၆-ချက်တို့ကိုသိလိုလျှင် လယ်တီ ဆရာတော်ဘုရား-စီရင်ရေးသားသော စတုသစ္စဒီပနီမှာ ကြည့်လေ။

မေး။ ။သစ္စာဉာဏ်ကို သိရပါပြီ၊ ကိစ္စဉာဏ်ကို ရှင်းလင်းစွာ ဖြေဆို၍ပြပါ။

ဖြေ။ ။ဒုက္ခသစ္စာ၊ ပရိညာယ၊ဆင်းရဲတာ မှန်သမျှကို ပိုင်းခြားဝေဘန်၍ ဝိပဿနာဉာဏ်ဖြင့် ရှုကြည့်ရခြင်း။ ကိစ္စဉာဏ်၊ သမုဒယသစ္စာ ပဟာနေန၊ ဒုက္ခကို ဖြစ်စေတတ်သော တဏှာဒိဋ္ဌိတရားနှစ်ပါးကို၊ဝိပဿနာဉာဏ်ဖြင့် ပယ်ဖြတ်ရခြင်း ကိစ္စဉာဏ်၊ နိရောဓသစ္စာ၊ သစ္ဆိကရဏာဒ္ဓာရ၊ နိဗ္ဗာန်ကို ဝိပဿနာဉာဏ်ဖြင့် မျက်မှောက် ပြုရခြင်း ကိစ္စဉာဏ်၊ မဂ္ဂသစ္စာဘာဝနာ၊ ဘာဝေရ၊သောတာပတ္တိမဂ်၊သကဒါဂါမိမဂ်၊အနာဂါမိမဂ်၊ အရဟတ္တမဂ် တည်းဟူသောမဂ်လေးပါး၌ တပါးပါးကိုဖြစ်စေ၊ လေးပါးစလုံးကိုဖြစ်စေ ရအောင်၊ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားတို့ကို မနေမနား ပွါးများရခြင်း ကိစ္စ ဉာဏ် အားဖြင့်၊ သစ္စာ လေးပါး၌ ပြုဘွယ် ကိစ္စ၊ ဝိပဿနာဉာဏ် လေးပါးရှိသည်။

မေး။ ။ကိစ္စဉာဏ်ကို သိရပါပြီ၊ ကတဉာဏ်ကို အဘယ်ကဲ့သို့ သိရပါမည်နည်း။

ဖြေ။ ။ဒုက္ခသစ္စာ၌၊ ဝိပဿနာဉာဏ်ဖြင့်၊ ပိုင်းခြားဝေဘန်၍ ကြည့်ရှုရန်၊ ကိစ္စ ရှိသည့်အတိုင်း ရှုနိုင်ခြင်း ကတဉာဏ်။ ။သမုဒယသစ္စာ၌ ဒုက္ခကို ဖြစ်စေတတ်သော တဏှာ ဒိဋ္ဌိ တရားနှစ်ပါးကို၊ ပယ်ဖြတ်ရန် ကိစ္စ ရှိသည့်အတိုင်း၊ ဝိပဿနာဉာဏ်ဖြင့် ပယ်နိုင်ခြင်း- ကတဉာဏ်၊ နိရောဓသစ္စာ၌၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကိစ္စ ရှိသည့်အတိုင်း၊ ဝိပဿနာ,ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်

ခြင်း ကတညုတ်။ ။မဂ္ဂသစ္စာ၌၊ မဂ်လေးပါးတွင်၊ တပါးပါးကို ရအောင်၊ ရုပ်နာမ်, ခန္ဓာ-ပဋိစ္စ သမုပ္ပါဒ် ခေတ်သစ္စာတို့ကို၊ သင်ကြားလေ့ကျက်ပြီးလျှင်၊ ပရမတ္ထ သဘာဝတ္တဖြစ်သော ရုပ်ခေတ်-နာမ်ခေတ်တို့ကို၊ ထင်မြင်အောင် ပွါးများရန် ကိစ္စ ရှိသည့်အတိုင်း မဂ္ဂင်၅ါးပါး ဝိပဿနာတရားကို၊ပွါးများနိုင်ခြင်း-ကတညုတ်အားဖြင့် သစ္စာလေးပါး၌ ကတညုတ်လေးပါး ရှိပါသည်။

မေး။ ။သောတာပန်-ပုဂ္ဂိုလ်သည်၊ အဝိဇ္ဇာ သုံးမျိုးတို့တွင်၊ ဘယ်အဝိဇ္ဇာကို အကြွင်းမရှိ ပယ်ဖြတ် နိုင်ပါသနည်း။

ဖြေ။ ။သစ္စာလေပါး၌၊ သစ္စာဉာဏ်ကို မသိအောင် ဖုံးဖိကွယ်ကာ၍ထားသော၊အဝိဇ္ဇာတမျိုးကိုသာအကြွင်းမရှိ၊ သောတာပန်ပုဂ္ဂိုလ်တို့ ပယ်သတ် နိုင်ပါသေးသည်၊ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်များမှ၊ ကိစ္စဉာဏ်ကို ဖုံးကွယ်၍ထားသော၊ အဝိဇ္ဇာတမျိုးကိုတက်၍ ပယ်သတ် နိုင်ပါသည်။ ရဟန္တာဖြစ်မှ ကတညုတ်ကို ဖုံးဖိကွယ်ကာ၍ ထားသော၊ အဝိဇ္ဇာကို တက်၍ ပယ်သတ်နိုင်သဖြင့်၊ အဝိဇ္ဇာသုံးမျိုးလုံး ပြတ်ပါသည်။

မေး။ ။ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏၊ တရားဒေသနာသဘော အလိုအားဖြင့် သိရပါပြီ၊ ကျန်းဂန်မစုံ၍ တရားသဘော အကုန်မသိကြသော၊ အနုံ-အနု-လူဗာလတို့က၊ အဝိဇ္ဇာသုံးမျိုး ရှိသည်ကို မကြားဘူး၍ မေးသည်ရှိသော်၊ထိုသူတို့သဘောကြွေလည်အောင်၊ပုဂ္ဂလ,ဒိဋ္ဌာန်ကြောင်း၌၊ မည်သူတို့ကို ပြပါသနည်း။

ဖြေ။ ။အရှင်သာရိပုတ္တရာကိုယ်တော်သည်၊ ရာဇဂြိုဟ်ပြည်၌၊ အရှင် အဿဇိနှင့်တွေ့၍၊ သစ္စာလေးပါး တရားကိုဟောသဖြင့်၊သစ္စာဉာဏ်ကိုသာသိသေးသည်၊ဤအသိမျှလောက်နှင့်ပင်၊ သစ္စာဉာဏ်ကို ဖုံးကွယ်သော၊ အဝိဇ္ဇာကင်းပျောက်၍၊ သောတာပန် ပုဂ္ဂိုလ် အဖြစ်သို့-ရောက်တော်မူသည်၊ ။အထက်မဂ်သုံးပါးအတွက်၊ဘယ်တရားကို ကျင့်ကြံပွါးများရမည်မသိ၍၊ အရှင် အဿဇိနှင့်တကွမြတ်စွာဘုရား, ထံတော်သို့ ကျရောက်မှ၊ ပြုဘွယ်ကိစ္စတရားကို၊ ဆုံးမ, ဟောပြသဖြင့်၊ ကိစ္စဉာဏ်ကို သိသည်အတိုင်း။ ကတဉာဏ် အားဖြင့် ပြုကျင့်၍၊ အထက်မဂ်သုံးပါး အထမြောက်သဖြင့်၊ ရဟန်း ကိစ္စတုံးတော်မူခြင်းသို့ ရောက်ပါသည်။ ။အဝိဇ္ဇာ တရားသည်၊ တခုတည်းသာ ရှိသည်ဟုဆိုပါလျှင်၊ အဝိဇ္ဇာကို ပယ်လိုက်ကတဲက၊ တခါတည်း- ရဟန္တာ ဖြစ်စရာ ရှိသည်။ ။ကိလေသာ တရားဆိုတာ၊ ပယ်သတ်လိုက်လျှင်၊အကြွင်းမရှိ ပယ်သတ်နိုင်မှ၊ အရိယာပုဂ္ဂိုလ် ဖြစ်သည်၊ ပြန်၍ကိလေသာ ကပ်လာကာ၊ ပုထုဇ္ဇန်ပုဂ္ဂိုလ် ခေါ်ဆိုသည်။အဝိဇ္ဇာ ကိလေသာကို၊ သောတာပန်ပုဂ္ဂိုလ်က၊ တခါတည်း ပယ်သတ် လိုက်လျှင်၊ နောင်ပြန်၍ ကပ်လာခြင်းမရှိဟုမှတ်လေ။ ။အချို့ပုဂ္ဂိုလ်များက၊ သောတာပန်ပုဂ္ဂိုလ်သည်၊အဝိဇ္ဇာကို တဒင်္ဂပဟာန်သာ-ပယ်နိုင်သည်၊သမုစ္ဆေဒ မပယ်နိုင်ဟု၊ ရမ်းပြော- မှန်းပြော၊ ရမ်းတုပ်မှန်းတုပ်, ဆရာတို့ စကား ကိုလဲ၊ တောင်သူ လှော်နံထားထစ်၊ မှတ်မထားလေနှင့်။ ။အကျယ်နှင့် တကွ၊

သချောစွာ သိလိုလျှင်၊ ငါတို့- စီရင် ရေးသားသော၊ ဒုတိယပြင်ချက်၊ သောတာပန်လမ်း- အလင်းကျမ်းမှာ ကြည့်လေ။

---

## သင်္ခါရ၊ အမေး-အဖြေ

မေး။ ။အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ-ဟု၊ ဟောတော်မူသည့်အတိုင်း၊ အဝိဇ္ဇာတရားယုတ်ကို၊ စိတ်တွင်း၌ အမြဲ ထိန်းအောင်းရှိနေသမျှ ကာလ ပတ်သုံး၊ ဖြစ်ပေါ်လာရသောသင်္ခါရ ဆိုသောပါဠိစကားသည်၊ ဗမာလိုအဘယ် ကဲ့သို့ခေါ်ပါသနည်း။

ဖြေ။ ။ရုပ်နာမ်ခန္ဓာ ဒုက္ခကောင်ကြီးကို၊ အစဉ်မပြတ် ဆက်ခါဆက်ခါဖြစ်အောင် ပြုပြင်စီရင်ခြင်းကို၊ သင်္ခါရ-ဟု ခေါ်ပါသည်။

မေး။ ။သင်္ခါရသည်၊ ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ ။ပုညာဘိသင်္ခါရ၊အပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရ၊ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ အားဖြင့်၊ပိဘင်းပါဠိတော်၌ခြောက်မျိုး၊ သင်္ခါတသင်္ခါရ အဘိသင်္ခါတသင်္ခါရ၊အဘိသင်္ခရဏက သင်္ခါရ၊ပယောဂါဘိ သင်္ခါရ အားဖြင့်၊ ပိဘင်း အဋ္ဌကထာ၌ လာသော သင်္ခါရလေးမျိုး၊ ပေါင်းဆယ်မျိုး ရှိပါသည်။

မေး။ ။အဘယ်တရားစုကို၊ ပုညာဘိသင်္ခါရ ခေါ်ပါသနည်း။

ဖြေ။ ။ဒါန သီလ ဘာဝနာ တည်းဟူသော၊ ပုညကြိယာ ဆယ်ပါး၊ ကုသိုလ်ကံ တို့ ကို ပြု ခြင်း ကြောင့်

ဖြစ်သော ကာမ ကုသိုလ်စိတ် ရှစ်ပါး၊ ရူပ အကုသိုလ်စိတ် ငါးပါး၊ ဤတဆယ့်သုံးပါးသော၊ ကုသိုလ် စေတနာခုရ ကို၊ သင်္ခါရ ခေါ်ပါသည်။

မေး။ ။အပုညာဘိ သင်္ခါရသည်၊အဘယ်တရားစုကို ခေါ်ပါသနည်း။

ဖြေ။ ။ဒုစရိုက် ဆယ်ပါး ကံတို့ကို၊ ပြုခြင်းကြောင့် ဖြစ်သော၊ လောဘမူစိတ် ရှစ်ပါး။ ဒေါသမူစိတ် နှစ်ပါး၊ မောဟမူစိတ်နှစ်ပါး၊ဤအကုသိုလ်စိတ်စေတနာတဆယ့် နှစ်ခုကို၊အပုညာဘိသင်္ခါရ ဟူ၍ခေါ်ဆိုပါသည်။

မေး။ ။အာနဉ္စာဘိ သင်္ခါရ-သည်၊ အဘယ်တရား စုကိုခေါ်ပါသနည်း။

ဖြေ။ ။ကာမကုသိုလ်။ရူပကုသိုလ်တို့ထက်၊ တုံလှုပ် ချောက်ချား မရှိ အောင်၊ ခိုင်မြဲ သော၊ အာရုပ္ပတရား လေးပါးကံကို၊ ပြုခြင်းကြောင့် ဖြစ်သော အရူပဗြဟ္မာ ဖြစ် စေ တတ် သည့်၊ အရူပကုသိုလ်စေတနာ လေးခုကို၊ အာနဉ္စာဘိသင်္ခါရဟု ခေါ်ပါသည်။

မေး။ ။ကာယ သင်္ခါရ၊ ဝစီ သင်္ခါရ၊ စိတ္တ သင်္ခါရ၊ သုံးပါးတို့သည်၊အဘယ်ကဲ့သို့ ထူးခြားပါသနည်း။

ဖြေ။ ။ကိုယ်ဖြင့်ပြုကျင့်အားထုတ်သော၊ဒါန၊ ပစာ ယန။ဝေယျာဝစ္စ၊ကာမကုသိုလ်စိတ်ရှစ်ခု၊ပါဏာတိပါတ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ အကုသိုလ်စိတ်ဆယ့် နှစ်ခုဟူသော၊ ကာယသုစရိုက် စေတနာ၊ကာယ ဒုစရိုက် စေတနာ နှစ်ဆယ်ကို၊ကာယသင်္ခါရဟု ခေါ်ပါသည်။

နှုတ်ဖြင့်ပြုကျင့်အားထုတ်သမျှသော၊ ပတ္တိဒါန၊ ပတ္တာ

နုမောဒနာ၊ဓမ္မဒေသနာ ကာမကုသိုလ်စိတ်ရှစ်ခု- မုသာဝါဒါ၊ဖရုသဝါစာ၊ပိသုဏဝါစာ၊သမ္ဖပ္ပလာပဝါစာ၊အကုသိုလ်စိတ် တဆယ့်နှစ်ခုဟူသော၊ ဝစီသုစရိုက်စေတနာ၊ဝစီဒုစရိုက်စေတနာ နှစ်ဆယ်ကို၊ ဝစီသင်္ခါရဟူ ခေါ်ပါသည်။

စိတ်ဖြင့်ပြုကျင့်အားထုတ်သမျှသော၊အဘိဇ္ဈာ၊ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊အကုသိုလ်စိတ်တဆယ့်နှစ်ခု၊သီလ-ဓမ္မသာဝန၊ ကာမာဝစရဘာဝနာ၊ကာမကုသိုလ်စိတ်ရှစ်ခု။ရူပါဝစရဘာဝနာ၊ ရူပကုသိုလ်စိတ်ငါးခု၊ အရူပါဝစရဘာဝနာ၊ အရူပကုသိုလ်စိတ်လေးခု အားဖြင့်။ မနော ဒုစရိုက် သုစရိုက် ကံ နှစ်ဆယ့်ကိုးခုကို၊ စိတ္တသင်္ခါရ- ဟူ၍ ခေါ်ပါသည်။

မေး။ ။ဝိဘင်း ပါဠိတော် အလိုအားဖြင့် သိရပါပြီ၊ အခြားသောပါဠိတော်တို့၌။ထိုသင်္ခါရသုံးပါးကိုအဘယ် ကဲ့သို့ ခွဲခြား၍ ပြတော်မူပါသေးသနည်း။

ဖြေ။ ။ကိုယ်၌မှီကပ်။ကိုယ်နှင့်စပ်ရမှုဖြစ်တတ်သော၊ ထွက်သက် ဝင်သက် နှစ်ပါးကို၊ ကာယသင်္ခါရ ဟူ၍ ခေါ်ပါသည်။

ရှေးအဘို့၌ ကြံစည် စဉ်းစားပြီးမှ၊ စကားကို ဆိုမြဲဖြစ်သောကြောင့်၊ ထိုကြံစည် စဉ်းစားတတ်သော၊ ဝိတက် ဝိစာရစေတသိက်နှစ်ပါးကို၊ဝစီသင်္ခါရဟူ၍ခေါ်ပါသည်၊ စိတ်၌မှီကပ် စိတ်နှင့်စပ်ရမှုဖြစ်တတ်သောသညာ၊ဝေဒနာ တရားတို့နှင့်တကွ အခြားစေတသိက် တရားတို့ကို၊ စိတ္တ သင်္ခါရဟူ၍ ခေါ်ပါသည်။

မေး။ ။ဝိဘင်းအဋ္ဌကထာ၌လာသောသင်္ခါရလေးမျိုးတို့တွင်၊ သင်္ခတ-သင်္ခါရဟူသည်၊ အဘယ်သင်္ခါရမျိုးကို ဆိုပါသနည်း။

ဖြေ။ ။အနိစ္စာဝတသင်္ခါရာစသော ပါဠိတော်တို့၌၊ ဟောတော်မူအပ်ကုန်သော။ ကံ-စိတ်-ဥတု-အာဟာရ။ ကြောင်း လေးဖြာတို့၊ ပြုပြင်ခြင်းကို ခံနေရသော၊ တေဘူမက-ရုပ်နာမ် တရားရှိသမျှတို့ကို၊ သင်္ခတ- သင်္ခါရမျိုးဟူ၍ ခေါ်ပါသည်။

မေး။ ။အဘယ်တရားစုကို၊ အဘိသင်္ခတ- သင်္ခါရဟူ၍ခေါ်ပါသနည်း။

ဖြေ။ ။ကံကြောင့်ဖြစ်သော။ တေဘူမက- ရုပ်နာမ်ခန္ဓာတရား ရှိသမျှတို့ကို၊ အဘိသင်္ခတ- သင်္ခါရမျိုးဟူ၍ ခေါ်ပါသည်။

မေး။ ။အဘယ်တရားစုကို။ အဘိသင်္ခရဏက- သင်္ခါရဟူ၍ ခေါ်ပါသနည်း။

ဖြေ။ ။တေဘူမက၊ ကာမ၊ရူပ၊ အရူပ ဟူသော၊ ကုသိုလ်, အကုသိုလ်, စေတနာ ရှိသမျှတို့ကို၊ အဘိသင်္ခရဏက-သင်္ခါရမျိုးဟူ၍ ခေါ်ပါသည်။

မေး ။အဘယ်တရားကို၊ပယောဂါဘိသင်္ခါရဟူ၍ ဆိုပါသနည်း။

ဖြေ။ ။ကိုယ်ဖြစ်သော ဝီရိယတရား၊စိတ်၌ဖြစ်သော ဝီရိယတရားကို၊ပယောဂါဘိသင်္ခါရဟူ၍ခေါ်ပါသည်။

မေး။ ။ယခု-ဖြေဆို၍ပြသောသင်္ခါရတရားစုတို့ကို။ အကျဉ်းချုပ်သော်၊သရုပ်အဘယ်မျှ ရပါသနည်း။

ဖြေ။ ။လောကီ ကုသိုလ်, ၁၇ ချနှင့်။ အကုသိုလ် ဆယ့်နှစ်ချကို ပေါင်း၍၊ လောကီကုသိုလ်, အကုသိုလ် စေတနာ နှစ်ဆယ့် ကိုးချကိုသာ၊ အဝိဇ္ဇာကြောင့် ဖြစ်ပေါ် တတ် သော၊ သင်္ခါရ သရုပ်- ထုတ် နှုတ် ကောက် ယူ ရပါသည်။

မေး။ ။ကုသိုလ်စိတ်သည်၊ နှစ်ဆယ့်တချရှိပါလျက်၊ ဘယ်အတွက်ကြောင့်၁၇-ချကိုကောက်ယူရပါသနည်း။

ဖြေ။ ။ပဋိစ္စသမုပ္ပါဒ် ဒေသနာသည်၊ သံသရာစက်ရဟတ်၏, မပြတ်အောင် လည်နေပုံကို၊ ဟောတော်မူသော ဒေသနာတော်ဖြစ်၍၊ သံသရာစက်ကို ချိုးဖျက်တတ်သော မဂ်စိတ်လေးချစေတနာကို၊ ဤအရာ၌မကောက်မယူရပါ။

မေး။ ။ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ၌၊ သင်္ခါရကြောင့် သံသရာစက် လည်နေပုံကို သိရပါပြီ၊ သင်္ခါရ ချုပ်ငြိမ်း တတ်သော မဂ်စိတ်လေးပါးတွင်၊ ပဌမ သောတာပတ္တိ မဂ်စိတ်သည်၊ အဘယ်သင်္ခါရကိုပယ်သတ်နိုင်ပါသနည်း၊

ဖြေ။ ။အပုညာဘိသင်္ခါရ၌၊စိတ်အားဖြင့်၊လောဘမူ ဒိဋ္ဌိဂုတ် သမ္ပယုတ် စိတ်လေးချနှင့်၊ မောဟမူ ဝိစိကိစ္ဆာ စိတ်တချ အားဖြင့်၊ ပေါင်း-အကုသိုလ်စိတ် ငါးချကိုသာ၊ ပယ်သတ်နိုင်ပါသေးသည်။ ။တရားကိုယ်အားဖြင့်လောဘ နှင့်တ ကွ ဖြစ် သော။ ပါ ဏာ တိ ပါတ · သူ့အသက် သတ်ခြင်း၊ ဒိဋ္ဌိနှင့်ယှဉ်သော၊ အဒိန္နာဒါန သူတပါးပစ္စည်း ခိုးယူခြင်း၊ ကာမေသု မိစ္ဆာစာရ- သူတပါ သားမယား ကျူးလွန်ခြင်း။ လောဘမူ ဒိဋ္ဌိနှင့်ယှဉ်၍။ မုသားပြောဆို

ခြင်း၊ မိစ္ဆာဒိဋ္ဌိအယူခြောက်ဆယ့်နှစ်ပါး။ ဤဒုစရိုက်ငါးပါးကိုသာ၊သောတာပန်ပုဂ္ဂိုလ်တို့၊ပယ်သတ်နိုင်ပါသည်။

မေး။ ။သကဒါဂါမိမဂ် စိတ်သည်၊ အဘယ်သင်္ခါရကို ပယ်သတ်နိုင်ပါသနည်း။

ဖြေ။ ။သကဒါဂါမိမဂ် စိတ်သည်၊ ဘယ်သင်္ခါရတရားစုကိုမျှ၊တိုးတက်၍ ပယ်သတ်နိုင်သည်ဟု၊ကျမ်းဂန်တို့၌ မလာမရှိ ဖြစ်ပါသည်။

မေး။ ။အနာဂါမိမဂ် စိတ်သည်၊ အဘယ် သင်္ခါရတရားစုကို ပယ်သတ်နိုင်ပါသနည်း။

ဖြေ။ ။အပုညာဘိ သင်္ခါရ၌၊ ဒေါသမူစိတ် နှစ်ခုကိုပယ်သတ်နိုင်ပါသည်၊ တရားကိုယ်အားဖြင့်၊ ဖရုသဝါစာဆဲရေးတိုင်းထွာခြင်း၊ ပိသုဏာဝါစာ-ကုံးတိုက်ခြင်း၊ဗျာပါဒ-ရန်ငြိုးဖွဲ့ခြင်း၊ ဤဒုစရိုက် သုံးပါးကို တက်၍၊အနာဂါမ်-ပုဂ္ဂိုလ်တို့-ပယ်သတ်နိုင်ပါသည်။

ပုညာဘိသင်္ခါရ၌၊ ကာမကုသိုလ်စိတ် ရှစ်ခုကို၊ ပယ်သတ်နိုင်ပါသည်၊တရားကိုယ်အားဖြင့်၊ဒါန သီလ ကာမာဝစရ ဘာဝနာ ပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဝသ၊ ဓမ္မဒေသနာ၊ ဤကုသိုလ်ကံ စေတနာတို့ကို၊ အနာဂါမ်ပုဂ္ဂိုလ် ပယ်သတ်နိုင်ပါသည်။

မေး။ ။အရဟတ္တမဂ်စိတ် သည်၊ အဘယ်သင်္ခါရတရားစုကို၊ ပယ်သတ်နိုင်ပါသနည်း။

ဖြေ။ ။ပုညာဘိ သင်္ခါရ၌၊ ရူပါဝစရ ကုသိုလ်စိတ်ငါးခု၊အာနဉ္စာဘိ သင်္ခါရ၌၊ အရူပါဝစရ ကုသိုလ်စိတ်လေးခု၊ ပေါင်း မဟဂ္ဂုတ် ကုသိုလ် ကိုးခုကို တက်၍

ပယ်သတ်နိုင်ပါသဖြင့်၊လောကီကုသိုလ် အကုသိုလ်စိတ်တို့ အကုန်ချုပ်ငြိမ်းပါသည်၊တရားကိုယ်အားဖြင့်၊ ရူပဘုံ၌ ဖြစ်စေတတ်သော၊ သမထဘာဝနာကမ္မဋ္ဌာန်း နှစ်ဆယ့်ခြောက်ခု၊ အရူပဘုံ၌ဖြစ်သော၊ အာကာသာနဉ္စာ ယတနအစရှိသော၊အရူပါဝစရသမထဘာဝနာကမ္မဋ္ဌာန်းတို့ကိုတက်၍၊ပယ်သတ်နိုင်သဖြင့်၊လောကီကုသိုလ် အကုသိုလ်ကံတို့ကို ဖြစ်စေတတ် ဒုစရိုက် သုစရိုက်တို့ ချုပ်ငြိမ်းခြင်း သင်္ခါရဟူသမျှ ချုပ်ငြိမ်းခြင်းသို့ ရောက်ပါသည်။

သင်္ခါရအဓိပ္ပါယ်ကို၊ ဗမာသက်သက် စကားဖြင့်သိလိုလျှင်၊ ငါတို့ စီရင် ရေးသားသော ''မေဓာဝိနော္ဒနရ-နိဗ္ဗာန်ကျမ်း''မှာ ကြည့်ရှုကြလေ။

သင်္ခါရအမေး-အဖြေပြီး၏။

---

## ဝိညာဏအမေး-အဖြေကိုပြဆိုခန်း။

မေး။ ။၍-အဝိဇ္ဇာသင်္ခါရတို့ကြောင့်ဖြစ်ပေါ်လာရသော ဝိညာဏ်သည်၊ ဗမာစကားဖြင့် ဘယ်လိုခေါ်ပါသနည်း။

ဖြေ။ ။အသိစိတ်ဟု ခေါ်ပါသည်။

မေး။ ။၍-ဝိညာဏ် စိတ်သည်၊ ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ ။စက္ခုဝိညာဏ် မျက်စိ၌ဖြစ်သော အသိစိတ်၊ သောတဝိညာဏ် နား၌ ဖြစ်သော အသိစိတ်၊ ဃာနဝိညာဏ် နှာခေါင်း၌ဖြစ်သော အသိစိတ်၊ ဇိဝှါဝိညာဏ်

လျှာနှင့်ဖြစ်သော အသိစိတ်၊ ကာယဝိညာဏ် ကိုယ်နှင့်ဖြစ်သော အသိစိတ်၊ မနောဝိညာဏ် နှလုံးအိမ်တွင်း မနောအကြည်နှင့် ဖြစ်သော အသိစိတ်၊ ပဝတ္တိ အခါနှင့်ဖြစ်သော ဝိညာဏ်ခြောက်မျိုး၊ ပဋိသန္ဓေဝိညာဏ် သန္ဓေစွဲဟူသော အခါ အသိစိတ်၊ ပဋိသန္ဓေဝိညာဏ်တမျိုး၊ ပေါင်း ခုနစ်မျိုး ရှိပါသည်။

မေး။ ။ဤဝိညာဏ်ကို ပါဠိဘာသာအားဖြင့်၊အဘယ်ကဲ့သို့ ခေါ်ကြပါသေးသနည်း။

ဖြေ။ ။ဝိညာဏ်၊ ဝိညာဉ်၊ စိတ္တ၊ ဘဝင်၊ ခဏငယ်၊ စေတနာ၊ ဇီဝ၊ အသက် ဟု ခေါ်သည်။

မေး။ ။ဤဝိညာဏ် ခေါ်နည်း များစွာကို၊ အကျဉ်းအားဖြင့်၊ ဘယ်လိုခေါ်ပါသနည်း။

ဖြေ။ ။ဤဝိညာဏ်အခေါ်တွေ များစွာကို၊ အကျဉ်းအာဖြင့်၊ နာမ်တရားဟု ခေါ်ပါသည်။

မေး ။ဝိညာဏ်ခေါ်နည်းတွေကို၊ ဗမာစကားအားဖြင့်၊ အရာဌာန ဘယ်လို သုံးစွဲခေါ်ဝေါ်ပါသနည်း။

ဖြေ။ ။ခဏငယ် ဘဝင် ဆိုသော စကားသည် အသိစိတ် မထင်ရှားသည်ကိုခေါ်ပါသည်။ ။စေတနာ စေတသိက် ဆိုသော စကားသည်၊ အသိများများ ထင်ရှားရှိသည်ကို ခေါ်ပါသည်။ ။ဇီဝ အသက်ဆိုသော စကားသည်၊ အသိစိတ် ထင်ရှားမှုမှစ၍ သိမ်းကြုံးပြီး ခေါ်ခြင်းဖြစ်သည်။

မေး။ ။ဤဝိညာဏ်ကို ဘာသာအမျိုးမျိုး လူအမျိုးမျိုး

တို့ အဘယ်ကဲ့သို့ အယူဝါဒဖြင့်၊ ခေါ်ဝေါ် ပြောဆိုကြပါသနည်း။

ဖြေ။ ။ဤဝိညာဏ်ကို၊ ဘာသာ အမျိုးမျိုးတို့က၊ အသက်- လိပ်ပြာ-ဇီဝ-သဿတ-ထာဝရ-အမြဲ ရုရ-ငါ-သူတပါး- ယောကျ်ား- မိန်းမ-ပုဂ္ဂိုလ်- သတ္တဝါ- ကျွဲ-နွား- ဆင်- မြင်း မှစ၍၊ သက်ရှိ ဟူသမျှတို့သည်၊ မိမိတို့ ဘာသာ အလျောက်၊ သဿတ ဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ တို့ဖြင့် စွဲလန်း၍၊ဤ ဝိညာဏ်ကိုပင် ငါငါဟု သံသရာတလျောက်လုံးမြဲ၏၊သဿတအယူအားဖြင့်ယူထားခြင်း၊ဤဝိညာဏ်သည်၊ သေသည့်နှင့်တပြိုင်နက်၊ တချက်တည်းပျောက်၏၊ နောက်အသစ် မဖြစ်ဟု-ဥစ္ဆေဒဒိဋ္ဌိ ယူထားခြင်းအားဖြင့်၊ အကျဉ်းနှစ်မျိုး၊ အကျယ်အားဖြင့် သုံးဆယ့်တဘုံနှင့် အပြည့်၊ အခေါ်အယူ များကြခြင်း ဖြစ်ပါသည်။

မေး။ ။ထိုပဝတ္တိဝိညာဏ် ၇-ပါးတို့ဖြင့်၊ ရေတွက်အပ်သော စိတ်တို့သည်၊ အဘယ်မျှရှိပါကုန်သနည်း။

ဖြေ။ ။ဝိပါက်စိတ် သုံးဆယ့်ခြောက်ခုတို့တွင် ဝဋ်နှင့်စပ်သော စကားကို ဟောကြားတော်မူသောအရာဖြစ်၍၊ လောကုတ္တရာ၊ ဝိပါက်စိတ် လေးခုကို၊ နှုတ်ပယ်ထားသဖြင့်၊လောကီဝိပါက်စိတ်-၃၂-ပါးကိုသာ၊ကောက်ယူ ရေတွက်ရပါသည်။

မေး။ ။သင်္ခါရကြောင့်၊ ဝိညာဏ်ဖြစ်၏ဟု၊ သာမညအားဖြင့်၊ဟောတော်မူပါလျက်၊ ဝိညာဏ်အရကို အဘယ့်ကြောင့်၊ ဝိပါက်စိတ်တို့ကို၊ ကောက်ယူနိုင်ပါသနည်း။

ဖြေ။ ။အကြောင်းကံကို၊အားထုတ်ဆည်းပူးခြင်း မရှိ

ခဲ့သော်၊ အကျိုးဝိပါက်တရားမျိုးဟူ၍ မရှိသင့်ပါ။ သင်္ခါရ ဟူသော အကြောင်းတရားကြောင့်ဖြစ်သော၊ ဝိညာဏ်ဟု ဟောတော်မူသဖြင့်၊ ထိုဝိညာဏ်သည်၊ အကျိုးဝိပါက် ဝိညာဏ်ဟု-ဧကန် သိထိုက်သော၊ သဘောယုတ္တိရှိသည် ဖြစ်၍၊ အကျိုးဝိပါက်စိတ်တို့ကိုသာ၊ အဋ္ဌကထာ ဆရာ တို့၊ကောက်ယူတော်မူကြပါသည်။

မေး။ ။ဤသင်္ခါရကြောင့်၊ ဝိညာဏ် ဖြစ် သည် ဟု၊ ဟော တော် မူ ပါ သ ဖြင့်၊ သတ္တဝါတို့၏ ဘဝနှစ်ရပ်၊ ဆက်စပ်ပုံကိုလည်း၊ သိသင့်, သိ ထိုက် ပါ သည် ဖြစ် ၍၊ သတ္တဝါတို့၏၊ပဋိသန္ဓေနေသော စိတ်တို့သည်၊အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ။အသညသတ် ပဋိသန္ဓေနှင့်တကွ၊ ပဋိသန္ဓေ စိတ် နှစ်ဆယ်ရှိပါသည်။

မေး။ ။အဘယသတ္တဝါမျိုးတို့သည်၊ အဘယ်စိတ် မျိုးဖြင့်၊ ပဋိသန္ဓေနေပါသနည်း။

ဖြေ။ ။အကုသလဝိပါက်-ဥပေက္ခာသန္တီရဏခေါ် သော၊ မနောဝိညာဏစိတ်ဓါတ်တမျိုးသည်၊ ငရဲသူ, ငရဲ သားတိရစ္ဆာန်၊ပြိတ္တာ၊အသုရကာယ်ခေါ်သော၊ အပါယ် လေးဘုံသားတို့၏၊ ပဋိသန္ဓေနေသောစိတ်ဖြစ်ပါသည်။ အမိဝမ်းတွင်းကပင်၊ ကန်းသောသူ၊နားပင်းသောသူ၊ရူး သောသူ၊ ဆွံ့သောသူ၊ အ,သောသူ၊ နပုံးပဏ္ဍုတ်၊ ဥဘ တောဗျည်းဖြစ်လာသော သူတို့နှင့် သစ်ပင်တောတောင် စသည်တို့ကို အမှီပြု၍၊ ဘုံမိမာန်နှင့်နေသော၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ တန်းခိုးရှိသော သားရဲ, သားဘက်၊ တစ္ဆေ၊

ဖြေဘုတ်ဟုခေါ်ကြသော၊ ဝိနိပါတိက အသူရာမျိုးတို့သည်၊ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏာခေါ်သော မနောဝိညာဏ ဓါတ်တမျိုးနှင့်၊ ပဋိသန္ဓေနေကြပါသည်။

မေး။ ။ရုပ်ဆင်းသဏ္ဍာန်၊ ကြီးအင် လက္ခဏာ နှင့် ပြည့်စုံသော လူနတ်တို့သည်၊ အဘယ်စိတ်မျိုးနှင့်၊ ပဋိသန္ဓေနေပါသနည်း။

ဖြေ။ ။နတ်တိဟိတ်၊ လူတိဟိတ်တို့သည်၊ မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ်လေးခုနှင့်၊ နတ် ဒွိဟိတ်၊ လူ့ဒွိဟိတ်တို့သည်၊မဟာဝိပါက် ဉာဏ ဝိပ္ပယုတ်စိတ်နှင့် ပဋိသန္ဓေ နေကြသည်ဖြစ်၍၊ ရုပ်ဆင်းသဏ္ဍာန် ကြီးအင် လက္ခဏာတို့နှင့် ပြည့်စုံသော နတ်လူတို့သည်၊ မဟာဝိပါက်စိတ် ၈ခုနှင့် ပဋိသန္ဓေနေကြပါသည်။

မေး။ ။ရူပါဝစရ ဗြဟ္မာတို့သည်၊ အဘယ်စိတ်မျိုးနှင့် ပဋိသန္ဓေ နေကြပါသနည်း။

ဖြေ။ ။ရူပါဝစရ ဗြဟ္မာတို့သည်၊ရူပါဝစရ ဝိပါက် စိတ်ငါးခုဖြင့် ပဋိသန္ဓေနေကြပါသည်။

မေး။ ။အရူပဝစရ ဗြဟ္မတို့သည်၊ အဘယ်စိတ်မျိုးဖြင့် ပဋိသန္ဓေ နေကြပါသနည်း။

ဖြေ။ ။အရူပဗြဟ္မာတို့သည်၊ အရူပါဝစရ ဝိပါက် စိတ်လေးခုဖြင့် ပဋိသန္ဓေနေကြပါသည်။

မေး။ ။ဤပဋိသန္ဓေအခဏ်း၌၊ လူတို့ကိုယ်တွင်းက အသက် ဝိညာဏ်သည်၊နောက်ဘဝသို့ ပြောင်းရွှေ့သွားတတ်သည်ဟု အများလူတို့ အယူရှိကြ၏။ ကျမ်းဂန်တို့ဝယ်၊အဘယ်သို့ မိန့်ဆိုကြပါသနည်း။

ဖြေ။ ။ရအပ်သောအကြောင်း၊အထောက်အပံ့ရှိသော ရုပ်တရား, နာမ်တရားမျှသည်သာလျှင်၊ ရှေးစိတ်၏ ဘင်ခဏမှာ၊ အနိစ္စရောက်၍ ချုပ်ပျောက်သည့်အတွက်၊ နောက်စိတ်သစ် တမျိုးဖြင့် ဖြစ်ပေါ်လာခြင်းကို၊ ဘဝ အသစ်တခုသို့ ရောက်၏ဟူ၍၊ သမုတ်ပညတ် ရုံမျှသာ ဖြစ်ပါသည်။ သတ္တဝါ၏ ပြောင်းရွှေ့ခြင်းလည်း မဟုတ် ပါ၊အသက်ဝိညာဉ်၏ ပြောင်းရွှေ့ခြင်းလည်း မဟုတ်ပါ၊ ထို-နာမ်တရား, ရုပ်တရား၏ အတိတ် ဘဝဟောင်းမှ၊ ပစ္စုပ္ပန်ဖြစ်သော ဘဝသစ်သို့၊ပြောင်းရွှေ့ခြင်းလည်း မရှိ ဟု မိန့်ဆိုကြပါသည်။

မေး။ ။ထိုသို့ အသက်ဝိညာဉ်သည် မပြောင်းမရွှေ့ သော်၊ အသက်ထွက်ပြီဟူသောစကား၊ လောက်လန်းသ ဘွယ် ဝိညာဉ် တွယ်သည် ဟူ သော စ ကား ကို ရှေးသူ ဟောင်းတို့သည်၊ အဘယ့်ကြောင့် ခေါ်ဝေါ်ပြောဆိုကြ ပါသနည်း။

ဖြေ။ ။ယခုလောက၌ ထင်ရှားရှိသော တရားတော် တို့တွင်၊ ဘုရားစင်စစ် ဖြစ်တော်မူမှ၊ မုချဆတ်ဆတ် ပရ မတ် တရားတော်တို့ ထိခိုက်အောင်၊ ဟောတော်မူသော တရား၊ဘုရားမဖြစ်မှီ၊ဘုရားလောင်းဖြစ်စဉ်က၊စိတ်တွေး စိတ်ထင်မျှနှင့်၊ ရမ်းဆကြံစည်လျက်၊ ဟောသောတရား ဟူ၍။တရားနှစ်မျိုးရှိပါသည်။ထိုနှစ်မျိုးတို့တွင်၊ အသက် ထွက်ပြီဟူသောစကား၊ လောက်လန်းသဘွယ် ဝိညာဉ် တွယ်ပြီဟူသောစကား၊ ရုပ်ကိုထား၍သွားသည်။ နာမ်၏ အခြင်းအရာတည်းဟူသော စကားမျိုးတို့သည်၊ ဘုရား

မဖြစ်မှီ၊ ဘုရားလောင်းဖြစ်စဉ်က၊ စိတ်ထင်, စိတ်တွေးမှု နှင့် ရမ်းဆကြံစီလျက်၊ဟောသောတရားမျိုးကို အမှီပြု၍ သာ၊ခေါ်ဝေါ်ပြောဆိုကြပါသည်။

မေး။ ။အဘယ်သူသည်၊ ယင်းကဲ့သို့ကြံစည်ဘူးပါ သနည်း။

ဖြေ။ ။သူသူ-ငါငါ၊ သတ္တဝါသာမည တွေကို မဆို ထားဘိ၊ ဘုရားလောင်းဖြစ်သော၊ သုမေဓာရှင်ရသေ့ ကြီးသည်၊အထူးထူးသော အပုပ်မျိုးတို့ဖြင့်၊ သိုးသိုးကျို အောင်၊!အပြည့်အနှက်ဖြစ်၍နေသော၊ ဤအကောင်ပုပ် ကြီးကို၊ စွန့်ပစ်ထားခဲ့ပြီး၍၊ ငဲ့ကွက်ခြင်းမရှိဘဲ၊ ဘဝ တပါးသို့၊ပြောင်းရွှေ့သွားလာရချေတော့မည်တကားဟု အယူအကြံဖြစ်ဘူးပါသည်။

မေး။ ။ထိုအယူဝါဒများသည်၊ အဘယ်ကိုအမှီပြု ၍၊ ဖြစ်နေကြပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားအဖြစ်သို့၊စင်စစ်ရောက်တော် မူမှ ဟောကြားတော်မူအပ်သေ ဝိဥာဏက္ခန္ဓာ၌၊အတွင်း ဝင်၍၊ ဥပါဒ် ဌီ,ဘင်,တို့ဖြင့်၊ အစဉ်မပြတ်၊ တဖြတ်ဖြတ် တဖြုတ်ဖြုတ်၊ ချုပ်ပျောက်လျက်နေတတ်သော၊ ပရမတ် စိတ်ဝိညာဉ်ကို၊ဇီဝဟူသော အသက်ဝိညာဉ် ထင်မှတ်မှုက စ၍၊ ထိုအယူဝါဒသည် ဖြစ်ပွါး၍နေကြရပါသည်။

မေး ။မြတ်စွာဘုရားလက်ထက်တော်က ထို-အယူ ဝါဒမျိုးကို။ အဘယ်သူတို့ယူဘူးကြပါသနည်း။

ဖြေ။ ။ဘုရားမြတ်စွာသည်၊ သာဝတ္ထိပြည်မွန်၊ဇေတ ဝန် ရွှေကျောင်း၌၊ ကိန်းအောင်း စံနေတော်မူစဉ်အခါ၊

ထံငါသည့်၏ သားဖြစ်သော (သာတိ) အမည်ရှိသော ရဟန်းအား၊ (တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနညံ့)ဟူ၍၊ထိုဝိညာဉ်သည်ပင်လျှင်၊ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် သံသရာတလျှောက်လုံး၌၊ကျင်လည် ပြောင်းရွှေ့၍ နေတတ်၏ဟု အယူ ရှိ ဘူး ကြောင်း ကို၊ မူလ ပ ဏ္ဏာ သ ပါ ဠိ တော် မြတ် ၌၊ ဟောကြားတော်မူ ပါသည်။

မေး။ ဘုရားမြတ်စွာသည်၊ထိုအယူဝါဒကို၊အဘယ် ကဲ့သို့ မိန့်တော်မူပါသနည်း။

ဖြေ။ ဘုရားမြတ်စွာသည်။ထို(သာတိ)ရဟန်းအား၊ များစွာ ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင်၊ထိုဝိညာဉ်၏,အနိစ္စ အချက်တို့ကိုပြခြင်းငှါ။ခြောက်တဆယ့်ရှစ်ပါးတို့ကို၊ဟော ကြားတော်မူမှ၊ထိုအယူဝါဒများကို၊ ပယ်ရှားတော်မူနိုင် ပါသည်။

မေး။ ။ထိုဝိညာဉ် အရာ၌၊ဘုရားဖြစ်မှ ဟောတော် မူသောဒေသနာကို၊ ကျမ်းဂန်တို့ဝယ် အဘယ်သို့ မိန့်ဆို ကြပါသနည်း

ဖြေ။ ။သတ္တဝါတို့၏,အသက်ဆိုတာသည်၊စိတ္တက္ခဏ တချက်သာ အသက်ရှည်၏၊ ထိုစိတ်ဝိညာဉ်ကလေးသည်၊ ဘင်ခဏသို့ရောက်၍၊ချုပ်ပျောက်ခဲ့သည်ရှိသော် သတ္တဝါ ကိုသေပြီဟူ၍သူသေကောင်ဟူ၍ခေါ်ဆိုရကြောင်းကိုမိန့် ဆိုတော်မူကြပါသည်။

မေး။ ။ထိုသို့စိတ်ဝိညာဉ်သည်၊ ဘဝင်ခဏတွင်ချုပ်ပျောက်သွား၍ ဘဝတပါးသို့ မပြောင်းရွှေ့လျှင်၊ အဘယ်ကြောင့်၊ဘဝသစ်၌၊တခါဖြစ်ကြရပြန်ပါသနည်း။

ဖြေ။ ။တိမ်တိုက်နှစ်ရပ်၊ ဆပ်မိခြင်းဟူသော အကြောင်း တရားကြောင့်၊ လျှပ်စစ်ဓါတ်သည်၊ အလိုလို အကျိုးတရား၏အဖြစ်ဖြင့် ပေါ်ပေါက်လာသကဲ့သို့ရှင်း။ စည်နှင့် လက်ခတ်ကို၊ တီးခတ် ရိုက်နှက်ခြင်း ဟူသော အကြောင်းတရားကြောင့်။ အသံဓါတ်သည်၊ အလိုလို အကျိုးတရား၏ အဖြစ်ဖြင့် ပေါ်လာရသကဲ့သို့ရှင်း၊ ထို့အတူ သင်္ခါရဟူသောအကြောင်းကုသိုလ်ကံအကုသိုလ်ကံကြောင့် အကျိုးဟူသော ရုပ်နာမ်ခန္ဓာ တရားတို့၏ ဖြစ်လာ ပေါ်လာရခြင်းသာ ဖြစ်ပါသည်။ ပြဆိုခဲ့သော ဥပမာ၌။လျှပ်စစ်ဓာတ်-အသံဓာတ်တို့သည်။တခါ တိုက်မိမှ တခါရိုက်မိမှ, တခါစီသာ ဖြစ်ပေါ်လာကြ၍၊ ချုပ်ပျောက်ကြရလေကုန်ပြီ။ နောက်တခါ-တိုက်မိ ရိုက်မိပြန်သောအခါ၊ ယခင်အဟောင်းဖြစ်သော၊ လျှပ်စစ်ဓာတ်-အသံဓာတ်တို့သည်။ တခါပြန်၍ ဖြစ်လာ ပေါ်လာကြတော့သည် မဟုတ်ဘဲ။ အသင်ဖြစ်သော၊ လျှပ်စစ်ဓာတ် အသံဓာတ်တို့သည်သာလျှင် ဖြစ်ကြလေကုန် သကဲ့သို့၊ ထို့အတူ၊ဘဝဟောင်းကဖြစ်သော ရုပ်နာမ်ခန္ဓာ တရားတို့သည်။ ဘဝအသစ်သို့။ ဘယ်တရားတခုမျှ၊ လိုက်ပါပြောင်းရွှေ့ကြသည် မဟုတ်ပါဘဲ။ အကြောင်းဖြစ်သော် လောကီကုသိုလ်- အကုသိုလ်ကံ တရားတို့ကို၊ ပြုမိခြင်းကြောင့်၊ အကျိုးဖြစ်သော ရုပ်သစ်, နာမ်သစ်, ခန္ဓာသစ်

တို့၏၊ ဖြစ်လာ ပေါ်လာရခြင်းမျှသာ။ ဖြစ်ပါသည်ဟု မိန့်ဆိုကြပါသည်။

မေး။ ။ထိုသို့အဟောင်း မဟုတ်ဘဲ။ အသစ်ဖြစ်ခဲ့သော် ဘဝဟောင်းက အကြောင်းအရာကို၊ အဘယ်ကြောင့်........၊ မှတ်သား ပြောဆိုနိုင်ကြပါသနည်း။

ဖြေ။ ။(ကမ္မဝိပါကော- အစိန္တိယျော၊) ဟူ သော အင်္ဂုတ္တရပါဠိတော်မြတ်နှင့်အညီ၊ အချို့သူတို့သည် ဘဝဟောင်းက၊ အကြောင်းအရာကို ကောင်းစွာ မှတ်မိလိုသောအရာမှာ၊ ပတ္ထနာ ဆုတောင်းပြုလျက်၊ ကုသိုလ်ကောင်းမှုတို့ကို၊ ပြုစုအားထုတ်ခဲ့ဘူးသဖြင့် ရှင်အာနန္ဒာအလောင်းဖြစ်သော၊ရုစာ,မင်းသမီးစသည်တို့ကဲ့သို့၊ မှတ်မိခြင်းလည်း ရှိပါသည်၊ ဇာတ်ပါဠိတော်လာ၊ မြတ်စွာဘုရားအလောင်းနှင့်၊ညီတော် အာနန္ဒာအလောင်း၊ စိတ္တသုခမိန်နှင့်။သမ္ဘူတမင်းကြီးများကဲ့သို့၊ မှတ်မိခြင်းလည်း ရှိပါသည်။ ။ထိုမှတပါးလည်း၊ အဟောင်းဖြစ်သော ကုသိုလ်-အကုသိုလ်, သင်္ခါရတို့ကြောင့်၊ အသစ်ဘဝမှာ ဖြစ်လာ ပေါ်လာရသော ပဋိသန္ဓေစိတ်နှင့်၊ တပြိုင်နက် ဖြစ်လာ ပေါ်လာရသော စေတသိက် တရားတို့တွင်။ ထိုထိုအရာကို ကောင်းစွာ မှတ်သားနိုင်သော၊ သညာတရားအသစ်သည်လည်း ပါလာရသည် ဖြစ်၍။ ယခုလောက၌။ ကောင်းမွန် သေချာစွာ မှတ်မိပြီးဖြစ်သော အရာတခုကို၊ ဆယ်လ, ကိုးလကြာမှ။ အောက်မေ့လိုက်လျှင်လည်း၊ သညာတရား၏ တန်ခိုးသတ္တိအားဖြင့်။ ပြန်၍ သိနိုင်-အမှတ်ရနိုင်ကြသကဲ့သို့။ထို့အတူ။ ဘဝဟောင်းမှ

သေ၍။ ဘဝအသစ်မှာ ဖြစ်လာရသော သူသည်လည်း၊ အမိ ဝမ်းခေါင်း၌၊ ကိန်းအောင်း၍ နေရသော။ ဆယ်လ-ကိုးလလောက်သာ ကြာသည့်အတွက်။ စိတ်အစဉ်မှာ အမြဲပါသော၊ သညာတရား၏ တန်ခိုးသ တ္တိအားဖြင့်သာလျှင်။ဘဝမခြားက။ ထင်ရှားစွာ မှတ်မိနိုင်သော အရာကိုသာ၊ကောင်းစွာယုံကြည်ထိုက်ပါသည်၊ ဘဝဟောင်းက ပြောင်းလာ၍သာ မှတ်မိသည်ထင်သော မိစ္ဆာအယူများကိုလည်း၊ ပယ်ရှားစွန့်ပစ်လိုက်ပါသည်။

ဤ-ဝိညာဏ်အခဏ်း၌ပြဆိုရာ၊ပါဠိတော်အဋ္ဌကထာ ဋီကာစကား အထောက်အခံနှင့်။ကြည့်ရှုလိုလျှင်(မြဝတီ) ဆရာတော် ရေးသားသော။ သံသရာ ဖြတ်ခဏ်း-ဓါတ်ကမ္မဋ္ဌာန်းကျမ်းနှင့်။ ပဋိစ္စသမုပ္ပါဒ် အမေး အဖြေမှာ ကြည့်လေ။ ဤကျမ်းစာ၌၊ ဗမာစကား များများနှင့် နားလည်၍ တရားတတ်ပြီး၊ အရိယာဖြစ်အောင် ရေးသော **ကျမ်းဖြစ်သည်။** ဘုံသံ, ပတ်သံ,ကြိုက်တဲ့လူများအတွက် ညွှန်ပြလိုက်သည်။

ဘုံ,သံဆိုတာ၊သုံးဆယ့်တဘုံကိုဆိုသည်၊ ပတ်,သံဆိုတာ၊သံသရာမှာ၊ ရစ်ပတ်ရှုတ်ထွေးနေတဲ့၊ ကိုယ့်ဟာကို။ ကိုယ်နားမလည်သော၊ပါဠိစကားကိုဆိုသည်။ ။ဟိုဘုံကောင်းသည်၊ သည်ဘုံကောင်းသည်၊ နားမလည်တဲ့ စကားအဟုတ်ထင်။ ကရင်-ခေါင်ရေကြိုက်သလို၊ စာ၌ ရှိလျှင်အဟုတ်မှတ်၊ပရမတ်ကိုမကျွမ်းကျင်၊ရွှေပေစာကြီး အခြေပြု၍။ တံငါ [လှေ]ကို လိမ်၍စားသလို၊ ညာဘွား။

ဝါသွား၊ စာတရား ဝါစာကမာနှင့်၊စားသူသာ အားကြီး ကြ၍၊ အမှားနှင့်မတွေ့စေရန်၊ သတိပေးလိုက်သည်။ ။ ဝါကြီးသူက- ကန်တော့ခံ။ စာညက်သူသူက- ဘုန်း တန်ခိုးကြီး၊ အပြီးသတ်တော့။ ဒါယကာ-လှော့မှာသာ၊ ပြာထိုင်အောင်မွဲရှာလေတော့သည်။ ငါတို့ရေးသားတာ ကို၊ ရိပ်မိလျှင်၊ လူနတ်ချမ်းသာ ရမည့်ကြောင်းဘဲဟုမှတ်။ လူနတ်ဆိုခြင်းကား၊ လူထဲမှာ နတ်ဟဲ့လူ။

မေး။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ အဘယ်ဝိညာဉ် မျိုး ပယ်၍၊အဘယ်ဝိညာဉ်မျိုးကို ဖြစ်နိုင်ပါသနည်း။

ဖြေ။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ အပါယ်လေးပါး ပဋိသန္ဓေဝိညာဉ်ကိုပယ်ပါသည်။လူ့ပြည်၊နတ်ပြည်၊ ရူပ ဖြဟ္မာ ၁၆-ဘုံ၌၊သုဒ္ဓါဝါသ ငါးဘုံ အသညသတ် တဘုံ၊ ပေါင်း, ခြောက်ဘုံကို ကြဉ်၍၊ ကျန်ဆယ်ဘုံ၊ အရူပ လေးဘုံတို့၌ ပဋိသန္ဓေဝိညာဉ် ဖြစ်နိုင်ပါသေးသည်။

မေး။ ။သကဒါဂါမ်ပုဂ္ဂိုလ်သည်၊ ပဋိသန္ဓေဝိညာဉ် ၌၊ အဘယ် ဝိညာဉ်မျိုးကိုဖြစ်၍၊ အဘယ်ဝိညာဉ်မျိုးကို ပယ်ဖြတ်နိုင်ပါသနည်း။

ဖြေ။ ။သကဒါဂါမ် ပုဂ္ဂိုလ်သည်၊သောတာပန်နှင့် မထူးခြားကြောင်းကို၊ကျမ်းဂန်တို့၌လာပါသည်။

မေး။ ။အနာဂါမ် ပုဂ္ဂိုလ်သည်၊ အဘယ်ပဋိသန္ဓေ ဝိညာဉ်မျိုးကို ပယ်၍၊ အဘယ်ပဋိသန္ဓေ ဝိညာဉ်မျိုးကို ဖြစ်နိုင်ပါသနည်း။

ဖြေ။ ။အနာဂါမ်ပုဂ္ဂိုလ်သည်၊ ကာမတဆယ့်တဘုံ ပဋိသန္ဓေဝိညာဉ်ကို ပယ်၍၊ရူပဘုံ၌၊ အသညသတ်ဘုံကို

ကြည့်ပြီး၊ ကျန်တဆယ့်ငါးဘုံနှင့် အရူပလေးဘုံတို့၌၊ ပဋိသန္ဓေဝိညာဉ်ဖြစ်နိုင်ပါသည်။

မေး။ ရဟန္တာပုဂ္ဂိုလ်သည်၊ အဘယ်ပဋိသန္ဓေဝိညာဉ်ကိုပယ်၍ အဘယ် ပဋိသန္ဓေဝိညာဉ်ကို၊ ဖြစ်နိုင်ပါသနည်း။

ဖြေ။ ။ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်တို့သည်။ နောက်ထပ်အသစ်၊ ပဋိသန္ဓေမယူ၍၊ ဘုံသုံးဆယ့်တစ်၌ မဖြစ်ပါ၊မိမိတို့ ဖြစ်ရာဘုံ၌သာ၊ပဝတ္တိ ဝိညာဉ်ဖြင့် နေကြပါသည်။

ဝိညာဉ်အမေးအဖြေ ပြီး၏။

---

## နာမရူပ် အမေး အဖြေ ပြခန်း

မေး၊ ။နာမရူပ်ဆိုသော စကားသည်၊ ဗမာလို အဘယ်ကဲ့သို့ ပြန်ဆိုပါသနည်း။

ဖြေ။ ။နာမရူပ် ဆိုသောစကားသည်၊ နာမ်ရုပ် လည်း ခေါ်၏။ စိတ်နှင့်- ကိုယ်ဟုလည်း ခေါ်၏။ ကိုယ်နှင့် အသက်၊အသိနှင့်-သုတ်၊ အဝိဇ္ဇာနှင့်- တဏှာ၊ ဤကဲ့သို့ အမျိုးမျိုးခေါ် ကြပါသည်။

မေး။ ။ပဋိသန္ဓေ ဝိညာဉ် စိတ် ကြောင့် ဖြစ် သော၊ နာမ်ရုပ်ဟူသည် အဘယ်ကိုဆိုပါသနည်း။

ဖြေ။ ။ပဋိသန္ဓေစိတ်နှင့် တချက်တည်းဖြစ်ပေါ်လာကြသော၊ ဝေဒနာ, သညာစသော စေတသိက်တို့တွင်၊ ဟိတ်အားဖြင့်ချော်စွာ ရထိုက်သော စေတသိက်ရကို၊ နာမ် ကမ္မဇရုပ်တို့ကို၊ရုပ်ဟူ၍ဆိုလိုပါသည်။

မေး။ ။ထိုပဋိသန္ဓေစိတ်ကြောင့်ဖြစ်သော၊နာမ်,ရုပ်နှစ်ပါးတို့တွင်၊နာမ်၏သရုပ်ကိုထုတ်ပြပုံသည်၊သုတ္တန်နှင့်အဘိဓမ္မာ အဘယ်သို့ ခြားနားပါသနည်း။

ဖြေ။ ။သုတ္တန်နည်း၌နာမ်၏သရုပ်ကို၊ ဝေဒနာသညာစေတနာ ဖဿ မနသိကာရ၊ စေတသိက် ငါးခုကိုသာ၊ထုတ်ပါသည်။ ။အဘိဓမ္မာ၌။ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာသင်္ခါရက္ခန္ဓာ- ဟူသော။ နာမ်ခန္ဓာ သုံးပါးလုံးကိုထုတ်ပါသည်။

မေး။ ။၎င်းအရာ၌ သုတ္တန်နည်းနှင့်၊ အဘိဓမ္မာနည်းသည်၊အဘယ်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ။သုတ္တန်နည်း၌စေတသိက်တို့ကိုအကြွင်းထား၍၊သာဝသေသနည်းအားဖြင့် ဟောတော်မူပါသည်။ ။အဘိဓမ္မာနည်း၌ စေတသိက်တို့ကို အကြွင်းမထားဘဲ၊နိရဝသေသနည်းအားဖြင့် ဟောတော်မူခြင်းသာခြားနားပါသည်။

မေး။ ။ထိုပဋိသန္ဓေစိတ်သည်၊နာမ်ရုပ်အား ကျေးဇူးပြုရာ၌၊ဘုံအားဖြင့် အဘယ်သို့ပိုင်းခြား၍ သိရပါအံ့နည်း။

ဖြေ။ ။အရူပဘုံသား ဗြဟ္မာတို့အား၊ ထိုပဋိသန္ဓေစိတ်သည်၊ပဝတ္တိနှင့် ပဋိသန္ဓေ ၂ရပ်ပါးလုံးပင်၊ နာမ်သက်သက်ကိုသာ ဖြစ်စေပါသည်။ အသညသတ် ဘုံသားတို့အားရုပ်သက်သက်ကိုသာ ဖြစ်စေပါသည်။ ကာမဆယ့်တဘုံ၊ရူပ ဆယ့်ငါးဘုံဟူသော၊ ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံသားတို့အား၊ ထိုပဋိသန္ဓေစိတ်သည်၊ နာမ်ရုပ်နှစ်ပါးစုံကိုပင် ဖြစ်စေနိုင်ပါသည်။

မေး။ ။ဤ-ကာမ ဆယ့်တဘုံ၊ ရူပ ဆယ့်ခြောက်ဘုံ၊ အရူပ လေးဘုံတည်းဟူသော၊ သုံးဆယ့်တဘုံသားတို့တွင်၊ အဘယ်ဘုံသားများသည်၊ မဂ်ဖိုလ်ကို ရနိုင်ပါသနည်း။

ဖြေ။ ။ကာမ ဆယ့်တဘုံတွင်၊ အပါယ် လေးဘုံကိုကြဉ်၍၊ သုဂတိ ခုနစ်ဘုံသားတို့ ရနိုင်ပါသည်။ ။ရူပ ဆယ့်တဘုံတွင်၊ အသညသတ်ဘုံကိုကြဉ်၍၊ ကျန်ဆယ့်ငါးဘုံသားတို့ ရနိုင်ပါသည်။ ။အရူပ လေးဘုံသားတို့လည်း၊ အကုန်မဂ်ဖိုလ်ကို ရနိုင်ပါသည်။

မေး။ ။ကာမသုဂတိ ခုနစ်ဘုံသားလုံးပင်၊ မဂ်ဖိုလ်ကို ရနိုင်ပါသလား။

ဖြေ။ ။အမိဝမ်းတွင်းက ကန်းသူ၊ ကျီးသူ, အ,သူ, ဒွေသူ, အင်္ဂါမစုံ ချို့နဲ့သောသူ၊ ဤသုဂတိ အဟိတ်ပုဂ္ဂိုလ်တို့၊ မဂ်ဖိုကို မရနိုင်။ ။လူ့ဒွိဟိတ် တိဟိတ်၊ နတ်ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်များသာ၊ မဂ်ဖိုလ်ကို ရနိုင်ပါသည်။

နာမ်ရုပ် အမေးအဖြေ ပြီး၏။

---

## သဠာယတန အမေး အဖြေခန်း။

မေး။ ။သဠာယတန ခေါ်ခြင်းကား၊ ဗမာစကားဖြင့်၊ အဘယ်ကဲ့သို့ ခေါ်ပါသနည်း။

ဖြေ။ ။မျက်စိ,နား နှာခေါင်း, လျှာ,ကိုယ်,မနော, ကို၊သဠာယတန-ဟု ခေါ်ပါသည်။ အကြည်ခြောက်ပါး၊ တံခါးခြောက်ပေါက်ဟုလည်း ခေါ်ပါသည်။

သဠာယတန အမေး အဖြေပြီး၏။

## ဖဿ အမေးအဖြေ ပြဆိုခန်း။

မေး။ ။ဖဿဆိုသောစကားသည်။ဗမာလိုအဘယ်ကဲ့သို့-ခေါ် ဆိုပါသနည်း။

ဖြေ။ ။ဖဿဆိုသော စကားသည်၊ မျက်စိအကြည်နှင့် အဆင်း-တိုက်ဆိုင်တွေ့ထိ၍၊အသိစိတ်ဝိညာဉ် ခတ်ကလေးပေါ်မှု။ ။နားအကြည်နှင့် အသံ တိုက်ဆိုင်တွေ့ထိ၍။ အသိစိတ်ခတ်ကလေးပေါ်မှု။ ။နှာခေါင်းအကြည်နှင့် အနံ့၊ တွေ့ထိတိုက်ဆိုင်၍၊ အသိစိတ်ခတ်ကလေးပေါ်မှု။ ။လျှာအကြည်နှင့် ရသာ၊ တိုက်ဆိုင်တွေ့ထိ၍၊ အသိစိတ် ဝိညာဉ်ကလေး ပေါ်မှု၊ ၊ကိုယ်အကြည်နှင့် တပါးပါးသော ဝတ္ထု။ မီး-ရေ-လေ-မြေ, စသည်နှင့်။ တွေ့ထိတိုက်ဆိုင်၍၊ အသိစိတ် ဝိညာဉ်ခတ်ကလေးပေါ်မှု၊ ၊မနော အကြည်နှင့်၊ တောင်တောင်-ဤဤတွေး၍ စိတ်ကူး၍ အာရုံအရပ်ရပ်နှင့်၊တွေ့ထိ တိုက်ဆိုင်သောအခါ၊ အသိစိတ်ခတ်ကလေးပေါ်မှုကို၊ ဖဿဟု ခေါ်ပါသည်။

မေး။ ။ဤဖဿခေါ်ခြင်းကို၊ပါဠိတော်အဋ္ဌကထာတို့က အဘယ်ကဲ့သို့-ခေါ်ဆိုပါသေးသနည်း။

ဖြေ။ ။မျက်စိ- နား- နှာ- လျှာ- ကိုယ်- မနော-ဤခြောက်ပါးကား၊ အခံခတ်။ ။အဆင်း-အသံ-အနံ့-အရသာ- ထိမှု- အကြံ, အစည်- ဤ ခြောက် ပါး ကား၊ အတိုက်ခတ်၊ မြင်၍သိသောစိတ်။ ကြား၍သိသောစိတ်၊

နံ၍သိသောစိတ်၊ လျက်၍သိသောစိတ်၊ ကိုယ်ကို တခုခု ထိ၍ သိသောစိတ်၊ တောင်တောင်-ဤဤ၊ စိတ်ကူး၍ သိသောစိတ်၊ ဤစိတ်ဝိညာဉ်ကလေး ခြောက်ခုကို အပေါ် ခေါ်တော်။ ။ဤသို့အားဖြင့်၊ အခံခေတ် ခြောက်ပါး၊ အပေါ် ခေါ်တော်ခြောက်ပါး ဟူ၍ ခေါ်တ် တဆယ့်နှစ်ပါး ဟုလည်း ခေါ်ပါသည်။ ။ဖဿခြောက်ပါးဟုလည်း-ခေါ်ပါသည်။

မေး။ ။ဤဖဿ ခြောက်ပါးသည်၊ သုံးဆယ့်တခုံ သားလုံးမှာပင် ဖြစ်နိုင်ပါသလား။

ဖြေ။ ။ဘာမဆိုတည်း၌ ပဋိသန္ဓေက-အင်္ဂါပြည့်စုံ သောသူကိုပယ်၍၊ အင်္ဂါစုံလင်သော ပုဂ္ဂိုလ်များသည်။ ဖဿ ခြောက်ပါး ဖြစ်နိုင်ပါသည်၊ ရူပ တဆယ့်ငါးဘုံ သားတို့၌၊ နှာခေါင်းနှင့်တွေ့ထိသော-ဖဿ၊ လျှာနှင့်တွေ့ ထိသော-ဖဿ၊ ကိုယ်ဖြင့် တွေ့ထိသော-ဖဿ၊ ဤဖဿ သုံးပါးကို ပယ်၍၊ ကျန်သော ဖဿသုံးပါး ဖြစ်နိုင်ပါ သည်။ ။အသညသတ်ဘုံ၌၊ ကိုယ်နှင့် တွေ့ထိမှု ဖဿ တပါးသာ ရှိပါသည်၊ အရူပလေးဘုံ၌၊ မနောနှင့် စိတ်ကူး တွေ့ထိသော၊ မနဖဿ တပါးသာ-ရှိပါသည်။

ဖဿ-အမေး အဖြေ ပြီး၏။

---

## ဝေဒနာ-အမေး အဖြေ ပြဆိုခန်း။

မေး။ ။ဖဿကြောင့် ဖြစ်ပေါ်လာသော၊ ဝေဒနာ ခေါ်ခြင်းသည်၊ ဗမာလို အဘယ်ကဲ့သို့ ခေါ်ပါသနည်း။

ဖြေ။ ။ကိုယ်စိတ်နှစ်ဖြာ၊ သာယာခံစားမှုကို ခေါ်ပါ သည်။

မေး။ ။ဝေဒနာသည်၊ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။မျက်စိနှင့် အဆင်း တွေ့ထိ၍၊သာယာခံစားမှု တပါး၊ နားနှင့် အသံ တွေ့ထိ၍၊ သာယာ ခံစားမှု တပါး၊ နှာခေါင်းနှင့် အနံ့ တွေ့ထိ၍၊ သာယာ ခံစားမှု တပါး၊ လျှာနှင့်အရသာ တွေ့ထိ၍၊သာယာ ခံစားမှုတပါး ကိုယ်၌ တခုခု တွေ့ထိ၍၊ သာယာ ခံစားမှု တပါး၊ မနောနှင့် စိတ်ကူး တွေ့ထိ၍၊ သာယာ ခံစားမှု တပါး အားဖြင့် ခြောက်ပါးရှိပါသည်။

မေး။ ။အကျယ်အားဖြင့်-မည်မျှရှိပါသနည်း။

ဖြေ။ ။မျက်စိနှင့်-အဆင်း တွေ့ထိ၍၊ ဝေဒနာ ခံစားမှု၌၊ဒုက္ခ-ဆင်းရဲသဖြင့်ခံစားမှုတပါး။ ။သုခ-ချမ်းသာ၍ ခံစားမှုတပါး။ ။ဥပေက္ခာ-လျစ်လျူရှု၍၊ခံစားမှုတပါး၊ သောမနဿ၊နှစ်သက်၍ ခံစားမှု တပါး။ ။ဒေါမနဿ၊ စိတ်ဆိုး၍ ခံစားမှု တပါး အားဖြင့်၊ မျက်စိ၌ ခံစားမှု ငါးပါး၊ နား၌-ဤကဲ့သို့ ခံစားမှုငါးပါး၊ နှာခေါင်း၌-ခံစားမှု ငါးပါး၊ လျှာ၌-ခံစားမှု ငါးပါး၊ ကိုယ်၌-ခံစားမှု ငါးပါး၊ မနော၌-ခံစားမှု ငါးပါးအားဖြင့်၊ ခြောက်ခု-ငါးလီ-သုံးဆယ်၊ ဝေဒနာ ရှိပါသည်။ ။

မေး။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ဝေဒနာဘယ်နှစ်ပါး ခံစားပါသနည်း။

ဖြေ။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ပုထုဇ္ဇန်များကဲ့သို့ ဝေဒနာငါးပါးလုံးပင် ခံစားပါသည်။

မေး။ ။သကဒါဂါမိပုဂ္ဂိုလ်သည်၊ဝေဒနာ ဘယ်နှစ်ပါး ခံစားပါသနည်း။

ဖြေ။ ။သကဒါဂါမိ ပုဂ္ဂိုလ်သည်၊ ပုထုဇ္ဇန် သောတာပန်တို့နှင့်၊ အတူတူပင် ခံစားပါသည်။

မေး။ ။အနာဂါမိပုဂ္ဂိုလ်သည်၊ဝေဒနာဘယ်နှစ်ပါး ခံစားရပါသနည်း။

ဖြေ။ ။သုခ ဒုက္ခ ဥပေက္ခာ သောမနဿ၊ ဤဝေဒနာ လေးပါး ခံစားပါသည်။

မေး။ ။ရဟန္တာပုဂ္ဂိုလ်သည်၊ဝေဒနာ ဘယ်နှစ်ပါး ခံစားပါသနည်း။

ဖြေ။ ။သုခ ဒုက္ခ ဥပေက္ခာ၊ ဤဝေဒနာ သုံးပါးကိုသာ ခံစားပါသည်။ သောမနဿ ဒေါမနဿ ဝေဒနာနှစ်ပါးကို ပယ်ရှားပါသည်။

မေး။ ။ဤ·ဝေဒနာ ငါးပါးသည်၊ အကျိုးအကြောင်း အားဖြင့်၊ အဘယ်ကဲ့သို့ ထူခြားပါသနည်း။

ဖြေ။ ။ပဉ္စက္ခ၊ ပဝတ္တိအခါ၌ ခံစားသော၊ ဤဝေဒနာ ငါးပါးတွင်၊ သောမနဿ ဒေါမနဿ ဝေဒနာ နှစ်ပါးသည်။ အကြောင်းတရား တဏှာနယ်က ဖြစ်ပါသည်။ ။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါးသည်၊ အကျိုးတရား ဖြစ်၍၊ အာသဝေါကုန်ခန်းကြသော၊ ရဟန္တာ အရှင်မြတ်တို့သည်၊ အကြောင်း ဝေဒနာ နှစ်ပါးချုပ်၍၊ အကျိုး ဝေဒနာကိုသာ ခံစား၍ နေကြပါသည်။

မေး။ ။ဤဝေဒနာငါးပါး ခံစားပုံ၌၊ ဗမာစကား သက်သက်ဖြင့်၊ ဥပမာများနှင့် ဖြေဆို၍ပြပါ။

ဖြေ။ ။လူတယောက်၌အလွန်အရုပ်ဆိုးသောနှစ်မပျိုတယောက်။ အလွန် အဆင်း လှသော နှစ်မပျိုတယောက်အားဖြင့် နှစ်ယောက်ရှိ၏။ ထိုသူသည် မိမိ၏ နှစ်မတို့ကို၊ အရုပ်ဆိုးမှန်းသိသောအခါ၊ လှမှန်းသိသောအခါ။ လျစ်လျူနေသောအခါအားဖြင့်၊မိမိ၏နှစ်မနှစ်ယောက်အပေါ်၌၊ ကြည့်ရှုနေခြင်းအခါသုံးပါးရှိ၏။ ။ထိုသူသည် အလွန်လှပသော အခြားကမိန်းမကလေးတယောက်ကို တွေ့မြင်သောအခါ၊ ရှေးဦးစွာ လှမှန်းသိခြင်း။ နောက်- ထိုမိန်းမကလေးကို နှစ်သက်ခြင်းဖြစ်၏။ ။အလွန်အရုပ်ဆိုးသောမိန်းမကလေးကိုတွေ့မြင်သောအခါ။ ရှေးဦးစွာအရုပ်ဆိုးသည်ကို သိခြင်း၊ နောက်အမြင်ကပ်၍ မုန်းခြင်းဖြစ်၏။ ဤဥပမာကဲ့သို့ ပုထုဇ္ဇန်။ သောတာပန်။ သကဒါဂါမ်။ ပုဂ္ဂိုလ် သုံးမျိုးသည်၊အလွန်အဆင်းလှသောရူပါရုံတခုကိုတွေ့ထိလျှင်၊ လျစ်လျူရှုဘဲ့ ဥပေက္ခာဝေဒနာကိုလည်းခံစား၏၊လှမှန်းသိရုံမျှ။သုခဝေဒနာကိုလည်းခံစား၏။ထိုချင်နှစ်သက်သော။ သောမနဿ ဝေဒနာကိုလည်း ခံစား၏။ အလွန် အရုပ်ဆိုး အကျည်း တန်သော အဆင်း ရူပါရုံကို တွေ့ရှိသော အခါလည်း။ လျစ်လျူရှု၍ ဥပေက္ခာဝေဒနာကိုလည်းခံစား၏။အရုပ်ဆိုးမှန်း သိကာမျှ။ ဒုက္ခဝေဒနာကိုလည်း ခံစား၏။ ငုံ့ခြင်း-မုန်းခြင်း။ ဒေါမနဿဝေဒနာကိုလည်း ခံစား၏။

အနာဂါမ် ပုဂ္ဂိုလ်များသည်။မိမိနှစ်မ နှစ်ယောက်နှင့်၊ အလွန်လှသော အခြားမိန်းမ ကလေးကို ကြည့်ရှု သလိုနှင့်တူ၏၊အရုပ်ဆိုးသောမိန်းမကလေးအဆင်းကို မြင်ရသော်

လည်း လျှစ်လျူရှုခြင်း ဥပေက္ခာ။ အရုပ်ဆိုးမှုန်း သိကာမျှ ဒုက္ခဝေဒနာ နှစ်ပါးသာရှိ၏။ စိတ်ဆိုးသော ဒေါမနဿ ဝေဒနာကို ပယ်၏။ ။ ရဟန္တာပုဂ္ဂိုလ်သည်၊ အခြား အရုပ်ဆိုးသော မိန်းမကလေး လှသော မိန်းမကလေးကို တွေ့မြင်ရသော်လည်း၊ မိမိ၏နှစ်မနှစ်သက်ကိုကြည့် ရှု၍နေသကဲ့သို့။ ဥပေက္ခာသုခ ဒုက္ခဝေဒနာသုံးပါးနှင့်သာ ခံစား၍၊ ပရိနိဗ္ဗူစံဝင်တော်မူလေ၏။

ဝေဒနာအမေးအဖြေပြီး၏။

**တဏှာအမေးအဖြေကိုပြလတ်း။**

မေး။ ။ ဝေဒနာခြောက်ပါး၊ အပြားသုံးဆယ်ကြောင့်၊ ဖြစ်ပေါ်လာသော တဏှာသည်၊ ဗမာလို အဘယ်ကဲ့သို့ ခေါ်ဆိုပါသနည်း။

ဖြေ။ ။ သာယာခြင်း၊ ခင်တွယ်ခြင်း၊ နှစ်သက်ခြင်း၊ တပ်မက်မောခြင်း၊ တွယ်တာခြင်း လိုချင်ခြင်း အားဖြင့်၊ ဗမာစကား အမျိုးမျိုးခေါ်ပါသည်။

မေး။ ။ တဏှာသည်၊ ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ။ ။ အဆင်းအလှကြိုက်–ရူပတဏှာလည်းတပါး၊ အသံသာသာ ယာယာကြိုက်– သဒ္ဒတဏှာလည်းတပါး၊ အနံ့ကောင်းကောင်းကြိုက်– ဂန္ဓတဏှာလည်း တပါး။ အချိုအချဉ် အဆိမ့်စသော ရသာကြိုက်– ရသာတဏှာ လည်း တပါး၊ အဝတ်ကောင်း, အတွေ့အထိ, သိမ်သိမ် မွေ့မွေ့ကြိုက် ဖေါဋ္ဌဗ္ဗတဏှာလည်းတပါး။ တောင်

တောင် ဤဤ။ ထွေထွေရာရာ၊စိတ်ကူးကြံ၍- မွေ့တဏှာ လည်း တပါးအားဖြင့်၊တဏှာခြောက်ပါးရှိပါသည်။

မေး။ ။ဤတဏှာခြောက်ပါးကို၊ ဘယ်ပုဂ္ဂိုလ်မျိုးပယ်နိုင်ပါသနည်း။

ဖြေ။ ။ပုထုဇ္ဇန်၊သောတာပန် သကဒါဂါမ်၊အနာဂါမ် ပုဂ္ဂိုလ် တို့ မပယ်နိုင်၊ ရဟန္တာပုဂ္ဂိုလ်များမှ ပယ်နိုင် ပါသည်။

မေး။ ။ဝေဒနာကြောင့် တဏှာ ဖြစ်သည် ဆိုသော စကားအရ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ဥပေက္ခာဝေဒနာ သုံးပါးက၊အဘယ်ကဲ့သို့ တဏှာကိုကူးကြပါသနည်း။

ဖြေ။ ။ဒုက္ခဝေဒနာခံစားသူသည်၊ သုခ။ ချမ်းချမ်းသာ သာကို အလိုရှိ၍။တဏှာကို ကူးပါသည်။ ။သုခဝေဒနာ ခံစားသူသည်။ထို့ထက်လွန်လွန်မင်းမင်း ချမ်းသာခြင်းကို အလိုရှိသဖြင့်။ တဏှာကိုကူးပါသည်။ဥပေက္ခာ ဝေဒနာ သည်။သုခ ဒုက္ခနှစ်ပါးတို့၌၊မထင်ရှားသောဝေဒနာဖြစ်၍ သုခ-ဒုက္ခ နှစ်ပါးတို့၌၊ ထင်ထင်ရှားရှား ခံစား လိုသဖြင့်၊ တဏှာကို ကူးပါသည်။

မေး။ ။ဤဝေဒနာနှင့်တဏှာအကြား၌ ပဋိစ္စသမုပ္ပါဒ်၊ အဘယ်ကဲ့သို့ ပြတ်အောင်ဖြတ်ပါမည်နည်း။

ဖြေ။ ။အဆင်းရူပါရုံကိုတွေ့မြင်သောအခါ၊မကောင်း ထာကို၊မကောင်းတာမှန်းသိကာမျှဒုက္ခဝေဒနာ၊ ကောင်း တာကို၊ကောင်းတာမှန်းသိကာမျှ၊သုခဝေဒနာ၊ လျစ်လျူ ရှုခြင်း ဥပေက္ခာဝေဒနာ။ ဤသုံးပါးတွင် နေနိုင်ပါက ပဋိစ္စသမုပ္ပါဒ် ပြတ်ပါ၏။ ။အဆင်း စသော အာရုံ

ခြောက်ပါးတို့၌ ကောင်းတာကို၊ ကောင်းတာမှန်းသိကာ မျှတွင် မနေဘဲ၊ လိုချင်နှစ်သက် သာယာခြင်း ခံစားမှု၊ သောမနဿ ဝေဒနာကို ရောက်လျှင်၊ တဏှာနယ်သို့ ရောက်ပြီ ဆိုတာကို သိကာမျှတွင် မနေဘဲ၊ စိတ်ဒေါသ ဖြစ်၍၊ ဒေါမနဿဝေဒနာသို့ ရောက်လျှင်၊ တဏှာနယ်သို့ ကူးခြင်း။ ဤဒေါမနဿဝေဒနာ၊ သောမနဿဝေဒနာ နှစ်ပါးသည် တဏှာနယ်ကဖြစ်၍၊အကြောင်းတရား ငါးပါး နယ် သို့ ရောက် ၍၊ ပ ဋိ စ္စ သ မု ပ္ပါ ဒ် မ ပြတ် နိုင် ခြင်း ဖြစ်ပါသည်။

တဏှာ အမေးအဖြေပြီး၏။

## ဥပါဒါန်အမေးအဖြေကို ပြဆိုခန်း။

မေး။ ။တဏှာကြောင့် ဖြစ်ပေါ်လာရသော၊ဥပါဒါန် ဆိုသောစကားသည် ဗမာလို အဘယ်ကဲ့သို့၊ ခေါ်ပါသနည်း။

ဖြေ။ ။ဥပါဒါန် ဆိုသော စကားသည် စွဲလမ်းခြင်း၊ မဂ်ဖိုလ်ကို မရသမျှ၊ ကမ္ဘာအဆက်ဆက်မှစ၍၊ စွဲလမ်းခြင်းကိုခေါ်ပါသည်။

မေး။ ။ဥပါဒါန်သည်၊ဘယ်နှစ်မျိုးရှိပါသနည်း၊။

ဖြေ။ ။ကာမုပ္ပါဒါန်။ ဒိဋ္ဌုပ္ပါဒါန်၊ သီလဗ္ဗတုပ္ပါဒါန်၊ အတ္တဝါဒုပ္ပါဒါန်ဟူ၍၊လေးမျိုးရှိပါသည်။

မေး။ ။ကာမုပ္ပါဒါန် ဟူသည်။ အဘယ်ကို ခေါ်ပါသနည်း။

ဖြေ။ ။အတွင်းအပြင်-သက်ရှိသက်မဲ့ဖြစ်သော၊ ပစ္စည်းဥစ္စာ,ရတနာရွှေငွေ။ ဆန်ရေစပါး။ သားမယား,ကျွန်ကျေးတို့နှင့်တကွ၊ မိမိ၏ ရုပ်နာမ်ခန္ဓာတရားတို့၌၊ ငါ့ရွှေ-ငါ့ငွေ-ငါ့လယ်-ငါ့ယာ၊ ငါ့လင်-ငါ့သား-ငါ့မယား၊ ငါ့ရုပ်-ငါ့နာမ်-ငါ့ခန္ဓာ-စသည်ဖြင့်၊ ငဲ့ကွက်တွယ်တာတက်သော လောဘတရားကို၊ ကာမုပါဒါန်ဟု ဆိုပါသည်။

မေး။ ဒိဋ္ဌုပါဒါန်ဟူသည်၊ အဘယ်ကိုဆိုပါသနည်း။

ဖြေ။ ။အယူမှားဆယ်မျိုး၊ ခြောက်ဆယ့်နှစ်မျိုးတို့ကို ဒိဋ္ဌုပါဒါန်ဟုခေါ်ပါသည်။ ။ထိုအယူမျိုးတို့ကား-နတ္ထိဒိန္နံ၊ ပေးအပ်သော အလှူဆယ်မျိုးတို့၏၊ အကျိုးမရှိဟုယူခြင်း။ နတ္ထိယိဋ္ဌံ၊ အလုံးစုံသောသူတို့နှင့်၊ ဆက်ဆံသော အလှူကြီးပေးခြင်း၌၊ အကျိုးမရှိဟုယူခြင်း။ ။နတ္ထိဟုတ္တံ၊ ဧည့်သည်အာဂန္တုတို့အား၊ ပြုအပ်သော ပူဇော်သက္ကာ ပြုသည့်အရာ၌၊ အကျိုးမရှိဟုယူခြင်း။ ။နတ္ထိသုကတဒုက္ကဋာနံ၊ ဖလံဝိပါကော၊ ကုသိုလ်ကံ- အကုသိုလ်ကံတို့၏ အကျိုးမရှိဟု ယူခြင်း။ ။နတ္ထိအယံလောကော၊ ပစ္စုပ္ပန်လောကမရှိဟု ယူခြင်း။ ။နတ္ထိပရောလောကော၊ တမလွန်လောကမရှိဟုယူခြင်း။ ။နတ္ထိမာတာ၊ အမိ၌ ကောင်းစွာကျင့်ခြင်း မကောင်းကျင့်ခြင်းတို့သည်၊ အကျိုးအပြစ်မရှိဟုယူခြင်း။ နတ္ထိပိတာ၊ အဘ၌-ကောင်းစွာကျင့်ခြင်း မကောင်းကျင့်ခြင်းတို့သည်၊ အကျိုးအပြစ်မရှိဟုယူခြင်း။ ။နတ္ထိသတ္တာ၊ ဩပပါတိကာ၊ နတ်ဗြဟ္မာမရှိဟုယူခြင်း။ ။နတ္ထိလောကေ၊ သမဏဗြာဟ္မဏာ၊ ကောင်းသော အကျင့်ကိုကျင့်သော၊ ရဟန်း,ပုဏ္ဏား ဘုရား,ပစ္စေကဗုဒ္ဓါ,

ရဟန္တာမရှိဟုယူခြင်း။ ဤဆယ်ပါးသောမိစ္ဆာဒိဋ္ဌိအယူကို၊ မိစ္ဆုပါဒါန်ဟု-ခေါ်ပါသည်။

မေး။ ။သီလဗ္ဗတုပါဒါန်ဟူသည်၊ အဘယ်ကိုဆိုပါသနည်း။

ဖြေ။ ။အကျင့်သီလ တရားတို့သည်၊ ဘုံသုံးပါး၌သာ အကျိုးပေးတာ မှန်ပါလျက်၊ မှန်သည့်အတိုင်းကို မယူဘဲ၊သံသရာမှ- သီလတရားနှင့်၊ ထွက်မြောက်၏ဟု မှားသောယူခြင်းကို၊ သီလဗ္ဗတုပါဒါန်ဟု ခေါ်ပါသည်၊

မေး။ ။အတ္တဝါဒုပါဒါန်ဟူသည်၊အဘယ်ကိုဆိုပါသနည်း။

ဖြေ။ ။ရုပ်နာမ်ခန္ဓာတရားတို့၌၊ပုဂ္ဂိုလ်သတ္တဝါ၊ငါ, သူတပါး၊ယောကျ်ား- မိန်းမ, စသည်ဖြင့်၊ မှားသော သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို၊ အတ္တဝါဒုပါဒါန်ဟု- ခေါ်ပါသည်။

မေး။ ။ထိုပဋိစ္စသမုပ္ပါဒ် ဒေသနာ၌၊တဏှာကလည်း ခင်မင်တွယ်တာခြင်း သဘော၊ဥပါဒါန်ကလည်း၊ စွဲလမ်းကပ်ငြိခြင်း သဘောပင်ဖြစ်၍၊ အဘယ်သို့- ခြားနားကြပါသနည်း။

ဖြေ။ ။ခိုးသူသည်၊မရသေးသော ပစ္စည်း, ဥစ္စာတို့ကို၊လိုက်၍ စမ်းသကဲ့သို့၊ မိမိလက်သို့မရောက်၊ မရသေးသော အာရုံများကို၊ လိုလားတောင့်တမှုကို တဏှာ ခေါ်ပါသည်။ယခင်ခိုးသူသည်၊ ရှာဖွေ၍ တွေ့သောဥစ္စာကိုမလွှတ်ဘဲ၊ မြဲစွာဆုပ်ကိုင်၍ထားသကဲ့သို့၊ မိမိထံသို့ ရောက်ပြီး- ရပြီးသော အာရုံများ၌၊ခုံမင်စုံမက်- မလွှတ်

ရက်ဘဲ၊ခိုင်မြဲစွာ စွဲလမ်းမှုကို ဥပါဒါန်ဟု- ခေါ်ပါသည်။

မေး။ ။ဤဥပါဒါန် လေးပါးကို၊ ဘယ်လို ပုဂ္ဂိုလ်များ ပယ်ဖြတ်နိုင်ပါသနည်း။

ဖြေ။ ။သောတာပန်- ပုဂ္ဂိုလ်သည်၊ အတ္တဝါဒုပ္ပါဒါန်၊ သီလဗ္ဗတုပ္ပါဒါန် ဒိဋ္ဌုပ္ပါဒါန်-သုံးပါးကိုပယ်သတ်နိုင်ပါသည်။သကဒါဂါမ်အနာဂါမ်တို့လည်း၊ဤသုံးပါးအပြင်၊ တိုး၍ ပယ်နိုင်ခြင်းမရှိပါ၊ ရဟန္တာပုဂ္ဂိုလ်ကျမှ၊ ကာမုပ္ပါဒါန်ကို ပယ်နိုင်ပါသည်။

မေး။ ။အနာဂါမ်ပုဂ္ဂိုလ်သည်၊ ကာမရာဂ-ဗျာပါဒကို၊ပယ်သည်ဟုဆိုပါလျက်၊ အဘယ်ကြောင့်၊ ကာမုပ္ပါဒါန်ကို မပါနိုင်ပယ်သနည်း။

ဖြေ။ ။ကာမုပ္ပါဒါန်သည်၊ ကာမဂုဏ် ငါးပါးကို၊ တပ်နှစ်သက်သော တဏှာသက်သက်ဖြစ်၍၊ အနာဂါမ်မပယ်နိုင်၊ရဟန္တာမှ ပယ်နိုင်ပါသည်။ကာမရာဂ၊ ဗျာပါဒဆိုသော စကားသည်၊ ဗျာပါဒ-က ဒေါသဖြစ်သည်။ ကာမ- ရာဂ-က ကာမဂုဏ် ငါးပါး၊ တဏှာတို့နှင့်တွေ့ထိသောအခါ၊ ငြိမ်းတွင်မနေဘဲ၊ ကာမရာဂ သံသဂ္ဂပြုလိုသော၊ ဒေါသစိတ်ကြမ်းကြီးကို ဆိုသဖြင့်၊ တဏှာကြောင့်ဖြစ်သော ဒေါသကိုသာ ဆိုခြင်းကြောင့်၊ အနာဂါမ် ပုဂ္ဂိုလ်များ မပယ်နိုင်ဖြစ်ပါသည်။

မေး။ ။ဤအရာ၌ ထင်ရှားစွာ သိလိုပါသည်။

ဖြေ။ ။အဘိဓမ္မတ္ထ သင်္ဂြိုဟ် ကျမ်း ၌၊ ဒေါသကို ပယ်ကြောင်း ပြသည့်တချက်၊ ကာမသံသဂ္ဂစိတ်သည် တဏှာကြောင့် ဖြစ်သော ဒေါသဟု၊ မိမိကိုယ်ကို မိမိ

စဉ်းစား၍ကြည့်ကာ၊ ကောန် ဒေါသစိတ်ဟု သိမည်တချက်၊ အကယ်၍အနာဂါမ်ပုဂ္ဂိုလ်က ကာမပွါဒါန် ပယ်လိုက်လျှင်၊ ရဟန္တာ ပယ်စရာ ကိလေသာ မရှိဘဲ နေလိမ့်မည်လည်း တချက် ဖြစ်ပါသည်။

မေး။ ။အနာဂါမ်တို့၏ အာရုံနေပုံကို သိလိုပါသည်။

ဖြေ။ ။အနာဂါမ် တို့ သည်၊ အဆင်း အနိဋ္ဌာရုံ မကောင်းတာကိုမြင်လျှင်၊ မကောင်းမှန်းသိ၏ စိတ်ဒေါသ မဖြစ်၊ အဆင်းဣဋ္ဌာရုံ ကောင်းကောင်း လှလှပပကိုမြင်လျှင်၊ ကောင်းမှန်းသိ၏၊ လိုချင်တပ်နှစ်သက်၏၊ ကြိုက်၏။ ကာမသံသဂ္ဂ ပေါင်းဘော်ယှက်တင် ပြုချင်သောစိတ်မရှိ၊ အသံ အဆိုး, အကောင်းကို ကြားသောအခါ၌လည်း ဤနည်းတူ၊ အာရုံ ခြောက် ပါး လုံး မှာ ပင်၊ နှစ်သက်သာယာ ခံစား၏။ ကာမဂုဏ်သံသဂ္ဂ ပေါင်းဖေါ်ခြင်းစိတ်ကိုသာဖြစ်ပါသည်။အရပ်စကားကျကျ ခေါ်ဆိုလျှင် အနာဂါမ်ပုဂ္ဂိုလ်သည် အာရုံခြောက်ပါး၌၊ နောက်မိုးမိုးတုံး ရှိပါသေးသည်။ သံသဂ္ဂဖြင့် ပေါင်းဘော်ချင်တဲ့စိတ်သာ ကုန်ပါသေးသည်။အလိုချင် အကြိုက် မကုန်သေးပါ။

ဥပါဒါန် အမေးအဖြေ ပြီး၏။

---

## ဘဝအမေးအဖြေကိုပြခန်း

မေး။ ။ဥပါဒါန် လေးပါးကြောင့် ဖြစ်ပေါ်လာရသော ဘဝသည်၊ ဗမာစကားဖြင့်၊ အဘယ်ကဲ့သို့ ခေါ်ပါသနည်း။

ဖြေ။ ။ဘဝဆိုသော စကားသည်၊ ဖြစ်ခြင်းကိုခေါ်ပါသည်။

မေး။ ။ဘဝသည် ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ ။ကမ္မဘဝ၊ကုသိုလ်ကံ အကုသိုလ်ကံဖြစ်ခြင်းတပါး၊ဥပပတ္တိဘဝ၊ဘုံကိုးပါး၌ဖြစ်ခြင်းတပါးအားဖြင့်၊ နှစ်မျိုးရှိပါသည်။

မေး။ ကမ္မဘဝသည်၊အဘယ်ကို ခေါ်ပါသနည်း၊

ဖြေ။ ။အဝိဇ္ဇာပစ္စယာသင်္ခါရာဟူသောပုဒ်၌၊ ပြဆိုခဲ့ပြီးသော၊ကာမကုသိုလ်စိတ် ၈ခု၊ အရူပ ကုသိုလ်စိတ်ငါးခုဟူသော၊ပုညာဘိသင်္ခါရလည်း တပါး၊ အကုသိုလ်စိတ်ဆယ့်နှစ်ခုဟူသော၊အပုညာဘိသင်္ခါရလည်းတပါး၊ အရူပကုသိုလ်စိတ် လေးခုဟူသော၊ အာနဉ္ဇာဘိသင်္ခါရလည်းတပါး။ ။ဤ-လောကီ ကုသိုလ် အကုသိုလ် စေတနာနှစ်ဆယ့်ကိုးခုကို ကမ္မဘဝ-ဟုခေါ်ပါသည်။

မေး။ ။ဥပပတ္တိဘဝကိုးပါးကို သိလိုပါသည်။

ဖြေ။ ။ကမ္မဘဝသည်၊ အပါယ်လေးပါး လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်။ဤဆယ့်တဘုံကို ခေါ်ပါသည်။ ၁

ရူပ ဘဝသည်၊ ရူပဗြဟ္မာ ဆယ့်ခြောက်ဘုံကို ခေါ်ပါသည်။

အရူပဘဝသည်။ အရူပလေးဘုံကို ခေါ်ပါသည်။ ၃ ။

စိတ်သညာရှိသောကာမဆယ့်တဘုံ။ရူပဆယ်ငါးဘုံ။ အာကာသာနဉ္စာယတန။ဝိညာနဉ္စာယတန အာကိဉ္စညာယတန- ဟူသော။ အရူပ သုံးဘုံ၊ ဤနှစ်ဆယ့် ကိုးဘုံကို သညာဘဝဟူ၍ ခေါ်ပါသည်။ ၄ ။

ရုပ်ခန္ဓာသာရှိ၍၊ စိတ်သညာမရှိသော၊ အသညသတ်ဘုံကို၊ အသညသတ္တဘဝဟူ၍ ခေါ်ပါသည်။ ၅ ။

ရုန့်ရင်းသော စိတ်သညာမရှိ၍ သိမ်မွေ့သော စိတ်သညာကား မရှိသည်မဟုတ်သော၊ နေဝသညာနာသညာယတနဘုံကို၊ နေဝသညာ နာသညာဘဝ ဟူ၍ ခေါ်ပါသည်။ ၆ ။

ရုပ်ခန္ဓာ တပါးသာရှိသော၊ အသညသတ်ဘုံကို။ ဧကဝေါကာရဘဝဟူ၍ခေါ်ပါသည်။ ၇ ။

နာမ်ခန္ဓာလေးပါးသာရှိသော၊ အရူပလေးဘုံကို၊ စတုဝေါကာရဘဝဟု ခေါ်ပါသည်။ ၈ ။

ခန္ဓာ ငါးပါးလုံးရှိသော။ ကာမဆယ့်တဘုံနှင့်၊ ရူပဆယ့်ငါးဘုံတို့ကို။ ပဉ္စဝေါကာရဘဝဟုခေါ်ပါသည်။ ၉၊

မေး။ ။ဤလောကီ ကုသိုလ်ဟူသမျှ။ ကမ္မဘဝနှင့် ဘဝကြီး ကိုးပါး။ ဥပပတ္တိ ဘဝသည်။ အဘယ်ကဲ့သို့ ထူးခြားပါသနည်း။

ဖြေ။ ။ကမ္မဘဝက အကြောင်းတရားဖြစ်၍။ ဘဝကြီး ကိုးပါးက။ အကျိုးတရားဖြစ်ပါသည်။

မေး။ ။နောက်က ပြလာခဲ့သော၊ သင်္ခါရသုံးပါးကလည်း ကုသိုလ်ကံ အကုသိုလ်ကံကိုပြသည်။ ကမ္မဘဝကလည်း။သင်္ခါရသုံးပါး၏။ ကုသိုလ်ကံ အကုသိုလ်ကံကိုဘဲပြသည်ဖြစ်၍၊ သင်္ခါရနှင့်။ ကမ္မဘဝသည်။ အဘယ်ကဲ့သို့ ထူးခြားကြပါသနည်း။

ဖြေ။ ။သင်္ခါရ သုံးပါးကံသည်။ ယခုပစ္စုပ္ပန် ဘဝကို ဖြစ်စေတတ်သော ကံကို ပြပါသည်။ ။ကမ္မဘဝ

သုံးပါးကံသည်။ ရှေးအတိတ်ခန္ဓာကို ဖြစ်စေတတ်သော အကြောင်းကိုပြပါသည်။

မေး။ ။တနည်းအားဖြင့်။ အဘယ်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ။နောက်က ပြကဲ့သော သင်္ခါရသုံးပါးသည်။ ယာဉ်ပဋ္ဋပြွန်ဘဝသို့ ဖြစ်စေရန် ဟောရာ၌။ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကို ပြပါသည်။ ယာဉ်-ကမ္မဘဝ၌။ ပစ္စုပ္ပန်ကံကို ဟောခြင်းကြောင့်၊ ကုသိုလ် အကုသိုလ အဗျာကတ တရား သုံးပါးလုံးကို ပြပါသည်။

မေး။ ။အရိယာ ပုဂ္ဂိုလ်တို့သည်။ ဤ ကမ္မ ဘဝ၌။ အဘယ်ကံကိုပြတ်၍၊ အဘယ်ကံများ ကျန်ပါသနည်း။

ဖြေ။ ။သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ် နှစ်မျိုးသည်။ အကုသိုလ်ကံ ပြတ်၏။ အနာဂါမ် ပုဂ္ဂိုလ်သည်၊ ကာမကုသိုလ်ကံပြတ်၏။ ရဟန္တာပုဂ္ဂိုလ်သည်၊လောကီ ကုသိုလ် အကုသိုလ်ကံ ပြတ်၍၊ အဗျာကတ ကံသာ ကျန်ပါသည်။

မေး။ ။ဥပပတ္တိဘဝကို၊အရိယာပုဂ္ဂိုလ်တို့၊အဘယ် ကဲ့သို့ ပယ်ဖြတ်၍သွားကြပါသနည်း။

ဖြေ။ ။သောတာပန်နှင့်၊သကဒါဂါမ်ပုဂ္ဂိုလ်သည်၊ အပါယ်လေးပါးနှင့်၊အသညသတ်ဘုံကို၊ ပယ်ဖြတ်နိုင်ပါ သည်။အနာဂါမ်ပုဂ္ဂိုလ်သည်၊ကာမဆယ့်တဘုံနှင့်၊ ရူပ ဆယ့်တဘုံ၊ အရူပလေးဘုံတို့ကို၊ ပယ်ဖြတ်နိုင်ပါသည်။

ရပ်ာနှံ ၁ပုဂ္ဂိုလ်သည်၊ဘုံသုံးဆယ် တစ်၊ဘဝကြီးကိုးပါး ကို ပယ်ဖြတ်နိုင်ပါသည်။

ဘဝ အမေး အဖြေ ပြီး၏။

---

## ဇာတိ အမေး အဖြေကို ပြခဏ်း။

မေး။ ။ကမ္မ ဘဝကြောင့် ဖြစ်ပေါ် လာရသော၊ ဇာတိတရားကို၊ဗမာလို အဘယ်ကဲ့သို့ခေါ် ဆိုပါသနည်း။

ဖြေ။ ။ဇာတိဆိုခြင်းကား၊ သတ္တဝါတို့သေ၍၊ဘဝ အသစ်ယူခြင်းကိုခေါ် ပါသည်။

ဇာတိ အမေး အဖြေ ပြီး၏။

---

## ဇရာ အမေး အဖြေကို ပြဆိုခဏ်း။

မေး။ ။ဇာတိရှိက၊ဖြစ်ပေါ် လာရသောဇရာတရား သည်၊ အဘယ်ကို ဆိုပါသနည်း။

ဖြေ။ ။ထိုထို သတ္တဝါမျိုးတို့၏၊အိုမင်းရင့်ရော်ခြင်း၊ သွားကျိုးဆံပြူခြင်း၊အရေတွန့်ခြင်း၊အသက်၏ဆုတ်ယုတ် ခြင်း မျက်စိ-နားစသော ဣန္ဒြေတို့၏ရင့်ကျက်ခြင်းကို ခေါ် ပါသည်။

မေး။ ။ဇာတိရှိက၊ ပေါ် လာရသော၊မရဏ တရား ဟူသည် အဘယ်ကို ဆိုပါသနည်း။

ဖြေ။ ။မြင်မြင်သမျှ သတ္တဝါတို့၏ ရွေ့လျောသွား ခြင်း၊ ပျက်သွားခြင်း၊ ကွယ်ပျောက်သွားခြင်း၊ သေသွား

ခြင်း၊ အသုံးကိုပြုသွားခြင်း၊ ရုပ်အလောင်းကောင်ကြီးကို ပစ်ချရခြင်း၊ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းကို၊မရဏဟူ၍ ဆိုလို ပါသည်။

မေး။ ။ဇာတိရှိက၊ပေါ်လာရသော၊ သောကတရား ဟူသည်၊ အဘယ်ကို ဆိုလိုပါသနည်း။

ဖြေ။ ။ဆွေမျိုးဉာတိတို့၏၊ ပျက်စီးမှုနှင့် တွေ့သော သူအားရင်း၊ စီးပွါးချမ်းသာ ပျက်စီးမှုနှင့် တွေ့သောသူ အားရင်း၊ အနာရောဂါဘေးနှင့် တွေ့သော သူ အားရင်း၊ သီလကို ဖျက်ဆီးတတ်သောတရားနှင့် တွေ့သောသူအား ရင်း၊သမ္မာဒိဋ္ဌိအယူကိုဖျက်ဆီးတတ်သောတရားနှင့် တွေ့ သောသူအားရင်း၊တခုခုသော ဗျသနတရား၊ တခုခုသော ဒုက္ခတရားနှင့် တွေ့ရသောသူအား စိုးရိမ်ခြင်း၊ စိတ်ကို လောင်မြိုက်ခြင်း၊ စိတ်နှလုံး မသာယာခြင်း၊ စိုးရိမ်ပူပန်မှု ဟူသော ဗြောင့်တံသင်းဖြင့်၊ ရှုးဝင်ခြင်းကို၊ သောက တရား ဟူ၍ ဆိုလိုပါသည်။

မေး။ ။ဇာတိရှိက၊ ပေါ်လာရသော၊ပရိဒေဝတရား သည်၊ အဘယ်ကို ဆိုလိုပါသနည်း။

ဖြေ။ ။နောက်က ပြခဲ့သော ဗျသနတရား ငါးပါးနှင့် တွေ့ကြုံရသောသူအား ငိုကြွေး မြည်တမ်းခြင်း၊ နှုတ်က မြွက်၍ ပူပန်ခြင်း၊သေသူ၏ ဂုဏ်ကျေးဇူးများဖြင့်၊ပြောဆို ခြင်းများကို၊ ပရိဒေဝတရားဟူ၍ ဆိုလိုပါသည်။

မေး။ ။ဇာတိရှိက၊ ပေါ်လာရသော ဒုက္ခတရား ဟူသည် အဘယ်ကို ဆိုပါသနည်း။

ဖြေ။ ။ကိုယ်၌ဖြစ်သော မသာမယာခြင်းကို၊ ကိုယ်၌ ဖြစ်သော ဆင်းရဲရခြင်းဟူသော၊ ကာယိကဒုက္ခကို၊ ဒုက္ခ တရားဟူ၍ ဆိုပါသည်။

မေး။ ။ဇာတိရှိက၊ ပေါ်လာရသော ဒေါမနဿ တရားဟူသည့် အဘယ်ကို ဆိုပါသနည်း။

ဖြေ။ ။စိတ်၌ဖြစ်သော မသာယာခြင်း စိတ်၌ဖြစ် သော ဆင်းရဲခြင်း ဟူသော၊ စေတသိကဒုက္ခကို၊ ဒေါမ နဿ ဟူ၍ ဆိုပါသည်။

မေး။ ။ဇာတိရှိက၊ ပေါ်လာ ရသော ဥပါယာသ တရားဟူသည့်၊ အဘယ်ကို ဆိုပါသနည်း။

ဖြေ။ ။နောက်က ပြခဲ့သည့်၊ ဗျသနတရား ငါးပါး တို့နှင့် တွေ့ရသောသူအား၊ သက်ကြီးငင်ရှိုက်၊ လှိုက်လှိုက် လှဲလှဲ၊ ဆင်းရဲပင်ပန်းရခြင်းကို ဥပါယာသတရား ဟူ၍ ဆိုပါသည်။

မေး။ ။သောက- ပရိဒေဝ- ဥပါယာသ တရား သုံးပါးတို့၏၊ သဘောလက္ခဏာ ထူးခြားပုံကို၊ ဥပမာ အားဖြင့်၊ အဘယ်ကဲ့သို့ မှတ်ရပါမည်နည်း။

ဖြေ။ ။အနည်းငယ်သောမီးကြောင့်ဒယ်အိုးထဲ၌သော လျှင်၊ ဆီစတို့၏ ကျက်နေ ခြင်းနှင့်၊ သောက တရား၏ စိုးရိမ် ပူပန်ပုံ တူပါသည်။ ။ပြင်းသော မီးကြောင့် ကျက် ရ သော ဆီ ၏ ပြင် သို့ ဝေ ၍ လျှံ ၍ ထွက် ခြင်း နှင့် ပရိဒေဝ တရား၏ ငိုကြွေးမြည်တမ်းပုံ တူပါသည်။ ။ ပြင်သို့ ဝေ၍လျှံ၍ ထွက်ပြီးသော၊ ဆီကျန် ဆီကြွင်း၏ ပြင်သို့ မထွက်လောက်သည်ဖြစ်၍၊ ဒယ်အိုးထဲ၌ ပင်လျှင်၊

ကုန်အောင် ခန်းအောင် ကျက်နေရခြင်းနှင့်၊ ဥပါယာသ
တရား၏ လိုက်လိုက်ညှဲလှဲ၊ဆင်းရဲပင်ပန်းရပုံတူပါသည်။

မေး။ ။အဝိဇ္ဇာအစ၊ ဥပါယာသ အဆုံးရှိသော၊
သင်းပဋိစ္စသမုပ္ပါဒ် တရားတို့သည်၊ အဘယ်သူ၏ ပြုပြင်
စီရင်မှုကြောင့်၊ ဖြစ်နေကြရပါသနည်း။

ဖြေ။ ။ပြုပြင် စီရင်တတ်သော၊ နတ်, လူ, ဗြဟ္မာ,
သတ္တဝါ, ပုဂ္ဂိုလ်ဟူ၍၊ မျှလောက်မျှ မရှိပါဘဲလျက်၊
ကြောင်းကျိုးနှစ်ရပ်၊ ဆက်စပ်ပြုပြင်၍နေမှုကြောင့်၊ သုခ
ဟူသည်၊ မျှမျှမဘက်၊သက်သက် ဒုက္ခတုံး ဒုက္ခခဲအစုသာ
ဖြစ်သော၊ ရုပ်နာမ်ခန္ဓာ တရားအပေါင်း၏၊ အကြောင်း
မချုပ်၍၊ တလှုပ်လှုပ် တလှဲလှဲ၊ အောက်, ထက်, ရပ်ထံ၊
ရုန်ဆန် သွား လာ၍ နေရ ခြင်း ဖြစ်ပါသည်။

မေး။ ။ဇရာ- မရဏ- သောက- ပရိဒေဝ- ဒုက္ခ
ဒေါမနဿ- ဥပါယာသ- ဤတရားများကို၊ အရိယာ
ပုဂ္ဂိုလ်များ အဘယ်ကဲ့သို့- ပယ်ဖြတ်၍ သွားကြပါ
သနည်း။

ဖြေ။ ။ဤ တ ရား စု ကို၊ သော တာ ပန်- သဒါဂါမ်
ပုဂ္ဂိုလ်များသည်၊ ပုထုဇ္ဇန်များကဲ့သို့၊ မပယ် မဖြတ်နိုင်
ကြပါ၊ အနာဂါမ်- ပုဂ္ဂိုလ်သည်၊ သောက- ပရိဒေဝ-
ဒေါ မ န ဿ-ဥ ပါ ယာ သ ဤ လေး ပါး ကို ပယ် နိုင် ပါ
သည်။ ။ရဟန္တာ ပုဂ္ဂိုလ်သည်၊ ခန္ဓပရိနိဗ္ဗာန်စံဝင်မှ၊
ဇရာ-မရဏ-ဒုက္ခတရားတို့ကို ပယ်ဖြတ်နိုင်ပါသည်။

ပဋိစ္စသမုပ္ပါဒ်-အမေး-အဖြေ ပြီး၏။

## နည်းလေးပါး အမေး-အဖြေကို ပြခန်း။

မေး။ ။ဤပဋိစ္စသမုပ္ပါဒ်၌၊မှတ်သားရန် နည်းတို့သည်၊ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။ဧကတ္တနည်း၊နာနတ္တနည်း၊အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းအားဖြင့်၊ လေးမျိုးရှိပါသည်။

မေး။ ။အဘယ်သို့ ဖြစ်ခြင်းကို၊ ဧကတ္တနည်း ခေါ်ပါသနည်း။

ဖြေ။ ။အဝိဇ္ဇာရှိခြင်းကြောင့်-သင်္ခါရသုံးပါးဖြစ်ရသည်၊ အဝိဇ္ဇာမရှိလျှင်၊ သင်္ခါရသုံးပါး မဖြစ်နိုင်၊ သင်္ခါရသုံးပါးကြောင့်၊ ဝိညာဏ်အသစ် ဖြစ်ရသည်။ သင်္ခါရသုံးပါး မရှိလျှင်၊ ဝိညာဏ်အသစ် မဖြစ်နိုင်၊ ဤသို့စသည်ဖြင့်၊ မျိုးစေ့၏ အညွန့် အညှောင့်ကစ၍၊ သစ်ပင်ဘဝသို့၊ တဆင့်ထက်-တဆင့်၊ ရောက်လာခြင်းကဲ့သို့၊ ရုပ်နာမ်ခန္ဓာတရားတို့၏ အကြောင်းအကျိုးအားဖြင့်၊အစဉ်မပြတ် ဖြစ်၍ နေခြင်းကို၊ ဧကတ္တနည်းဟူ၍ ဆိုပါသည်။

မေး။ ။ဤဧကတ္တနည်းကို ပိုင်နိုင်စွာသိလျှင်၊အဘယ် အကျိုးရှိပါသနည်း။

ဖြေ။ ။ဧကတ္တနည်းကို ကောင်းမွန်စွာ သိလျှင်၊ အကြောင်းနှင့် အကျိုး ဆက်စပ်၍သော၊ မပြတ်ဖြစ်နေရသော၊ ရုပ်နာမ် ခန္ဓာအစဉ်၏ အကြောင်း တရားရှိခဲ့လျှင်၊ အကျိုး တရားလည်း မပြတ်ကြောင်းကို ကောင်းစွာ သိမြင်ခြင်းကြောင့်၊ သေလျှင် ပျောက်၏ဟု အယူရှိကြသော၊ ဥစ္ဆေဒဒိဋ္ဌိ အယူမှားကို၊ ပယ်ရှားစွန့်ပစ်နိုင်ခြင်း အကျိုးရှိပါသည်။

မေး။ ။ဇကော္တဘ နည်းကို မရိပ်မိလျှင်၊ အဘယ် ဒိဋ္ဌိ ဖြစ်တတ်ပါသနည်း။

ဖြေ။ ။အဟောင်း ဖြစ်သော အကြောင်း တရားကြောင့်၊ အသစ်ဖြစ်သော အကျိုးခန္ဓာ၏ တခါဖြစ်ပေါ်လာမှုကို၊တခုတည်းသာဟု ယူမိခြင်းကြောင့်၊ သဿတဒိဋ္ဌိအယူ ဖြစ်တတ်ပါသည်။

မေး။ ။နာနတ္တနည်း ဟူသည်၊ အဘယ်ကို ဆိုပါသနည်း။

ဖြေ။ ။အဝိဇ္ဇာသည်၊မသိမမြင်ခြင်း လက္ခဏာရှိ၏။ အဝိဇ္ဇာကြောင့်-သင်္ခါရဖြစ်၏။ သင်္ခါရသည်၊ ပြုပြင်စီရင်ခြင်း လက္ခဏာရှိ၏။ သင်္ခါရကြောင့်-ပဋိသန္ဓေ ဝိညာဏ် အသစ်ဖြစ်ပေါ်လာရ၏။ ဤသို့စသည်ဖြင့်၊ ပဋိစ္စသမုပ္ပါဒ် ဓာတ်တရားတို့ကို၊ အသီးသီး သူ့လက္ခဏာနှင့်သူ့ကို၊ပိုင်းခြား မှတ်သားခြင်းကို၊ နာနတ္တနည်းဟူ၍ ဆိုပါသည်။

မေး။ ။ဤနာနတ္တနည်းကို၊ပိုင်နိုင်စွာသိလျှင်၊အဘယ် အကျိုးရှိပါသနည်း။

ဖြေ။ ။ဤနာနတ္တနည်းကို ပိုင်နိုင်စွာသိလျှင်၊ အဟောင်းအကြောင်းအဝိဇ္ဇာကြောင့် အသစ်သင်္ခါရအကျိုးကိုရသည်။အဟောင်းသင်္ခါရ အကြောင်းကြောင့်၊အသစ် ပဋိသန္ဓေ ဝိညာဏ်အကျိုးကိုရသည်။ စသည်တို့ကို သိမြင်လေတော့သည် ဖြစ်၍၊ အဟောင်းအသစ်၊ဟူ၍။ မစိစစ်တတ်-မပိုင်းခြားတတ်သော၊ သဿတဒိဋ္ဌိ အယူမှားကို ပယ်ရှားစွန့်ပစ်နိုင်ပါသည်။

မေး။ ။ဤနာနတ္တနည်းကို မရိပ်မိလျှင်၊ အဘယ်ဒိဋ္ဌိ ဖြစ်တတ်ပါသနည်း။

ဖြေ။ ။ဤနာတ္တနည်းကို မရိပ်မိသော်၊ အကြောင်း အကျိုးအစဉ်ဖြင့်၊အမျှင်မပြတ်သောခန္ဓာအစဉ်၌ကျသော အဝိဇ္ဇာသင်္ခါရ ဝိညာဏ်နာမ်ရုပ်စသော တရားအစုတို့၌။ တခုတခုစီ သက်သက်ယူပြီးလျှင်၊ အကြောင်းနှင့် အကျိုး မဆက်မစပ်မူ၍၊ ရောက်တတ်ရာရာ၊ တပိုင်း, တစနှင့်၊ ကျရာက ဘမ်း၍ယူတတ်သောကြောင့်။ ဥစ္ဆေဒဒိဋ္ဌိအယူ ဖြစ်တတ်ပါသည်။

မေး။ ။အဗျာပါရနည်းသည်၊ အဘယ်ကို ဆိုပါ သနည်း။

ဖြေ။ ။အဝိဇ္ဇာတရားက၊ ငါသင်္ခါရ သုံးပါး ဖြစ် အောင် လုပ် မည်။ သင်္ခါရသုံး ပါးတရားက။ငါပဋိသန္ဓေ ဝိညာဏ်ကို။ ဖြစ်အောင်လုပ်မည်။ဝိညာဏ်ကလည်း။ငါ, နာမ်ရုပ်တို့ကိုဖြစ်အောင်လုပ်မည်စသည်ဖြင့်။ကြောင့်ကြ စိုက် မှု- အား ထုတ် မှု ၏ မ ရှိ ခြင်း ကို။ အဗျာပါရနည်း ဆိုလိုပါသည်။

မေး။ ဤအဗျာပါရနည်းကိုသိလျှင်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။ဤအဗျာပါရ နည်းကို ပိုင်နိုင်စွာသိလျှင်။ ဆိုး ကောင်း, ယုတ်မြတ်ဖြစ်အောင်၊ပြုပြင်စီရင်တတ်သော၊ ပုဂ္ဂိုလ်ကောင်။သတ္တဝါကောင်၊ငါသူတပါး၊ ယောက်ျား မိန်းမကောင်စသည်တို့၏, မရှိကြောင်းကို၊ ကောင်းစွာ မြင် သိ နိုင် သော ကြောင့်။ ပုဂ္ဂိုလ်, သတ္တဝါ- ငါသူတပါး၊

ယောက်ျားမိန်းမဟု၊ ထင်မှတ်တတ်သည့်။ အတ္တဒိဋ္ဌိခေါ်သော၊သက္ကာယဒိဋ္ဌိတရားကို ပယ်ရှားစွန့်ပစ်နိုင်ပါသည်။

မေး။ ။ဤအဗျာပါရနည်းကိုမရိပ်မိလျှင်။အဘယ်ဒိဋ္ဌိဖြစ်တတ်ပါသနည်း။

ဖြေ။ ။ဤအဗျာပါရနည်းကိုမရိပ်မိလျှင်။ ဆိုးကောင်းယုတ်မြတ်ဖြစ်အောင်၊ ရွက်ဆောင်အားထုတ်၊ ပြုလုပ်နိုင်သည့်ပုဂ္ဂိုလ်, သတ္တဝါ၊ နယ်လှူ ပြဟ္မာဟူ၍။ မျှလောက်မျှမရှိပါသော်လည်း။ ဓမ္မနိယာမဟူသော ပရမတ်သဘောတရားတို့၏ ထုံးစံအတိုင်း။ အဝိဇ္ဇာ အကြောင်းကြောင့်။ သင်္ခါရ အကျိုး ဖြစ် ပေါ်လာ ရခြင်း၊ သင်္ခါ ရ သုံး ပါး အကြောင်းကြောင့်၊ဝိညာဏ်အကျိုး အသစ် ဖြစ်ပေါ်လာရခြင်း စသည့်တို့ကို၊ မမှတ်နိုင် မယူဆနိုင်ခြင်းကြောင့်။ အကြိယဒိဋ္ဌိ အယူ မှား ကြီး ကို အား ကြီး စွဲ လမ်း ၍ယူတတ်ပါသည်။

မေး။ ။ဧဝံဓမ္မတာနည်းဟူသည်၊အဘယ်ကိုဆိုလိုပါသနည်း။

ဖြေ။ ။နို့ရည် စသည့်တို့ကြောင့်သာလျှင်။နို့ခမ်းဖြစ်နိုင်၏။ ထန်းလျက်ခဲ သကြားခဲတို့ကြောင့်၊ နို့ခမ်းမဖြစ်နိုင်သကဲ့သို့၊ အဝိဇ္ဇာစသော အကြောင်းတရားကြောင့်သာလျှင်၊ သင်္ခါရစသော အကျိုးတရားတို့ ဖြစ်ပေါ်လာရ၏၊ လူနတ်ဗြဟ္မာ၊ သတ္တဝါ ပုဂ္ဂိုလ်ကောင်တို့၏၊ ပြုပြင်အားထုတ်မှု- စီမံဖန်ဆင်းမှု တို့ကြောင့်၊ ဖြစ်ပေါ်လာရသည်မဟုတ်ဘဲ၊ သူ့အကြောင်း တရားနှင့်၊ သူ့အကျိုး တရား

တို့၏။ထုံးစံဓမ္မတာ အဲ့းလျော်စွာဖြစ်နေမှုကို၊ ဧဝံဓမ္မတာ
နည်းဟူ၍ဆိုလိုပါသည်။

မေး။ ။ဤဧဝံဓမ္မတာနည်းကိုသိလျှင်၊အဘယ်အကျိုး
ရှိပါသနည်း။

ဖြေ။ ။ဤဧဝံဓမ္မတာ နည်းကို ပိုင်နိုင်စွာသိလျှင်၊ အ
ကြောင်းအားလျော်စွာ၊ အကျိုးတရားတို့ ဖြစ်ပေါ်လာ
ခြင်းကိုသိမြင်နိုင်သောကြောင့်၊အကြောင်း အကျိုးတရား
တို့ကို။ မဆက်မစပ်ဘဲ၊ ရောက်တတ်ရာရာ- အယူ ရှိကြ
သောအ ဟေ တု က ဒိ ဋ္ဌိ၊ အ ကြိယဒိဋ္ဌိ အယူမှားကြီးတို့
ကို၊ပယ်ရှားစွန့်ပစ်နိုင်ပါသည်။

မေး။ ။ဤဧဝံဓမ္မတာနည်းကိုမရိပ်မိလျှင်။အဘယ်ဒိဋ္ဌိ
ဖြစ်တတ်ပါသနည်း။

ဖြေ။ ။ဤဧဝံ ဓမ္မတာနည်းကို ပိုင်နိုင်းစွာ မသိသော်၊
အကြောင်းအကျိုး နှစ်ရပ်တို့၏။ ဆက်စပ် ဖြစ်နေပုံကို၊
ကောင်းစွာမသက်ဝင်၊မဆင်ခြင်မယူဆနိုင်ဘဲ၊ တမာမျိုး
စေ့တို့ကြောင့်၊ ထန်းလျက် ဖြစ်လာ ရခြင်း။ ထန်း လျက်
ကြောင့်၊ တမာဖြစ်လာခြင်း စသည်ဖြင့် ဘယ်နည်းနှင့်မှ
မဆက် မစပ်။ ရောက်တတ် ရာရာ- ယူမိ ခြင်း ကြောင့်။
အဟေတုက ဒိဋ္ဌိ၊ နိယတမိစ္ဆာဒိဋ္ဌိ အယူ ကြီးမျှားကို
စွဲလမ်း ယူမှားတတ်ပါသည်။

**သတိပြုရန်။** ။အ ဟေ တု က ဒိ ဋ္ဌိ- အကြိယဒိဋ္ဌိ-
သဿတဒိဋ္ဌိ- နိယတဒိဋ္ဌိတို့ကို နားလည်လိုလျှင်၊ ငါတို့
စီရင်ရေးသားသော(သောတာပန်လမ်း-အလင်းကျမ်း၊)
ဒုတိယပြင်ချက်မှာကြည့်လေ။)

မေး။ ။ဧကတ္တနည်း၊နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း လေးပါးကို ဥပမာ ဥပမာသယျဖြင့်၊ ထင်ထင် ရှားရှားသိလိုပါသည်။

ဖြေ။ ။မြေ၌ ပေါက်ရောက်၍နေသော အဆိပ်ပင် ကြီးနှင့် အင်္ဂါ ဆယ့် နှစ်ပါး၊ အစပ်သုံးပါး၊ အလွှာ လေးလွှာ၊ ခြင်းရာနှစ်ဆယ်၊ အခွန့်သုံးပါး၊ မူလနှစ်ပါး တည်းဟူသော၊ ပဋိစ္စ သမုပ္ပါဒ်ကောင်ကြီးနှင့် တူပါ ပါသည်။တူပုံမှာ မြေကြီးသည်၊ အဝိဇ္ဇာနှင့်တူ၏။အဆိပ် ပင်လုံးကြီးသည်၊ သင်္ခါရသုံးပါး၊ ခြောက်ပါ၊ ဆယ်ပါး၊ ဆယ့်နှစ်ပါးနှင့်တူ၏။ဝိညာဉ်၊ နာမ်, ရုပ်, သဠာယတန၊ ဖဿ ဝေဒနာ ငါးပါးသည်၊ ခက်မငါးဖြာ၊ အကိုင်း အခက်၊ အရွက်ပင်စည်ကြီးနှင့်တူ၏။ တဏှာ ဥပါဒါန် သည် အပွင့်အသီးနှင့်တူ၏။ကံဘဝသည်၊ ၎င်းအသီးထဲ၌ တဖန် အဆိပ်ပင်ကို ပေါက်စေတတ်သော အဆိပ်မျိုးစေ့ ဓာတ် ပါရှိနေတာနှင့်တူ၏။ ။ဇာတိသည်၊၎င်းအဆိပ် သီးမှတဖန် အသစ်၊အဆိပ်ပင်ထပ်၍ ပေါက်ပြန်သည်နှင့် တူ၏။ဇရာမရဏ-သောက-ပရိဒေဝ-ဒုက္ခ- ဒေါမနဿ- ဥပါယာသ၊ဤတရားတို့သည်၊ အဆိပ်ပင်ကို စိုက်ပျိုးမိ ၍ အဆိပ်ပင်၏ အရိပ်အာဝါသကိုမှီပြီး၊ အဆိပ်သီး ကို စားမိ၍ ပူလောင်ဆိုးဝါး၊ဒုက္ခတရားကို ခံနေရခြင်းနှင့် တူ၏။

ဤပမာအတိုင်း။ ။ဧကတ္တနည်းနှင့် ပြမည်ဆိုလျှင်၊ မြေကြီးကတခြား၊ အကိုင်းများစွာကတခြား၊ အတက် များစွာကတခြား၊အရွက်များကတခြား၊ အပွင့်အသီးတို့

က တခြားစီ ကွဲပြားကြကုန်၏။ မြေကြီးရှိ၍၊ အဆိပ်ပင်၊ ခက်မငါးဖြာ၊အကိုင်း၊အခက်၊အရွက်၊အသီးတို့၊ တဆင့်ကိုတဆင့်၊အမှီပြု၍ဖြစ်ကြကုန်၏။ မြေကြီးမရှိက။ အဆိပ်ပင်မရှိရာ၊ အဆိပ်ပင်လုံးကြီးမရှိက၊ အကိုင်း, အခက်, အပွင့်,အသီးတို့ မရှိရခြင်းအကြောင်းဖြစ်ပါသည်။

နာနတ္တနည်းနှင့် ပြမည်ဆိုလျှင်၊ မြေကြီးသည် အထူးထူး အထွေထွေ မြေကြီးဖြစ်ကုန်၏။ ၎င်းမြေကြီး ရှိသည့်အတွက်၊ အဆိပ်ပင်လုံးကြီး၊ အထူးထူး အထွေထွေဖြစ်ကုန်၏။ ၎င်းပင်လုံးကြီးရှိသည်အတွက်၊ ခက်မငါးဖြာ အထူးထူး အထွေထွေ ဖြစ်ကုန်၏။ ၎င်းခက်မငါးဖြာ ရှိသည်အတွက်၊အကိုင်း, အခက်,အရွက်,အဖူး, အပွင့်, အသီးတို့သည်၊အထူးထူး အထွေထွေဖြစ်ကုန်၏။ ၎င်းမြေကြီး အထူးထူး အထွေထွေမရှိက၊အဆိပ်ပင်လုံးကြီးမှစ၍ တခုကိုတခု အမှီပြုပြီး၊ တမျိုး, တမျိုးလျှင်၊ အထူးထူး အထွေထွေ အမျိုးမျိုးမဖြစ်နိုင်ရာ။

အဗျာပါရနည်းနှင့် ပြမည်ဆိုလျှင်၊ အဝိဇ္ဇာကြောင့် သင်္ခါရမဖြစ်နိုင်၊ သင်္ခါရကြောင့် ဝိညာဉ်, နာမ်, ရုပ်, သဠာယတန၊ဖဿ၊ဝေဒနာ၊အစရှိသော တရားတို့မဖြစ်နိုင်။အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။သင်္ခါရကြောင့် ဝိညာဉ် နာမ်ရုပ်တို့စသည်ဖြင့် ဖြစ်ကုန်၏ဟု ဆိုလျှင်, ယူလျှင်၊ သ သာ တ ဒိ ဋ္ဌိ ဖြစ် ကုန် ၏၊မှားကုန်၏။ ပဋိစ္စသမုပ္ပါဒ်ကို ကျက်မှတ်ကြသော ရဟန်းရှင်လူတိုင်းလိုလိုဘဲ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည်ဟု အယူဝါဒများကြကုန်၏။ဤကဲ့သို့ ယူကြသော ရဟန်း

ရှင်လူတို့သည်၊ အဗျာပါရနည်းကို နားမလည်၍ ဖြစ်ကြပေသည်။ ပဋိစ္စသမုပ္ပါဒ်တရားသည်၊ အလွန် အဆိပ်ထန်သော မြွေနဂါးကြီးနှင့်တူကုန်၏။ အကိုင်အတွယ်လိမ်မာ၍၊ နဂါးကိုနိုင်သော ဆရာမှာ အကျိုး ခံစားရကုန်၏။ မနိုင်သောဆရာမှာ နဂါးပေါက်သတ်၍ သေတတ်ကုန်၏။ ထို့အတူ ပဋိစ္စသမုပ္ပါဒ်တရားကို တတ်ကျွမ်းလိမ်မာသော ရဟန်းရှင်လူတို့သည်၊ အဝိဇ္ဇာအစ၊ ဥပါယာသအဆုံးရှိသော အင်္ဂါ ၁၂-ပါးတွင် ဖြတ်လိုသောနေရာက ဖြတ်နိုင်၍၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတို့ကိုရ၍ အကျိုးခံစားရကုန်၏။ ၎င်းတရားကို မကျွမ်းကျင် မလိမ်မာ၍ စာကိုသာ၊ ရွတ် တတ်, ဘတ် တတ်, ကျက် မှတ် တတ် ခါ မျှနှင့်နေ၍ သူပြော, ငါပြောတရားတွေနှင့် စာယောင်ယောင်၊ ပေယောင်ယောင်ရှိကြသော ရဟန်းရှင်လူတို့သည်၊ ပဋိစ္စ သမုပ္ပါဒ်တရားကိုလည်း ဘယ် နေ ရာ က ဖြတ်ရမှန်းမသိ၊ ကရွတ်ကင်းရှောက်ဘိသကဲ့သို့တဝဲလယ်လယ်၊ ပဋိစ္စသမုပ္ပါဒ် လယ်သလို သံသရာ မှာ တချာချာ, တပတ်ပတ် မရပ်မနား ပြေး သွား ၍ နေ ရ ခြင်း ကို နဂါးပေါက်သတ်၍ အသေခံရသောသူနှင့်တူ၏။

အဗျာပါရနည်းသဘောသည် မြေကြီးက၊ အဆိပ်ပင်ပေါက်အောင်၊ ဂရုစိုက်မှု၊ လုံ့လပြုမှု၊ အားပေးမှုပယောဂတို့ မပါသကဲ့သို့ရင်း၊ အဆိပ်ပင်လုံးကြီးက၊ အကိုင်း, အခက်, အရွက်တို့ကို၊ ဖြစ်ပေါ် ပေါက်ရောက်အောင်၊ ဂရုစိုက်မှု၊ လုံ့လပြုမှု၊ အားပေးမှု၊ တိုက်တွန်းမှု။ ပယောဂ

မပါသကဲ့သို့ရင်း၊ ထို့အတူ၊ အဝိဇ္ဇာဓါတ်၊ ပရမတ်တရားက၊ သင်္ခါရ ၆-ပါးတရားကိုဖြစ်အောင်၊ ဂရုစိုက်မှု၊ လုံ့လပြုမှု၊ အားပေးတိုက်တွန်းမှု မပါမရှိကုန်၊ သင်္ခါရတရားကလည်း၊ ဝိညာဉ်နာမ်ရုပ်စသော၊ တရားတို့ကိုဖြစ်အောင်၊ ကြံစည်ခြင်း၊ လုံ့လပယောဂ၊ ဂရုစိုက်မှု မရှိကုန်ဟု ပြောတော်မူသဖြင့်၊ ဧဝံဓမ္မတာနည်းအတိုင်း၊ သူ့သဘောနှင့်သူဖြစ်၍ နေကြကုန်ရာသည်။

ဧဝံဓမ္မတာနည်းသဘောကို ပြမည်ဆိုလျှင်၊ မြေကြီးသည်၊ သူ့သဘောနှင့်သူ ဖြစ်ကုန်၏။ ၎င်းမြေကြီးရှိ၍၊ အဆိပ်ပင်ကြီးသည်၊ သူ့သဘောနှင့်သူ ပေါ်ပေါက်လာကုန်၏။ ၎င်းအဆိပ်ပင်ကြီးရှိသည့်အတွက်၊ သူ့သဘောနှင့် သူ့အကိုင်းအခက်တို့၊ ပေါ်ပေါက်လာကုန်၏။ ၎င်းအကိုင်းအခက်တို့ရှိသည့်အတွက် အဖူး၊ အပွင့်၊ အသီးတို့သည် သူ့သဘောနှင့်သူ ပေါ်ပေါက်၍ လာကြသကဲ့သို့၊ ထို့အတူ၊ သတ္တဝါတို့၌၊ ပရမတ်သဘောအားဖြင့်၊ အဝိဇ္ဇာဓာတ် အရင်းခံရှိသည့်အတွက်၊ အလိုလို သူ့သဘောနှင့်သူ၊ သင်္ခါရတရား ပေါ်ပေါက်၍ လာရကုန်၏။ သင်္ခါရပရမတ်ဓာတ်တရား အရင်းခံရှိသည့်အတွက်၊ ဝိညာဉ်ဓာတ် ပရမတ်တရားသည်၊ သူ့သဘောနှင့်သူ၊ အလိုအလျောက် ဖြစ်ပေါ်လာရကုန်၏။ ဝိညာဉ်ဓာတ်၊ ပရမတ်တရားအရင်းခံရှိသည့်အတွက်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာစသော ပရမတ်ဓာတ်တရားအစုတို့သည် သူ့သဘောနှင့်သူ အထူးထူး အထွေထွေ၊ တကန့်စီ၊ တကန့်စီ၊ မိမိတို့ သဘောနှင့် မိမိတို့၊ အလိုအလျောက်

ပေါ်ပေါက်၍လာကြ, ဖြစ်ကြသော ပဋိစ္စသမုပ္ပါဒ်ခေတ် တရားဖြစ်ပါသည်။ တခုပယောဂကြောင့် တခုမဖြစ်နိုင်ပါ။

။ ။

## ၅၂။ ပဋိစ္စသမုပ္ပါဒ်တရားကို သိ၍၊ သစ္စာယဒိဋ္ဌိ ကွာပုံ အမေး-အဖြေပြဆိုချက်။

မေး။ ။အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု၊ ဟောတော်မူခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။ကုသိုလ်အမှု၊ အကုသိုလ်အမှုကို ပြုတတ်သော သတ္တဝါရှိ၏ ဟူသော အယူများကို၊ တားမြစ်နိုင်ခြင်း အကျိုးရှိပါသည်။

မေး။ ။သင်္ခါရပစ္စယာ ဝိညာဏံဟု၊ ဟောတော်မူခြင်းသည်၊ အဘယ်အကျိုးရှိပါသနည်း။

ဖြေ။ ။ကုသိုလ်၊ အကုသိုလ် ဟူသော၊ သင်္ခါရကြောင့် ဘဝအသစ်မှာ၊ ဝိညာဉ်အသစ် ဖြစ်ပေါ်လာရဟု၏၊ ဟောတော်မူခြင်းသည်၊ ငါငါဟု ထင်မှတ်ကြသည့်၊ အတ္တဇီဝ ဟူသော၊ ဝိညာဉ် အသက်သည် ထွက်၍၊ ဘဝတပါးသို့ ပြောင်းသွားတတ်၏ ဟူသော၊ သဿတဒိဋ္ဌိ အယူများကို တားမြစ်ပယ်ရှားနိုင်ခြင်း အကျိုးရှိပါသည်။

မေး။ ။ဝိညာဏပစ္စယာ နာမရူပံဟု၊ ဟောတော်မူခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။စိတ်ဟူသော ဝိညာဏခေတ်ကြောင့်၊ စေတသိက် ဟူသော နာမ်နှင့်၊ ကမ္မဇ ဖြစ်သော ရုပ်ဓါတ်တို့သည်၊

အသစ်ဖြစ်ပေါ်လာရ၏ဟု၊ ဟောတော်မူခြင်းသည်၊ သံသရာတလျောက်လုံး၌၊ မဘောက်မပြန်ဘဲ၊ ခိုင်မြဲလှစွာ ကူးပြောင်း၍ လာတတ်သည့်၊ ငါငါ ဟု အထင်ကပ်ကြသော၊အတ္တ,ဇီဝ, ဟူသော၊ ဝဋ္ဋ၏၊တခုထဲမဟုတ်ပါဘဲ အကွဲကွဲ အပြားပြား နှစ်ပါးသုံးပါး ရှိသည်ကို၊ သိမြင်ခြင်းကြောင့်၊သညာဝိပလ္လာသ တရားစုကြောင့်၊အစုအခဲ တခုထဲသာဟု၊ မှတ်ထင်ကြသည့် ဃနသညာ အထင်များကို၊ ပယ်ရှားစွန့်ပစ်နိုင်ပါသည်။

မေး။ ။နာမရူပ ပစ္စယာ သဠာယတနံဟု ဟောတော်မူခြင်းသည်။ အဘယ်အကျိုးရှိပါသနည်း။

ဖြေ။ ။နာမ်ရုပ် နှစ်ပါးကြောင့်၊အကြည်ခြောက်ပါး တံခါးခြောက်ပေါက် အသစ်ဖြစ်ပေါ်လာရ၏ဟု၊ ဟောတော်မူခြင်းသည်၊ ငါမြင်တတ်၏၊ ငါကြားတတ်၏၊ ငါနံတတ်၏၊ ငါလျက်တတ်၏၊ ငါတွေ့ထိကိုင်တွယ်တတ်၏။ ငါစိတ်ကူးတတ် သိတတ်၏-ဟု၊ ဤသို့ထင်ချက်၊ သက္ကာယဒိဋ္ဌိ အယူများကို၊ တားမြစ်နိုင်ခြင်း အကျိုးရှိပါသည်။

မေး။ ။သဠာယတနပစ္စယာ ဖဿောဟု၊ ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုးရှိပါသနည်း။

ဖြေ။ ။အာယတန ခြောက်ရပ်ကြောင့်၊ ဖဿဓာတ်ခြောက်ဖြာတို့၊ တခါတည်း ပေါ်လာရ၏ဟု၊ ဟောတော်မူရခြင်းသည်၊ ငါသည်-အာရုံခြောက်ရပ်ကို တွေ့ထိတတ်၏ဟုထင်ချက်၊ သက္ကာယဒိဋ္ဌိ အယူများကို၊ပယ်ရှားစွန့်ပစ်နိုင်ပါသည်။

မေး။ ။ဖဿပစ္စယာ ဝေဒနာဟု၊ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။တွေ့ထိမှု ခြောက်ဖြာကြောင့်၊ ခံစားတာ ပေါ်လာရ၏ဟု၊ ဟောတော်မူရခြင်းသည်။ ငါသည်-အာရုံခြောက်ဖြာ အရသာကို၊ခံစားတတ်၏ ဟုထင်ချက်၊ သက္ကာယဒိဋ္ဌိ အယူမှားကို၊ ပယ်ရှားနိုင်ပါသည်။

မေး။ ။ဝေဒနာ ပစ္စယာ တဏှာဟု၊ ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။ဝေဒနာ ခြောက်ဖြာကြောင့် တောင့်တတတ်သော၊ တဏှာဓာတ် ဖြစ်ပေါ်လာ၏-ဟု၊ ဟောတော်မူရခြင်းသည်၊ ငါသည်-အာရုံ ခြောက်ဖြာကို တပ်နှစ်သက်တတ်၏။ ဤသို့ထင်ချက် သက္ကာယဒိဋ္ဌိ အယူမှားကို တားမြစ်နိုင်ပါသည်။

မေး။ ။တဏှာပစ္စယာ ဥပါဒါန် ဟု ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။တဏှာခြောက်ဖြာကြောင့်၊ ဥပါဒါန်လေးပါး ထင်ရှား ဖြစ်ပေါ်လာရ၏-ဟု ဟောတော်မူရခြင်းသည်၊ ငါ့လင်- ငါ့သား- ငါ့မယား- ငါ့ဥစ္စာ စသော အားဖြင့်၊ ဘားကို မြွေခဲသကဲ့သို့၊ အမြဲအခိုင်- ပိုင်ပိုင်- ပြင်းပြင်း၊ အတင်းစွဲလန်းတတ်သော၊ သက္ကာယဒိဋ္ဌိ တဏှာ၊ အယူမှား အစွဲမှား နှစ်ပါးကို၊ ပယ်ရှား စွန့်ပစ်နိုင်ခြင်း အကျိုး ရှိပါသည်။

မေး။ ။ဥပါဒါန ပစ္စယာ ဘဝေါ-ဟု၊ ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။ဥပါဒါန် လေးရပ်ကြောင့်၊ ဘဝဓာတ်နှစ်ပါး ထင်ရှား ဖြစ်ပေါ်လာရ၏-ဟု၊ ဟောတော်မူရခြင်းသည်၊ ငါသည်-ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကို ဖြစ်ပွါးစေ၏။ငါသည်-ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးကြောင့် တခြားဘဝမှာ ဖြစ်ပြန်၏၊ ဤသို့ထင်ချက်၊ သက္ကာယဒိဋ္ဌိ အယူမှားကို၊ တားမြစ်နိုင်ခြင်း အကျိုးရှိပါသည်။

မေး။ ။ဘဝပစ္စယာ ဇာတိ-ဟု၊ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။ကုသိုလ်ကံ၊အကုသိုလ်ကံဟူသော၊ကမ္မဘဝ ဓာတ်ကြောင့်၊ ဘဝနှစ်ရပ် ဆက်စပ် ပြန်မိခြင်း ဟူသော ဇာတိတရား ထင်ရှား ဖြစ်ပေါ်လာရ၏-ဟု၊ ဟောတော်မူခြင်းသည်၊ ငါသည်-ဘဝအသစ်မှာ၊ ဖြစ်ပေါ်ကြီးပွားမွေးဘွား၍ လာပြန်၏ ဤသို့ထင်ချက်။သက္ကာယဒိဋ္ဌိ အယူမှားကို၊တားမြစ် ပယ်ရှားနိုင်ခြင်း အကျိုး ရှိပါသည်။

**မေး။** ။ဇာတိပစ္စယာ၊ ဇရာ၊ မရဏ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသာ၊ သမ္ဘဝန္တိ-ဟူ၍။ ဟောတော်မူရခြင်းသည်၊ အဘယ်အကျိုး ရှိပါသနည်း။

ဖြေ။ ။ဇာတိတရား၊ထင်ရှားဖြစ်ပေါ်လာမှုကြောင့် အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်း၊ ကိုယ်၏ဆင်းရဲရခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ သက်ကြီးရှိုက်ငင်၊ ပင်ပန်းရခြင်းသည်၊ ထင်ရှား ဖြစ်ပေါ်လာရ၏ဟု ဟောတော်မူရခြင်းသည်၊ ငါသည်၊ အိုရ၏၊ ငါသည် သေရ၏၊ ငါသည် စိုးရိမ်ပူဆွေးရ၏၊ ငါသည် ငိုကြွေးမြည်တမ်းရ၏၊ငါသည်သက်ကြီးရှိုက်ငင်၊

ယှက်လိုက် လှဲ့ပွဲ၊ ဆင်းရဲ ပင်ပန်းရ၏။ ဤသို့ ထင်ချက်၊ သညာဒွယဒိဋ္ဌိ အယူမှားကို ပယ်ရှား စွန့်ပစ်နိုင်ပါသည်။

**သတိပြုရန်**။ ဤပဋ္ဌာနသမုဒ္ဒါန်ဒေသနာကို။ အစပ် သုံးပါး အလွှာလေးလွှာ၊ အစွန့်သုံးပါး၊ မူလနှစ်ပါး၊ ခြင်းရေနှစ်ဆယ်ဖြင့်၊ ပြပုံကို ဗမာစကားဖြင့်၊ နားလည်လို လျှင်။ ငါတို့စီရင်ရေးသားသော (ဓမ္မပိဋကာနုရက္ခိတာနုကျမ်း) မှာကြည့်လေ။

သညာဒွယဒိဋ္ဌိ အမေးအဖြေ ပြဆိုခဲ့ပြီး၏။

---

## သာသနာငါးထောင်တွင်။ တေပိဋကခေတ်ကိုပြချက်

ဆဋ္ဌာဘိညာဉ်ခေတ်။ စတုသမ္ဘိဒါပတ္တခေတ်၊ တေပိဋကခေတ်၊ အနာဂါမ်ခေတ်၊ သောတာပန်-သကဒါဂါမ်ခေတ်ဟူ၍သာသနာငါးထောင်ကို၊တထောင်ကျစီ၊ငါးပုံပုံ၍။ အဋ္ဌကထာဆရာများ၊ ဝေဘန် ပိုင်းခြား၍ ထားကြကုန်၏။

အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံပြီး၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဖြစ်ခြင်းကို။ ဆဋ္ဌာဘိညာဉ်ခေတ်၊ အနှစ်တထောင် ဟု ခေါ်ကုန်၏။

သမ္ဘိဒါလေးပါးနှင့်ပြည့်စုံပြီး၊သောတာပန်၊သဒါကဂါမ်၊အနာဂါမ်။ ရဟန္တာဖြစ်ခြင်းကို၊ စတုသမ္ဘိဒါပတ္တခေတ်ဟုခေါ်ကုန်၏။

ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ သုံးပါးကိုရပြီး၊ သောတာပန်၊ သကဒါဂါမ်၊

အနာဂါမ်၊ ရဟန္တာဖြစ်ခြင်းကိုတောင်ဇ္ဇာခေတ်ဟုခေါ်၏။ ပဋိစ္စသမုပ္ပါဒ်တရားကို၊ ဧကတ္တနည်း၊နာနတ္တနည်း၊အဗျာပါရနည်း။ ဧဝံဓမ္မတာ နည်းဖြင့်၊ ပိုင်းခြားဝေဘန်၍၊ သိကျွမ်းလိမ္မာခြင်းကို၊ ပုဗ္ဗေနိဝါသဉာဏ်၊ခန္ဓာအစဉ်ဖြစ်နေပုံကို၊သိခြင်းဟုခေါ်၏။ ယခုမျက်မှောက် ပစ္စုပ္ပန်မှာလည်း၊ ရုပ်နာမ် ခန္ဓာတို့၊ ခဏမစဲ၊ တသဲသဲဖြင့်၊ ပြောင်းလဲ ချုပ်ပျောက်နေတာ ထင်မြင်ခြင်းကို၊ ဒိဗ္ဗစက္ခုဉာဏ်။ အလင်းဉာဏ် မျက်စိပေါ်ပေါက်လာသည်ဟု ခေါ်၏။ ပဋိစ္စသမုပ္ပါဒ်။အဝိဇ္ဇာအစ။ဥပါယာသ အဆုံးရှိသောတရားတွင်၊ ဖြစ်လိုရာတရားကနေ၍၊မဂ်တက်စဉ်နှင့်ကိုက်အောင်ဖြတ်နိုင်ခြင်းကို၊အာသဝက္ခယဉာဏ်၊ အာသဝေါတရား လေးပါးကုန်ပုံဖြတ်ပုံကို။ နားလည် သိကျွမ်းသော ဉာဏ်ဟုခေါ်၍။

ဤသာသနာငါးထောင်။အဋ္ဌကထာဆရာများကသာ၊ ခေတ်အားလျော်စွာ၊ငါးပုံ ပုံ၍၊ဝေဘန်ကြသည်။ ။ဘုရားဟော၊ရ တ နာ သုတ် ပါ ဠိ တော် ၌ (ယေ သု ပ ဗ္ဗ ယုတ္တာ၊ မ န သာ ဒ ဠှေ န နိ က္ခာ မိ နော။ ဂေါတမ- သာသနာမှိ၊ တေ ပ တ္တိ ပ တ္တာ) စ သည့် ဖြင့်၊ ဆို သော စ ကား အရ၊ သာသနာ ငါးထောင်အထိ၊ အရဟတ္တဖိုလ်၊ ရဟန္တာဖြစ်နိုင်၏ဟု ဟောတော်မူသည်။

---

**မဂ်ဖိုလ်ကိုရထိုက်သော။ ဓါတ်ခံခြောက်ပါးပြခန်း။**

၁။ ဝိဝေကဓါတ်ခံသည်၊ ဆိပ်ငြိမ်ရာအရပ်၊ ကာမဂုဏ်မနှောဘဲ့ တောကျောင်း၌၊ ပျော်မွေ့စွာနေချင်သောစိတ်၊ မကြာ မကြာ ဖြစ်ပေါ်မှုကို ခေါ်သည်။

၂၊ နိသရဏာခါတ်ခံသည်၊ ဗလိဗောဓအသုံးအဆောင် နည်းနည်းနည်းနှင့် မိမိ၌ အနှောင်အဖွဲ့တွေကို ပယ်ရှား၍၊ သူတော်ကောင်းများ အလေ့ အကျင့်ကို၊ ကျင့်လိုသော စိတ်၊ မကြာမကြာ ဖြစ်ပေါ်လာခြင်းကို ခေါ်သည်။

၃၊ နိဗ္ဗာနခါတ်ခံသည်၊ ရသေ့ရဟန်းပြုလုပ်၍၊ မဂ် ဖိုလ် တရားကို၊ ကျင့်၍ နေချင်သောစိတ်၊ မကြာမကြာ ဖြစ်ပေါ်လာခြင်းကို ခေါ်သည်။

၄၊ အလောဘ ခါတ်ခံသည်၊ ပစ္စည်းဥစ္စာ၊ ရတနာ ရွှေငွေ၊ ရဟန်းဖြစ်လျှင်၊ ကျောင်းကန် ဗလိဗောဓ အစုစုတို့ကို၊ လိုက်လံရှာဖွေရခြင်း၊ လောဘတရား ၏ ဘဝ ဆင်းရဲ၍၊ နောင်ဘဝချမ်းသာလိုသဖြင့်၊ လောကီ ကုသိုလ် ဒါနမှ သီလမှ သမထ ဘာဝနာတို့ကို၊ ပွါးများ အားထုတ်ခြင်း လောဘတရားတို့ကို အလိုမရှိ၍၊ ပျင်း မုန်းငြီးငွေ့သောစိတ်၊ မကြာမကြာ ဖြစ်ပေါ်လာခြင်းကို ခေါ်သည်။

၅၊ အဒေါသခါတ်ခံသည်၊ စိတ်ဆိုးမှု ရန်ညိုးဖွဲ့မှုတို့ ဖြစ်ပေါ်လာလျှင်၊ ၎င်းဒေါသကို သိမ်းဆည်းသောစိတ်၊ မကြာမကြာ ဖြစ်ပေါ်လာခြင်းကိုခေါ်သည်။

၆၊ အမောဟ ခါတ်ခံသည်၊ ရုပ်နာမ် ခန္ဓာခါတ် သစ္စာပဋိစ္စသမုပ္ပါဒ်တရားတို့ကို သင်ကြားဘူး၍နားသည် သဖြင့်၊ မကြာမကြာ ၎င်းပရမတ်တရားတို့ကို စဉ်းစား ဘူးသောစိတ်၊

၌ယခုပြဆိုခဲ့သောခါတ်ခံခြောက်ရသည်၊ တပါးပါး မျှ မဖြစ်ပေါ်ဘူးသော၊ ရဟန်းရှင်လူတို့သည်၊ သာသနာ

ကြိုကြိုက်၍၊ ဘုရားကို သက်တော်ထင်ရှား ဖူးတွေ့ရသော်လည်း၊ မဂ်ဖိုလ်ကို မရနိုင်။ဤဓာတ်ခံ ခြောက်ပါးရှိသော ရဟန်းရှင်လူတို့သည်၊သာသနာတော်ကြီးနှင့်ကြိုကြိုက်၍၊ ရုပ် နာမ် ခန္ဓာတို့ကို ကျွမ်းကျင် သိမှာသော၊ သူတော်ကောင်း တရားကို၊ ကြားရ နာရသည်နှင့် တပြိုင်နက်၊ မဂ်ဖိုလ်ကို လျှင်လျှင် မြန်မြန် ရလေတော့၏။

ဤ-ဓာတ်ခံခြောက်ပါး ရှိပါသော်လည်း၊သာသနာနှင့် မကြိုကြိုက်ခြင်း ရုပ်နာမ် ခန္ဓာဓာတ် သစ္စာ ပရမတ်တရားတို့ကို၊ဟောပြောနိုင်သော သပ္ပုရိသသူတော်ကောင်းနှင့် မတွေ့၍၊မဂ်တရားဖိုလ်တရားကိုမကြားမနာရလျှင်လည်း၊ မဂ်ဖိုလ်ကို မရနိုင်သေး။ ။သာသနာနှင့် ကြိုကြိုက်၍၊ ရဟန်းသာမဏေပြုလုပ်၍နေရသော်လည်း၊ရုပ်နာမ် ခန္ဓာတရားကို ဟောပြောနိုင်သော သူတော်ကောင်းနှင့်မတွေ့က၊မဂ်ဖိုလ်ကိုမရနိုင်၊ ရုပ်နာမ်ခန္ဓာတရားကို ဟောပြောနိုင်သော သပ္ပုရိသ သူတော်ကောင်းနှင့် တွေ့ပါသော်လည်း၊ သိဋ္ဌည်းဆရာကြီး၏၊တပည့်တွေကဲ့သို့၊ မိမိဆရာ၏ အရိပ် ဂုဏ်းဂနကိုကထွက်၍၊ အယူမှန် ဂိုဏ်းဂနသို့ ပြောင်းရမည်ကို၊ခဲယဉ်း၍ရင်း၊ ဘုရားစွဲကျောင်းစွဲ၊ ဆရာဘုန်းကြီးစွဲကိုဖြတ်၍၊ ခွါ၍ခွဲ၍ ပစ်လိုက်ရမည်ကို၊ အလွန်ခဲယဉ်း၍ရင်း၊ ထိုရဟန်းရှင်လူတို့မှာ၊ မဂ်ဖိုလ် တရားကို မရနိုင်ကြကုန်။

## ဘုရားဂုဏ်တော်အနက်။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗြဟ္မာ နတ်လူ သုံးတန်သူတို့၏၊ ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော။ ပညာ၊ သီလ၊ သမာဓိ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿန ဂုဏ်တို့နှင့်၊ ပြည့်စုံတော်မူပေသောကြောင့်လည်း၊ အရဟံဂုဏ်။ သစ္စာဉေယျ မမွှအပုံ၊ အလုံးစုံကို၊ အကျန် မကျန်၊ မြတ်ရွှေဉာဏ်ဖြင့်၊ အမှန်ထိုးထွင်း၊ အလင်းသိမြင်တော်မူပေသောကြောင့်။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်။ ။ စရဏအပြားတဆယ့်ငါးပါး၊ သုံးပါးရှစ်ဖြာ၊ ဉာဏ်ဝိဇ္ဇာတို့နှင့်၊ ကောင်းစွာပြည့်စုံတော်မူပေသောကြောင့်၊ ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်။ ။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမကပ်ငြိဘဲမဇ္ဈိမပဋိပါတ်။ ကောင်းမြတ်ဖြောင့်တန်း၊ မဂ္ဂင်လမ်းဖြင့်ရွှံနန်း ပူရှိ၊ ဘေးမဲ့ပြည်သို့၊ ကြွချီဆိုက်ရောက်တော်မူပေသောကြောင့်။ သုဂတောဂုဏ်၊ ကာမ, ရူပ, အရူပ,ဟုလောကအပြင်၊ ဘုံသုံးခွင်ကို၊ ကုန်စင်ခပင်း၊ မကျန်ကျွင်းအောင်၊ အလင်းထင်ပေါ်၊ သိမြင်တော်မူပေ သောကြောင့်လည်း။ လောကဝိဒူဂုဏ်။ ။ ဇာတိမာန်၊ ပညာမာန်၊ ဗလမာန် ဣဿမာန်၊ ပညာမာန်တို့ဖြင့်၊ မိုယ်းစွန်ကြွားကြွား၊ ငါ တကားဟု၊ ကြွှူးဝါးခက်ထန်၊ အဆိပ်လျှံသည့်။ နန္ဒောပနန္ဒ၊ အင်္ဂုလိမာလ၊ သစ္စက-နှင့်၊ ဗကဗြဟ္မာ၊ သတ္တဝါတို့ကို။ ဒေသနာသံ၊ ဆိပ်အံ ငြိမ်းဆေး၊ အမြန်ပေး၍၊ ယဉ်ကျေးအောင်ပြု၊ ဆုံးမမှုဝယ်၊ အတုမရှိ၊ လွန်ကဲဘိသောကြောင့်။ အနုတ္တရော ပုရိသ ဓမ္မသာရထိဂုဏ်။ ။

သတ္တ ဝါ အများ၊ သောင်းတိုက်သားတို့၊ ဝပ်တွား ရှိပြောင်း၊ ညွတ်ညောင်းခ,ရာ ဆရာသခင်၊ ဦးထိပ်တင် ကြီး ဖြစ်တော်မူပေသောကြောင့်လည်း။ သတ္တာဒေဝ မနုဿာနံဂုဏ်။ ။သတ္တာလေးရပ်၊တရားမြတ်ကို၊လူနတ် အများ သိထင်ရှားအောင်၊ဟောကြားထုတ်ဘော်၊သိစေ တော်မူပေသောကြောင့်လည်း။ဗုဒ္ဓေါဂုဏ်။ ။ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ဉာဏ်တော်အနန္တ၊တန်ခိုးတော် အနန္တ၊ ကြီးမြတ်လှ၍ လောကသုံးပါး၊ လူအများတို့၊ လေးစာဂရု၊ ချီးပမှုကြောင့်လည်း၊ဘဂဝါဂုဏ်၊

---

တရားဂုဏ်တော်အနက်။

သွက္ခာတော စလယ်အဆုံး၊သုံးပါးအစုံ၊ကောင်းခြင်း ဂုဏ်နှင့်၊ပြည့်စုံတော်မူအပ်သော၊ မဂ္ဂ၊ မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသောတရား တော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား၊ ယခုဘဝ ပစ္စက္ခ၌ပင်၊ ဓိမ္ဓကိုယ်တွင်၊ တွေ့မြင်ခံစားရ သော ဂုဏ်ကျေးဇူးအထူးနှင့်လည်း၊ ပြည့်စုံတော်မူပေ ၏။ ။အကာလိကော ကာလမခြား ကျင့်သည့်နေ့ပင်၊တွေ့ မြင် ယုံကြည်ရသော၊ ကောင်းကျိုး,ချမ်းသာနှင့်လည်း၊ ပြည့်စုံပါပေ၏။ ။ဧဟိပဿိကော၊ လာရောက်ရှုမြင်၊ ကျေးဇူးတင်မြဲ ဖြစ်၍၊ လာပါ၊ ရှုပါ၊ ကျင့်ကြံပါဟု၊ မပါပါအောင်၊ ခေါ်ဆောင်သွတ်သွင်း၊ တိုက်တွန်းခြင်း ငှါ၊ ထိုက်တန်စွာသော၊ ဂုဏ်ထူးဝိသေသ နှင့်လည်း၊ ပြည့်စုံပေ၏။ ။ဝိညူဟိ၊ ပညာရှိသူ၊ လူရှင်အပေါင်းတို့

သည်။ပစ္စတ္တံ၊ အသီး,အသီးသော ဝိညူတို့သည်ဉာဏ်နှင့်။ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ၊ ကောင်းလေစွဟု၊ ကာယ-စိတ္တ၊သုခနှစ်ပြင်၊ ထင်ထင်ရှားရှား၊ ခံစားသိမြင်ရသော၊ ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံပေ၏။

---

## သံဃာ့ဂုဏ်တော် အနက်။

ဘဂဝတော၊ မြတ်စွာ ဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်တို့သည်၊ သုပ္ပဋိပန္နော၊ သီလ သမာဓိ၊ ပညာရောကြိတ်၊ သိက္ခာ သုံး ဆင့် တ ရား ကို၊ ကောင်းကျင့်တော်မူပေ၏။ ။ဥဇုပ္ပဋိပန္နော၊ ပညာ, သီလ,သမာဓိ သိက္ခာ, သုံးဆင့်တရားကို၊ ဖြောင့်မတ်စွာ ကျင့်တော်မူပေ၏။ ။ဉာယပ္ပဋိပန္နော၊ ၎င်း တ ရား ကို သင့်မြတ်အောင်ကျင့်တော်မူပေ၏။ ။သာမီစိပ္ပဋိပန္နော၊ ၎င်းတရားကို ရိုသေစွာ ကျင့်တော်မူပေ၏။ ။ယဒိဒံ ဣမာနိစတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးပါးသော၊ ယောကျ်ားမြတ်အစုံတို့သည်။သန္တိ၊ရှိကုန်၏။ ဣမေ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဤရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဧသော သာဝကသံဃော၊ဤလေးစုံရှစ်ပါး၊ တပည့်သား သံဃာ အပေါင်းသည်။အာဟုနေယျော၊ အာဂန္တုအား ရည်၍ ထားအပ်သော၊ အလှူဝတ္ထုမျိုးကို ခံယူခြင်းငှါထိုက်၏၊ ပါဟုနေယျော၊ လက်ဆောင်ဘို့ငှါ ယူ၍လာသော အလှူမျိုးကိုလည်း ခံယူခြင်းငှါထိုက်၏။ ဒက္ခိဏေယျော၊ နောက်နောင်ဘဝ အကျိုးရဘို့၊ ပျိုးချတုံလပ်၊ မြတ်သော

အသုံးမျိုးကိုလည်း ခံယူခြင်းငှါထိုက်၏။ အဘွလိကရဂ်
သျော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်မိုး၍
ရှိခိုးခြင်းကိုလည်း ခံထိုက်၏။လောကသား၊လူအပေါင်းတို့
၏။အနန္တဘုရား၊ နိုင်းပြိုင်စရာရှာမရအောင်၊မြတ်လှစွာသော၊
ပုညခေတ္တာ၊ ကုသိုလ်မျိုးကို၊ စိုက်ပျိုးချရာ၊ လယ်ယာ
မြေကောင်းသဘွယ်လည်းဖြစ်တော်မူပေ၏။

---

**ဗောဇ္ဈင်ပါဠိအနက်။**

ဆုမေသတ္တသံဗောဇ္ဈင်္ဂါ၊ ခေါကဿပ၊
မယာသမ္မဒက္ခာတာ။ ဘာဝိဂတာ၊ဗဟုလီ
ဂတာ၊ အဘိညာယ၊ သမ္ဗောဒါယ၊ နိဗ္ဗာ
နာယ၊ သံဝတ္တတိ။ ။

ကဿပ၊ ရှင်တင်တရား၊ ဆယ့်သုံးပါးကို၊ မအား
မလပ်၊ဆောက်တည်တတ်သည့်၊သားမြတ်ပုဏ္ဏ၊ကဿပ။
ခေါ၊ မှချကေန်၊ အမှန်စင်စစ်အားဖြင့်။ သတ္တ၊ ရေတွက်
မိုင်းခြား၊ခုနစ်ပါးကုန်သော။ ဆုမေ ဗောဇ္ဈင်္ဂါ၊ သင်္ခာ
လေးတန်၊ သိရန်အကြောင်း ကောင်းစွာပေါ်ထင်၊
ဗောဇ္ဈင်ဟူပြား၊၍တရားကို။မယာ၊သင်တို့ဆရာ၊ ဗုရား
ငါသည်။သမ္မဒက္ခာတာ၊ကောင်းစွာကွန့်မြူး၊ ဉာဏ်တန်ခိုး
ဖြင့်၊ထိုးထွင်း၍သိအပ်ကုန်လေပြီ။ ဘာဝိဂတာ၊ ကြိမ်ဖန်
များစွာ၊ပွါးစေအပ်ကုန်ပြီ။ ဗဟုလီဂတာ၊ ဝသီငါးတန်၊
ကြိမ်ဖန်မလပ်၊ ပြုအပ်လေကုန်ပြီ။ တေသတ္တဗောဇ္ဈင်္ဂါ၊
ထိုခုနစ်ပါး၊ ဗောဇ္ဈင်တရားတို့သည်။ အဘိညာယ၊

ဝရုဇီနှုန်းဖက်၊ မဂ်အရေဟာတ္ထ၊ ဉာဏ်ပဟူဘ်၊ ဂုဏ်သတ္တိ ကြောင့်။ ဗောဓိသမ္ဘာ ရင့်မာလွန်ကျူး၊ ဉာဏ်အထူးဖြင့် ပြန့်ပြူးရုံဖြိုး၊ ထိုးထွင်း၍ သိအပ်ကုန်လေပြီ။ ဗဟုလီကတာ၊ ဝသီငါးတန်၊ ကြိမ်ဖန်မလပ်၊ ပြုအပ်လေကုန်ပြီ။ သမ္မောဒါယ ဘာသာ ခြောက်ချက်၊ အနက်မကွာ၊ သဒ္ဒါလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင် သိမြင်ခြင်းငှါ၊ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်၊ ပူမိန်လောင်ပြင်း၊ ဆင်းရဲခြင်းမှ ကင်းလွတ်မကွာ၊ ငြိမ်းအေးစေခြင်းငှါ။ သံဝတ္တတိ၊ ကြောင်းမလွဲ၊ အမြဲဖြစ်ရလေတော့၏ ချစ်သား။

သတိသံဗောဇ္ဈင်္ဂါ၊ ဧါကဿပ၊ မယာ

သမ္မဒက္ခာတာ၊ ဘာဝိတာ၊ ဗဟုလီကတာ၊

အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယ၊

သံဝတ္တတိ။ ။

ကဿပ၊ မှတ်တင်တရား ဆယ့်သုံးပါးကို၊ မအားမလပ်၊ ဆောက်တည်တတ်သည့်၊ သားမြတ်ပုတ္တ၊ ကဿပ။ ဧါ၊ စင်စစ်ကြောင်၊ အမှန်မုချ အားဖြင့်။ သတိသံဗောဇ္ဈင်္ဂါ လောကီရတနာ၊ ဖြစ်ရာရှေ့သွား၊ ရထားစကြာ၊ ပုံပမာသို့ ခြင်းရာထူးသိ၊ သတိသံဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ၊ ဗုဒ်ဓရှင် ငါသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ကွန့်မြူး ဉာဏ်တန်ခိုးဖြင့် ထိုးထွင်း၍ သိအပ်ကုန်လေပြီ။ ဘာဝိတာ၊ ကြိမ်ဖန်များစွာ၊ ပွါးစေအပ်ပြီ။ ဗဟုလီကတာ၊ ဝသီငါးတန်၊ ကြိမ်ဖန်မလပ်၊ ပြုအပ်လေကုန်ပြီ။ တောသတိ သံဗောဇ္ဈင်္ဂါ၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါး၊ ရုပ်၊ ခြောက်ပါးခေတ် တို့ကို မလပ်သေချာ၊ ဝိပဿနာဖြင့်၊ ကောင်းစွာစောင့်မှု၊

သတိပြုရသော ထိုသတိသံဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိနိန္ဒနံးဖက်၊ မဂ်အရဟတ္တ၊ ညဏဟူဘိ၊ ဂုဏ်သတ္တိကြောင့်။ ဗောဓိသမ္ဗာ၊ ရင့်မာလွန်ကျူး၊ ဉာဏ်အထူးဖြင့်၊ ပြန့်ပြူးစုံဖြိုး၊ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓါယ၊ တဆယ့် ခြောက်ချက်၊ အနက်မကွာ၊ သစ္စာ လေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ သိမြင်ခြင်း အသို့ငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်၊ပူရှိန်လောင်ပြင်း၊ဆင်းရဲခြင်းမှ၊ ကင်းလွတ်မကွာ၊ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ကေန်မလွဲ၊ အမြဲဖြစ်ရလေတော့၏ ချစ်သား။

ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါ၊ ခေါကဿပ၊ မယာ
သမ္မ ဒက္ခာတော၊ ဘာဝိဂတော၊ ဗဟုလိဂတော။
အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယ။
သံဝတ္တတိ။ ။

ကဿပ၊ ရှုတင်တရား၊ဆယ့်သုံးပါးကို၊မအားမလပ်၊ ဆောက်တည်တတ်သည့်၊ သားမြတ်ပုတ္တ၊ ကဿပ၊ ခေါ၊ မချကေန်၊အမှန်စင်စစ်အားဖြင့်၊ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါ၊ ဆဒ္ဒါန်ဆင်ချို၊ ပုံသဏ္ဌာန်သို့ လေးတန်အင်္ဂါ၊ စုံလင်စွာ ရှိ၊ ဓမ္မဝိစယ သံဗောဇ္ဈင်ကို၊ မယာ၊ သင်တို့ဆရာ၊ ဘုရား ငါသည်။ သမ္မဒက္ခာတော၊ ကောင်းစွာကွန့်ဖြိုး၊ဉာဏ်တန်ခိုးဖြင့်၊ ထိုးထွင်း၍ သိအပ်လေကုန်ပြီ။ ဘာဝိဂတော၊ ကြိမ်ဖန်များစွာ ပွါးစေအပ်ကုန်ပြီ။ ဗဟုလိဂတော၊ ဝသီငါးတန် ကြိမ်ဖန်မလပ်၊ ပြုအပ်ကုန်လေပြီ။ တော ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါ၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးရပ်၊ ခြောက်ပါး ဓါတ်တို့ကို၊ မလပ်သေချာ၊ ဝိပဿနာဖြင့်၊ ကောင်းစွာ

ဓမ္မ၊ ကျင့်သုံးရသော၊ ထိုဓမ္မဝိစယ သံဗောဇ္ဈင်သည်။
အဘိညာယ၊ ဝရဓိန်နှုန်းဖက်၊ မဂ်အရဟတ္တ၊ ညာဏ
ဟူဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဗောဓိသတ္တာ၊ ရင့်မာလွန်ကျူး
ဉာဏ်အထူးဖြင့်၊ ပြန့်ပြူးစုံပြိုး၊ ထိုးထွင်း၍ သိခြင်းငှါ။
သမ္ဗောဓါယ၊ တဆယ့်ခြောက်ချက်၊ အနက်မကွာ၊ သစ္စာ
လေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ သိမြင်ခြင်း
အလို့ငှါ၊ နိဗ္ဗာနာယ သံသရာနှောင်အိမ်၊ ပူရှိန်လောင်ပြင်း
ဆင်းရဲခြင်းမှ ကင်းလွတ်မကွာ၊ ငြိမ်းဧခြင်းငှါ၊ သံဝတ္တတိ၊
ဧကန်မလွဲ၊ အမြဲဖြစ်ရလေ့တော့၏ ချစ်သား။

ဝိရိယသံဗောဇ္ဈင်ဂေါ၊ ခေါကဿပ၊ မယာ
သမ္မဒက္ခာတော ဘာဝိတော၊ ဗဟုလီကတော၊
အဘိညာယ၊ သမ္ဗော ဓါယ၊ နိဗ္ဗာ နာယ၊
သံဝတ္တတိ။ ။

ကဿပ၊ ရှင်တရား၊ ဆယ့်သုံးပါးကို၊ မအားမလပ်၊
ဆောက်တည်တက်သည့်၊ သားမြတ်ပုတ္တ၊ ကဿပ၊ ခေါ၊
မချဧကန်၊ အမှန်စင်စစ်အားဖြင့်။ ဝိရိယသံဗောဇ္ဈင်ဂေါ၊
လျှပ်တပြက်ခြင်း၊ သောင်းလုံးတွင်းဝယ်၊ ထုတ်ခြင်းခေါက်
မို့၊ ပြန်ရောက်ချေသည့်၊ ဇာနည်မြင်းပျံ၊ ပုံသဏ္ဍာန်သို့၊
လေးတန်အင်္ဂါ၊ စုံလင်စွာရှိ၊ ဝိရိယ သံဗောဇ္ဈင်ကို။ မယာ၊
သင် တို့ဆရာ၊ ဘုရားငါသည်။ သမ္မဒက္ခာတော၊ ကောင်းစွာ
ကွန့်မြူး၊ ညာဏ်တန်ခိုးဖြင့်၊ ထိုးထွင်း၍သိအပ်ကုန်လေပြီ။
ဘာဝိတော၊ ကြိမ်ဖန်များစွာ၊ ပွါးစေအပ်ကုန်ပြီ။ ဗဟုလီ
ကတော၊ ဝသီငါးတန်၊ ကြိမ်ဖန်မလပ်၊ ပြုအပ်ကုန်လေပြီ။
တေဝိရိယ သံဗောဇ္ဈင်္ဂေါ၊ ပဋိစ္စခေတ်၊ သမုပ္ပါဒ်နှင့်၊ ငါးရပ်

ခန္ဓာ၊ ခဲတတ်သည့်ဘုံကို၊ လျှင်စွာ ဘုံကျော်ရောက်၊ ပရမတ် ပေါက်အောင်၊ မထောက်ခံနား၊ ပိရိယသွား၍၊ ပွါးများ ရှားသော၊ ထိုဝိရိယ သံဗောဇ္ဈင်သည်၊ အဘိညာဉ်၊ ဝရမ်ိန် နှိမ်းပက်၊ မဂ်အရဟတ္တ၊ ညာဏဟုဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဗောဓိသမ္ဗာ၊ ရင့်မာလွန်ကျူးဖြင့်၊ ပြန့်ဖြိုးစုံပြိုး၊ ထိုးထွင်း ၍ သိ ခြင်း ၌။ သ မ္မော ဒ ါ ယာ၊ တ ဆ ် ခြောက် ချက် အနက်မကွာ၊ သဏ္ဍာလေးပါး မြတ်တရားကို၊ ပိုင်းခြား ထင်ထင်၊ သိမြင်ခြင်း အလို၌၊ နိဗ္ဗာနသယ၊ သံသရာ နှောင်အိမ်၊ ပူရှိန်လောင်ပြင်း၊ ဆင်းရဲခြင်း၊ ကင်းလွတ် မကွာ၊ ငြိမ်းခြင်း၌၊ သံဝတ္တတိ၊ ကေန်မလွဲ၊ အမြဲဖြစ်ရ လေတော့၏-ချစ်သား။

ဝီတိ သံဗောဇ္ဈင်ေ ါ၊ ခေါကာဿပ၊ မယာ
သမ္မဒ က္ခတာ၊ဘာဝိဂတာ၊ ဗဟူလိဂတာ၊
အဘိညာယ၊ သမ္မောဒါယ၊ နိဗ္ဗာ နာယ။
သံဝတ္တတိ။ ။

ကဿပ၊ ရှုတင်တရား၊ဆယ့်သုံးပါးကို၊မအားမလပ်၊ ဆောက်တည်တတ်သည့်၊ သားမြတ်ပုဏ္ဏ၊ ကဿပ၊ ခေါ၊ မှချကေန်၊ အမှန် စင် စစ် အားဖြင့်။ ဝီတိသံဗောဇ္ဈင်ေ ါ၊ လကွယ်သန်းခေါင်၊တိမ်တောင်မှိုင်းချုပ်၊ တောအုပ်ဟုပြီ၊ လေးလီ ့ာက်ဆောင်၊ အမိုက်မှောင်ကို၊ လင်းပြောင်စေ ပြား၊ ပ ္ဍမြားရေတနာ၊ ကဲ့ပမာသို့၊ ကိလေသာစစ် ကြေးညစ်ပယ်ရှင်း၊လင်းစေရောင်ဘိ၊ ဝီတိသံဗောဇ္ဈင်ကို၊ မယာ၊သင်တို့ဆရာ၊ဗုရားငါသည်။သမ္မဒက္ခတာ၊ကောင်း မှကွန့်ပြီး၊ ညာဏ် တန်ခိုး ဖြင့်၊ ထိုးထွင်း၍ သိအပ်ကုန်

လေပြီ။ ဘာဝိဂတာ၊ ကြံမိဖန်များစွာ၊ ပွါးစေအပ်ကုန်ပြီ။ ဗဟုလီကတာ၊ ဝသီငါးတန်၊ ကြံမိဖန်မလပ်၊ ပြုအပ်ကုန်လေပြီ၊ တေဝီတိ သံဗောဇ္ဈင်္ဂါ၊ ခန္ဓာရုပ်နာမ်၊ ဆယ့်ရှစ်တန်ခေတ်၊ ပရမတ်တရား၊ ပဿဗြားပမာ၊ နှစ်သက်စွာဘိ ထိုမီတိသံဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရမ်နှင့်နှုန်းဖက်၊ မဂ်အရဟတ္တ၊ ညာဏပဟုဘိ၊ ဂုဏ်သတ္တိကြောင့်။ဗောဓိသမ္ဘာ၊ ရင့်မာလွန်ချူး၊ ညာဏ်အထူးဖြင့်၊ ပြန့်ပြူးစုံဖြိုး၊ ထိုးထွင်း၍ သိခြင်းငှါ။ သမ္ဗောဓါယ၊ တာသ ခြောက်ချက်၊ အနက်မကွာ၊ သစ္စာလေးပါး၊ ဖြစ်တရားကို၊ ပိုင်းခြား ထင်ထင် သိမြင်ခြင်း အလို့ငှါ၊ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်၊ ပူကိန်လောင်ပြင်း ဆင်းရဲခြင်းမှ ကင်းလွတ်မကွာ၊ ငြိမ်းဧစေခြင်းငှါ၊ သံဝတ္တတိ၊ ကောန်မလွဲ၊ အမြဲဖြစ်ရလေတော့၏-ချစ်သား။

ပဿတိ သံဗောဇ္ဈင်္ဂါ၊ ခေါကဿပ
မယာ သမ္မဒက္ခာတာ၊ ဘာဝိဂတာ၊ ဗဟုလီ
ကတာ၊ အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာ
နာယ၊ သံဝတ္တတိ၊ ၊

ကဿပ၊ ဂူတင်တရား၊ ဆယ့်သုံးပါးကို၊ မအားမလပ်ဆောက်တည်တတ်သည့်၊ သားမြတ်ပုဏ္ဏ။ကဿပ၊ ခေါ၊ မှချကောန်၊ အမှန်စင်စစ်အားဖြင့်။ ပဿတိ သံဗောဇ္ဈင်္ဂါ၊ ဖြောက်ကျွန်းသူ ရတနာ၊ ကဲ့ပမာသို့၊ နှစ်ဖြာခေတ်ဗိုက်၊ ဝိပရိတ်မှန်၊ ပေါက်ပြန်ချို့သွင်း၊ ပူချမ်းခြင်းမှ၊ ကင်းလွတ်စေသို၊ ပဿတိသံဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ။ ဗုရားငါသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာကွန့်ဖြိုး၊ ညာဏ်တန်ခိုး

ဖြင့်။ ထိုးထွင်း၍သိအပ်ကုန်လေပြီ။ ဘာဝိဂတာ၊ ကြိမ်ဖန်များစွာ။ပွါးစေအပ်ကုန်ပြီ။ ဗဟုလိဂတာ၊ ဝသီငါးတန်။ ကြိမ်ဖန်မလပ်။ ပြုအပ်လေကုန်ပြီ။ တေပဿတိ သံဗောဇ္ဈင်္ဂါ၊ မြောက်ကျွန်းသူရတနာ။ ကဲ့ပမာသို့။ ငါသူတပါး။ အမှားပျောက်လျက်။ရုပ်သက်နာမ်ပါ။ခန္ဓာငါးခု။ပရမတ်စုကို။ တွေ့မှုကောင်းဘိ။ ထိုပဿတိ သံဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဖက်။ မဂ်အရဟတ္တ။ ညာဏာဟူဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဗောဓိသတ္တာ၊ ရင့်မာ လွန်ကျူး။ ဉာဏ်အထူးဖြင့်။ ပြန့်ပြူးစုံဖြိုး။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓါယ၊ တဆယ့်ခြောက်ချက်။ အနက်မကွာ။ သစ္စာလေးပါး။ မြတ်တရားကို။ပိုင်းခြားထင်ထင်။ သိမြင်ခြင်းအလို့ငှါ။နိဗ္ဗာနာယ၊သံသရာနှောင်အိမ်။ပူငြိမ်းလောင်ခြင်း။ ဆင်းရဲခြင်းမှ။ ကင်းလွတ်မကွာ။ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ကြောန်မလွဲ။အမြဲဖြစ်ရလေတော့၏-ချစ်သား။

သမာဓိ သံဗောဇ္ဈင်္ဂေါ၊ ခေါ ကဿပ၊
မယာ သမ္မဒက္ခာတာ၊ ဘာဝိဂတာ၊ဗဟုလိ
ဂတာ၊ အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာ
နာယ၊သံဝတ္တတိ။

ကဿပ၊ရှင်တရား။ဆယ့်သုံးပါးကို။ မအားမလပ်ဆောက်တည်တတ်သည့်။ သားမြတ်ပုတ္တ။ ကဿပ၊ခေါ၊ မှချကောန်။ အမှန်စင်စစ်အားဖြင့်။ သမာဓိသံဗောဇ္ဈင်္ဂေါ၊ ရေမြှော်သခင်။ဘုရင်မင်းမြတ်။သမုနတ်၏။လိဘတ်မနှေး။ လျှင်စွာပေးသည့်။ သူဌေးရတနာ။ ကဲ့ပမာသို့။ များစွာအာရုံ။ပြန့်ကြုံမရှိ။ သမာဓိသံဗောဇ္ဈင်ကို။ မယာ၊ သင်တို့

ဆရာ။ဗုရားငါသည်။ သမ္မဒက္ခတာ၊ ကောင်းစွာကွန့်မြူး၊ ဉာဏ်တန်ခိုးဖြင့်။ ထိုးထွင်း၍ သိအပ်ကုန်လေပြီ။ ဘာဝိဂတာ၊ ကြိမ်ဖန်များစွာ။ ပွားစေအပ်ကုန်ပြီ။ ဗဟုလိဂတာ၊ ဝသီငါးတန်။ ကြိမ်ဖန်မလပ်။ ပြုအပ်လေကုန်ပြီ။ တေသမာဓိသံဗောဇ္ဈင်္ဂါ၊ ရုပ်နာမ်ခန္ဓာ၊ ခေတ်သစ္စာမှာ။ ဝိပဿနာ။ ဉာဏ်ပညာဖြင့်။ ကောင်းစွာ တည့်တည့်။ ထားနိုင်ဘိ၍။ မင်း၏လိုရာ။ လျှင်စွာမနှေး။ ကောင်းစွာ ပေးသည့်။သူဌေးကြီးရတနာ။ ကဲ့ပမာသို့။ ကြီးစွာမြဲဘိ။ ထိုသမာဓိသံဗောဇ္ဈင်သည်။အဘိညာယ၊ဝရဇိန်နှုန်းဖက်။ မဂ်အရဟတ္တ။ ညာဏာဟုတ္တိ၊ ဂုဏ်သတ္တိကြောင့်။ ဗောဓိသစ္စာ၊ ရင့်မာလွန်ကျူး၊ ဉာဏ်အထူးဖြင့်၊ ပြန့်ပြူးစုံဖြိုး၊ ထိုးထွင်း၍ သိခြင်းငှါ၊ သမ္ဗောဒါယ၊ တဆယ့်ခြောက်ချက်၊ အ နက် မ ကွာ၊ သ စ္စာ လေး ပါး၊ မြတ် တ ရားကို ပိုင်း ခြား ထင် ထင်၊ သိ မြင် ခြင်းအ လို့ ငှါ။ နိဗ္ဗာနာယ၊ သံ သ ရာ နှောင် အိမ်၊ ပူရှိန်လောင်ပြင်း ဆင်းရဲခြင်းမှ၊ ကင်း လွတ် မ ကွာ၊ ငြိမ်းဧစေခြင်းအလို့ငှါ၊ သံဝတ္တတိ၊ ဧကန်မလွဲ၊ အမြဲဖြစ်လေတော့၏ ချစ်သား။

ဥပေက္ခာ သံဗောဇ္ဈင်္ဂေါ၊ခေါ်ကဿပ၊မယာ
သမ္မဒက္ခတာ၊ဘာဝိကတာ၊ဗဟုလီ ဂတာ။
အဘိညာယ၊ သမ္ဗောဒါယ၊ နိဗ္ဗာနာယ။
သံဝတ္တတိ။ ။

ကဿပ၊ရှင်တင်တရား၊ဆယ့်သုံးပါးကို၊မအားမလပ်၊ ဆောက်တည်တတ်သည့်၊ သားမြတ်ပုတ္တ၊ ကဿပ၊ ခေါ်။ မချဧကန်၊အမှန်စင်စစ် အားဖြင့်၊ဥပေက္ခာသံဗောဇ္ဈင်္ဂေါ၊

လေးကျွန်းသေဋ္ဌနင်း၊စကြာမင်း၏ မှုခင်းကိစ္စ။ဟူသမျှကို၊ ကြောင့်ကြတမူ၊ လျစ်လျူရှုပြီး။ သားကြီးရတနာ၊ ကွဲ့ပမာသို့၊ များစွာအားလုံး။ မရုန်းမချစ်။ စင်စစ်ပေါ်လာ၊ ဥပေက္ခာ သံဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ၊ ဗုရား ငါသည်၊ သမ္ဗဒက္ခာတာ၊ ကောင်းစွာကွန့်မြူး၊ဉာဏ်တန်ခိုးဖြင့်။ ထိုးတွင်း၍ သိအပ်လေကုန်ပြီ၊ ဘာဝိဂတာ၊ ကြိမ်ဖန်များစွာ၊ ပွါးစေအပ်ကုန်ပြီ၊ ဗဟုလိဂတာ၊ ဝသီ ငါးတန်၊ ကြိမ်ဖန်မလပ်၊ ပြုအပ်ကုန်လေပြီ၊ တောဥပေက္ခာ သံဗောဇ္ဈင်ငါ၊ လေးကျွန်းသေဋ္ဌနင်း၊ စကြာမင်း၏၊ မှုခင်းကိစ္စ၊ ဟူသမျှကို၊ ကြောင့်ကြတမူ၊ လျစ်လျူရှုပြီး၊ သားကြီးရတနာ၊ ကွဲ့ပမာသို့၊ ခန္ဓာရုပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အမှန်တည့်တည့်၊ ဧကန်သိ၍။ ချစ်ဘို့တဖြာ၊ မုန်းတာတမူ၊ မရှိမူ၍၊ လျစ်လျူရှုခါ၊ ထိုဥပေက္ခာ သံဗောဇ္ဈင်သည်၊ အဘိညာယ၊ ဝရဖိန်နှုန်း ဖက် မဂ်အရဟတ္တ၊ ညာဏဟူဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဗောဓိ သတ္တာ၊ ရင့်မာလွန်ကျူး၊ ဉာဏ်အထူးဖြင့်၊ ပြန့်ပြူးစုံမြိုး၊ ထိုးထွင်း၍သိခြင်းငှါ၊သမ္ဗောဓါယ၊ တဆယ့်ခြောက်ချက် အနက်မကွာ၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြား ထင်ထင်၊ သိမြင်ခြင်းအလို့ငှါ၊ နိဗ္ဗာနာယ၊ သံသရာ နှောင်အိမ်၊ ပူရှိန်လောင်ပြင်း၊ ဆင်းရဲခြင်းမှ၊ ကင်းလွတ် မကွာ၊ ငြိမ်းဧစေခြင်းအလို့ငှါ၊ သံဝတ္တတိ၊ ဧကန်မလွဲ၊ အမြဲဖြစ်ရလေတော့၏-ချစ်သား။

အဓိပ္ပါယ်။ ။ချစ်သား-ကဿပ၊ သင်တို့ဆရာ၊ဘုရား ငါသည်၊ကောင်းစွာ ဟောတော်မူအပ်သော၊ဤဗောဇ္ဈင်

ခု နှစ် ပါး တ ရား အ စု သည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို၊ လျှင်လျှင်မြန်မြန် ရနိုင်ရန်အကြောင်းဖြစ်ကုန်၏၊ ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို၊ ကောင်းစွာ သတိမပြတ် ဆင်ခြင်စဉ်းစား၊ နှလုံးထားခဲ့ဘူးသည့်၊ သတိ သံဗောဇ္ဈင်၊ ဉာဏ်တန်ခွန်တလှစ်ကြောင့်၊ စကြာမင်းကြီး တ ဖြစ် ကို ရ ဘူး ၏၊ စ ကြာ ငါး ပါး ကို ရ ဘူး ၏ ဟု ဟောတော်မူသည်။

ချစ်သား- ကဿပ၊ သင်တို့ ဆရာ ဗုဒ္ဓရားငါသည်၊ ရုပ်နာမ်ခန္ဓာ၊အာယတန၊ ပဋိစ္စသမုပ္ပါဒ်ဓာတ်တရားတို့ ကို၊ကောင်းစွာ သင်ကြား နှလုံးထား၍၊ပွါးများကျင့်ကြံ ခဲ့ဘူးသည်အတွက်၊ မဂ်ဖိုလ်ကိုမရမှီအကြား၊ ဓမ္မဝိစယ သံဗောဇ္ဈင်၊ ဉာဏ်တံခွန်အလှစ်ကြောင့်၊ စကြာမင်းကြီး အဖြစ် ရဘူး၏။ ဆင် ပျံ ရ တ နာ နှင့် ပြည့် စုံ ဘူး ၏ ဟု ဟောတော်မူသည်။

ချစ်သား-ကဿပ၊ သင်တို့ဆရာ ဗုဒ္ဓရားငါသည်၊ ဤ ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်၊ပရမတ် ဓာတ်တရားတို့ကို၊ ကောင်းစွာ လုံ့ လ ဝိ ရိ ယ ထား ၍၊ ပွါးများခဲ့ဘူးသည် အတွက်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို မရမှီအကြား၊ ဝိရိယ သံဗောဇ္ဈင်ဉာဏ်၏ တံခွန်တလှစ်ကြောင့်၊ စကြာဝဒေး မင်းကြီးအဖြစ်ကို ရဘူး၏။ မြင်းပျံရတနာနှင့် ပြည့်စုံဘူး ၏ဟု ဟောတော်မူသည်။

ချစ်သား- ကဿပ၊ သင်တို့ ဆရာ ဗုဒ္ဓရားငါသည်၊ ရုပ်နာမ်ခန္ဓာ၊ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားတို့ကို၊ နှစ်နှစ်သက်သက်၊ စုံစုံမက်မက်၊ ရှိခဲ့ဘူးသည်အတွက်၊

မင်္ဂလိမ်ပိုလ် နိဗ္ဗာန်ကို မရမီအကြား၊ ဤမိတ်သံဗောဇ္ဈင်၊ ဉာဏ် တံခွန်တလှစ်ကြောင့် စကြာဝဒေးတကြိမ်ဖြစ်ဘူး ၏။ အလိုရှိရာရတနာအစွွေကို ပြီးစေနိုင်သော၊ ပတ္တမြား ရတနာကို ရဘူး၏ဟု ဟောတော်မူသည်။

ချစ်သား-ကဿပ၊ သင်တို့ ဆရာ ဗုဒ္ဓရှင်ါသည်။ ခန္ဓာ ရုပ်နာမ် တရားမှန်ကို၊ ပရမတ်ဉာဏ်ဖြင့်၊ တွေ့မြင် ရှု ကြည့်ဘူး ခဲ့ သည့် အ တွက် မင်္ဂလိမ်နိဗ္ဗာန်ကို မရမီ အကြား၊ပဿတိသံဗောဇ္ဈင်၊ဉာဏ်တံခွန်တလှစ်ကြောင့် စကြာဝဒေးမင်းကြီး တဖြစ်ကို ရဘူး၏။ အပူ, အချမ်းမှ စ သည် ဖြင့်၊ မှ တ သော ဖော ဋ္ဌ ဗ္ဗာ အ တွေ့ကောင်း၊ မြောက်ကျွန်းသူ မိဖုရားကြီးရတနာကို ရဘူး၏ဟုဟော တော်မူသည်။

ချစ်သား- ကဿပ၊ သင်တို့ ဆရာ ဗုဒ္ဓရှင်ါသည်၊ ဤရုပ်ခေတ်,နာမ်ခေတ်၊ ပရမတ်တရားအစုတို့၌၊ ဝိပဿ နာဉာဏ်ဖြင့် ခိုင် မြဲ တည် ကြည် စွာ ထား ခဲ့ ဘူး သည့်၊ ကျေးဇူးအတွက်၊မင်္ဂလိမ်နိဗ္ဗာန်ကို မရမီအကြား၊သမာဓိ သံဗောဇ္ဈင်ဉာဏ်၏ တံခွန်တလှစ်ကြောင့်၊စကြာမင်းကြီး တဖြစ်ကို ရခဲ့ဘူး၏။ ဘုရင်မင်းမြတ် သမုနတ်၏ လိုဘတ် မနှေး လျှင်စွာပေးနိုင်သည့် သူဌေးကြီးရတနာကို ရဘူး ၏ဟု ဟောတော်မူသည်။

ချစ်သား- ကဿပ၊ သင်တို့ ဆရာ၊ ဗုဒ္ဓရှင်ါသည်၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးရပ်၊ ခြောက်ပါးခေတ်နှင့်၊ ပဋ္ဌ သမုပ္ပါဒ်ကောင်ကြီးကို၊ လျစ်လျူရှုခဲ့ဘူးသည့်အတွက်၊ မင်္ဂလိမ်နိဗ္ဗာန်ကို မရမီအကြား၊ ဥပေက္ခာသံဗောဇ္ဈင်

ဉာဏ်၏ တံခွန်တလျှစ်ကြောင့်၊ စကြာမင်းကြီး တကြိမ် ဖြစ် ခဲ့ ဘူး ကုန် ၏။ ဘ ခင် လို ရာ ဆောင် နိုင် စွာ သည့်၊ သားကြီးရတနာနှင့်၊ ပြည့်စုံခဲ့ဘူးကုန်၏ဟု- ဟောတော်မူသည်။

ချစ်သားကဿပ၊ သင်တို့ ဆရာ၊ ဘုရားငါသည်၊ ဤဗောဇ္ဈင်ခုနစ်ပါး၊တရားအစုံကို၊ ကျင့်ကြံပွါးများသည့် အတွက်၊မဂ်မျိုးစေ့၊ ဖိုလ်မျိုးစေ့၊ မဂ်ဉာဏ်- ဖိုလ်ဉာဏ်၊ တံခွန် တလျှစ်ကြောင့်၊ ဗြဟ္မာ့ပြည်၊ သုဒ္ဓါဝါသငါးဘုံ၌၊ ရတနာ ခုနစ် ပါး တံ ခွန် ပေါ် ပေါက် ရကုန်၏။ ။ ဤအခါ၊ အနာဂါမ်၊ ရဟန္တာစသော၊ ဗြဟ္မာကြီးတို့ သည်၊ဩော်........လူ့ပြည်၌ ဘုရားလောင်းကြီးများသည်၊ စကြာမင်းကြီးဖြစ်ပေပြီဟုသိကြကုန်၏။ ထိုပုဂ္ဂိုလ်ဘုရား အဖြစ်သို့ ရောက်လျှင်၊ များစွာသောသတ္တဝါတို့၊ ကျွတ်တန်း ဝင်ကြရ ပေတော့မည်ဟူ ဝမ်းသာအားရ ချီးပ ပြောကြကုန်၏။ စကြာမင်းကြီး ဖြစ်တိုင်း ဘဝမှာပင်၊ ဤရတနာ ခုနစ်ပါးပြည့်စုံကုန်၏၊ ချစ်သား ကဿပ။

သင်ချစ်သားနှင့်တကွ ရဟန်းရှင်လူ၊ မည်သူမဆို၊ ဤဗောဇ္ဈင်ခုနစ်ပါးတရားကို၊ ကျင့်ကြံပွါးများကြပါလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုလည်း၊ လျှင်မြန်စွာ ရနိုင်၏။နိဗ္ဗာန်ကို မရမီအကြားမှာလည်း၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။လေးကျွန်းသေဋ္ဌနင်း၊စကြာမင်းကြီး ဖြစ်နိုင်ကုန်၏၊ ချစ်သားဟု-၊ မြတ်စွာ ဘုရား ဟောကြားတော်မူ

သည့်ကို၊ နားစွန်, နားဖြားကြားသူ၊ အထက်ထက်က
ညာစား,ဝါစား၊ ဝါနှင့် စာနှင့် စားသောက်သူ၊ ဝါစာ
ကမာသမားတို့က၊ တံခွန်တလှစ်၊စကြာဝဒေးမင်းတဖြစ်
ဆိုပြီး၊ ဟောပြောစားသောက် လိမ်ထားသည့်အတွက်၊
ဗုဒ္ဓ ဟောချက်၊ အနက်အဓိပ္ပါယ်သဘောကို၊ ကုန်စင်
အောင် မသိ၍၊စကြာဝဒေးမင်း ဖြစ်ချင်လွန်းသို့၊ ပိုက်ဆံ
ကြေးငွေ များဖွာအကုန်ခံပြီး၊ တံခွန်တိုင်လုပ်၍၊ လှူဒါန်း
ကြကုန်၏။ လူရူးပြော- လူပေါကယုံ၊ လူမိုက်ပြော-လူ
မလိမ်မာကယုံ၊ မသိသူပြော-မတတ်သူကယုံ၊ နားထိုင်း
ပြော- နားပင်းကယုံ၊ အကန်းပြော- မျက်စိမမြင်တဲ့
အကောင်ကယုံ ဆိုသော၊ ဥပမာကဲ့သို့ရင်း၊ တင်ကျီးနှင့်
မျိုင်း၊ တကိုင်းထဲအိပ်ဆိုသော စကားကဲ့သို့ရင်း၊ ဆရာ
တကာနှစ်ဦးတို့သည်၊အကန်းတန်းကြီးကဲ့သို့၊ လမ်းပြသူ
ကလည်း မျက်စိမမြင်၊ နောက်လိုက်တွေကလည်း မျက်စိ
မမြင်၊လမ်းပြဆရာက မျက်စိမမြင်တာကို၊ငါမျက်စိမမြင်
ဟု တပည့်နည်းပါးမည်ကို စိုးရိမ်၍၊ သူကလည်းမပြော၊
နောက်လိုက်တပည့်တို့ကလည်း၊မိမိက မျက်စိမမြင်သည့်
အတွက်၊ ရှေ့ကလမ်းပြသောဆရာကို၊ မျက်စိ မြင်မှန်း,
မမြင်မှန်းကို မသိကြကုန်၊ သို့ပါ၍၊ အလွဲလွဲ,အချော်ချော်
သံသရာစခန်းမသတ်ဘဲ၊ မရပ်မတည်၊ လှည့်လည်ပြေး
သွား၊ဆင်းရဲခြင်းတရားနှင့်သာ၊ နေကြ,ဖြစ်ကြရကုန်၏။
ဟာလုတို့စဉ်စား,စဉ်းစား,စဉ်းစား၊များများကြီး စဉ်းစာ၊
လူငနွားတို့၊ ဤငါယာခ ရေးသား စီရင်ပေသော၊

ကျမ်းပေါင်းများစွာသည်၊ သိက္ခာမှု၊ သဒ္ဒါပေါများနှင့်
သာ၊ ထိုက်တန်သည်၊ မျက်စိကန်း လမ်းပြဆရာများ၏
တပည့်များနှင့်၊ မထိုက်တန်ဟု နာနာမှတ်။

ဗောဓိရှင်အနက်ပြီး၏။

## **သံဝါသ လေးပါး တရားတော်။**

ဥဘောစ ဟောန္တိ ဒုဿီလာ၊ကတရိယာ
ပရိဘာသကာ၊ တေ ဟောန္တိ၊ ဓာနိပ
တရော၊ ဆဝါသံဝါသ မာဂတာ။ ။

ဥဘောစ၊ နှစ်ဖြာစုံမက်၊ နှစ်သက်ကြည်စွာ၊ လူ့ရွာလော
ကပေါင်းဘော်ကြသည့်၊ တူမျှချစ်ခင်၊ အကြင်လင်မယား၊
နှစ်ဦးသားတို့သည်။ ဒုဿီလာ၊ အကျင့်သီလ၊ အာစာရနှင့်၊
မပြည့်စုံသည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။ ကတရိယာ၊
အလှူန်တရာ နှစ်မြော ဝန်တိုတတ်ကြကုန်၏၊ ပရိဘာသ
ကာ၊ အလှူခံပုဂ္ဂိုလ် အများတို့အား၊ မပေးမလှူဘဲ၊ ဆဲရေး
တိုင်းထွာ၊ ကြမ်းကြုတ်စွာသော စကားကို၊ ပြောဆိုတတ်
ကြလေကုန်၏။ တေဓာနိပတရော၊ ထိုလင်မယား နှစ်ဦး
လုံးတို့သည်။ ဆဝါသံဝါသံ၊ ယုတ်မာဆိုးဝါး၊ သူသေ
ကောင် ယောကျ်ားနှင့်၊ သူ သေ ကောင် မိန်း မ တို့ ၏၊
ပေါင်းဘော်ခြင်း အဖြစ်သို့။ အာဂတာ၊ ရောက်ကြကုန်
သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

အဓိပ္ပါယ်။ ။မသာ လောင်း ကောင် ကြီး ကို၊ ဒါနမှု ပြုပါ၊ သီလမှုပြုပါ၊ ဝိပဿနာ-ဘာဝနာမှု ပြုပါဟု၊ ပြောဆိုသော်လည်း၊ မသာလောင်းကောင်ကြီးက-ဘာမျှ မပြော၊ တုဏှိဘောဖြစ်၍ နေသကဲ့သို့၊ ထိုလင်မယား နှစ်ဦးတို့သည် မသာလောင်းကောင်၊ လင်မယား ပေါင်း ဘော်၍ နေသည်နှင့်-တူကုန်၏။ ထိုလင်မယား နှစ်ဦးတို့ သည်။ သေလျှင်- အောက်အပါယ် ငရဲထိအောင် သွားကြ မည့် ဖြစ်သောကြောင့်၊ အောက်စုံတွဲညွန့် လင်မယားဟု-ခေါ်၏။

သာမိကော သီလဝါဟောတိ၊ ဝဒညူ ဝိတ
မစ္ဆေရာ။ ဘရိယာ ဟောတိ ဒုဿီလာ၊
ကတရိယာ ပရိဘာသကာ၊ သာပိဆာဝါ
သံဝါသတိ ဒေဝေန ပတိနာသဟ။ ။

သာမိကော၊ လင်ယောကျ်ားသည်။ သီလဝါ၊ အကျင့် သီလ-အာစာရနှင့် ပြည့်စုံသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝဒညူ၊ အလှူခံပုဂ္ဂိုလ်တို့၏,အလိုကို သိသည်ဖြစ်၍။ ဝိတ မစ္ဆေရာ၊ နှစ်မြော မဟက်- ရက်ရက် စက်စက် ပေးလှူ တတ်ကုန်၏။ ဘရိယာ၊ မယားသည်ကား။ ဒုဿီလာ၊ အကျင့် သီလ, အာစာရနှင့်- မပြည့်စုံသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတရိယာ၊အလှူနတရာ နှစ်မြောဝန်တိုတတ် ကုန်၏။ ပရိဘာသကာ၊ အလှူခံ ပုဂ္ဂိုလ်တို့အား၊ မပေး မလှူဘဲ၊ ဆဲရေးတိုင်းထွာ ကြမ်းကြုတ်စွာသော စကားကို ပြောဆိုတတ်ကုန်၏။ သာပိဆာဝါ၊ ထိုယုတ်မာဆိုးလှ- သူသေကောင် မိန်းမသည်။ ဒေဝေန၊ နတ်သားဖြစ်သော၊

ပတိနာ၊လင်နှင့်။ သဟာ၊အတူတကွ။ သံဝါသတိ၊ တဘာဝ တသက်တွင်၊ ကာမဂုဏ်အတွက်ကြောင့်၊ မပျက်အောင် ပေါင်းဘော်ရရှာလေကုန်၏။

အဓိပ္ပါယ်။ ။ယောကျ်ားသည်၊ နတ်သားနှင့် တူ၏၊ ကုသိုလ်ကောင်းမှုတို့၌၊ ဝါသနာပါသည့်အတိုင်း ပြုကုန်၏။ သေလျှင်၊နတ်သားဖြစ်မည့်မှန်၏။မယားသည်၊ မသာလောင်းကောင်မနှင့် တူ၏။ ထိုလင်မယား နှစ်ဦးတို့သည် ဘက်ပဲ့လင်မယား နတ်သားနှင့်၊ မသာလောင်း ကောင်မတို့၊ ပေါင်းဘော်ခြင်း ဖြစ်ကြကုန်၏။

သာမိကော ဒုဿီလော ဟောတိ၊ ကတရိယော
ပရိဘာသကော၊ဘရိယာ သီလဝတီ ဟောတိ။
ဝရညူ ဝိတမစ္ဆေရာ သာပိဒေဝီ၊ သံဝါသတိ
ဆဝေန ပတိနာ သဟာ။ ။

သာမိကော၊လင်ယောကျ်ားသည်။ဒုဿီလာ၊အကျင့်သီလ,အာစာရနှင့် မပြည့်စုံသည်။ ဟောတိ၊ဖြစ်၏။ ကတရိယာ၊ အလွန်တရာ နှစ်မြောဝန်တိုတတ်ကုန်၏။ ပရိဘာသကာ၊ အလှူခံပုဂ္ဂိုလ် အများတို့အား၊ မပေးမလှူဘဲ ဆဲရေးတိုင်းထွာ ကြမ်းကြုတ်စွာသော စကားကို ပြောဆိုတတ်ကုန်၏။ ဘရိယာ၊ မယားသည်ကား။ သီလဝါ၊ အကျင့်သီလ အာစာရနှင့် ပြည့်စုံသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝရညူ၊ အလှူခံပုဂ္ဂိုလ်တို့၏,အလိုကို သိသည် ဖြစ်၍။ ဝိတမစ္ဆေရာ၊ နှစ်မြောမဖက် ရက်ရက်စက်စက်- ပေးလှူတတ်၏ သာပိဒေဝီ၊ ထိုနတ်သွီး, ဖြစ်သော မိန်းမ သည်။ ဆဝါသံဝါသံ၊ ယုတ်မာဆိုးဝါး၊ သူသေကောင်

ယောက်ျားဖြစ်သော။ပတိနာ၊လင်နှင့်။သဟာ၊အတူတကွ။ သံဝါသတိ၊ တဘာဝ, တသက်တွင်၊ ကာမဂုဏ် အတွက် ကြောင့်၊ မပျက်အောင် ပေါင်းဘော်ရှာလေတော့၏။

အဓိပ္ပါယ်။ ။ဤ ယ ခု လူ တို့ လော က ၌၊ အ ကြင် လင်မယား အဖြစ်ဖြင့်၊ ပေါင်းဘော်၍ နေကြသည်မှာ၊ မယားက နတ်သမီးနှင့်တူ၏၊ ရတနာသုံးပါး-ကုသိုလ်, ကောင်းမှုတို့၌၊ ဝါသနာပါသည့်အတိုင်း ပြုကျင့်ကုန်၏။ လင်ယောက်ျားကား၊ မသာလောင်း ကောင်ကြီး ကဲ့သို့၊ ကုသိုလ်ကောင်းမှု ဆိုလျှင်၊ ဘယ်အရာကိုမျှ မပြုမကျင့် ကုန်၊ ထို့ကြောင့်၊နတ်သမီးနှင့်- မ သာလောင်း ကောင် အထီး၊ ပေါင်းဘော်နေခြင်းနှင့်-တူကုန်၏။

ဥဘောသဒ္ဓါ၊ ဝဒညူစ၊ သညတာဓမ္မဇိဝိနော၊
တေဟောန္တိ၊ ဇာနိပတရော၊ အညမညံ၊ပိယံ
ဝဒါ၊ အတ္ထာ သမ္ပဝိတာရဟောန္တိ၊ ဖါသုကံ၊
ဥပဇာယတိ၊ အမိတ္တာ ဒုမ္မနာဟောန္တိ၊ ဥဘိန္နံ
သမ္မသီလိနံ၊ဓမ္မံသမ္မသီလဗ္ဗတာ၊ဣဓစရိတွာန၊
ဥဘောနန္ဒိနော၊ ဒေဝလောကသ္မိံ။ မောဒန္တိ၊
ကာမကာမိနော။ ။

ဥဘောစ၊နှစ်ဖြာစုံမက်၊နှစ်သက်ကြည်ဖွာ၊လူ့ရွာလော က၊ပေါင်းဘော်ကြသည့်၊တူမျှချစ်ခင်၊အကြင်လင်မယား နှစ်ဦးလုံးတို့သည်လည်း။သဒ္ဓါစ၊ရတနာသုံးတန်၊ဆက်ဆံ ညွတ်တွား၊သဒ္ဓါတရားနှင့်လည်း၊ပြည့်စုံကြကုန်၏။သည တာ၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးခြင်းနှင့်လည်း ပြည့်စုံကြ ကုန်၏၊ဝဒညူ၊အလှူခံပုဂ္ဂိုလ်တို့၏၊အလိုကိုသိသည်ဖြစ်၍။

ပိတာမဿေ့ရာ၊ နှစ်မြော်မဖက်၊ ရက်ရက်စက်စက် ပေးလှူ
တတ်ကြ ကုန်၏။ တေဇာဒိပတရော၊ထိုနတ်သမီး- နတ်
သား၊ လင်မယားနှစ်ဦးတို့သည်၊ အညမညံ့၊တယောက်
နှင့်တယောက်ကို။ ပိယံဝဒါ၊ နှစ်မြို့ကြည်ဘွယ်၊ ပြုံးရွှင်
ရယ်နှင့်၊ ချစ်ဘွယ်သော စကားကို ပြောဆိုလျက်၊ ဓမ္မဇီ
ဝိနော၊ တရားသဖြင့်၊ အ လိုက် သင့် နေ ကြ ကုန် သည်။
ဟောန္တိ၊ ဖြစ်ကြလေကုန်၏။ သမ္မာသီလိနံ၊ အညီအမျှ၊
အကျင့်သီလနှင့် ပြည့်စုံကြကုန်သော။ ဥဘိန္နံ၊ထိုနတ်သမီး
နတ်သား၊ လင်မယား နှစ်ဦးလုံးတို့၏။ အတ္ထာ၊ အကျိုး
စီးပွါးတို့သည်။သမ္မဒိတရာ၊ပြည့်စုံကြကုန်သည်။ဟောန္တိ၊
ဖြစ်ကြလေကုန်၏။ အမိတ္တာ၊ မနာလိုသူ အိမ်နီးချင်းတို့
သည်။ဝါမနာလိုသူ၊ ဘုန်းကြီး-လူပါ၊ ရပ်ရွာသူ-ရပ်ရွာ
သားတို့သည်။ဒုမ္မနာ၊နှလုံးမသာ၊မနာလိုလောက်အောင်၊
ဟောန္တိ၊ ချေးငေါ့ မေးငေါ့၊ ဇောတဝန်ငေါ့ငေါ့ကြကုန်
၏။သမ္မာသီလဗ္ဗတာ၊ ကောင်းမြတ်သော အကျင့်သီလနှင့်
ပြည့်စုံကြ ကုန်သော။ ဥဘော၊ ထိုနတ်သမီး နတ်သား၊
လင်မယား နှစ်ဦးလုံးတို့သည်။ ဣဓ၊ ဤလူ၏ဘဝ၌။ ဓမ္မံ၊
နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ တရားမြတ်ကို၊
စရိတွာန၊ ကျင့်ကြကုန်၏၊ ဒေဝလောကသ္မိံ၊ လောက
နောင်ခါ။ ထက်နတ်ရွာ၌၊ ကာမကာမိနော၊ ငါးဖြာကာမ၊
လိုတိုင်း ရ ကြ ကုန် သည် ဖြစ် ၍၊ နန္ဒိနော၊ တ ယောက်
တယောက်၊ဘောက်ပြန်မဘက်၊လွန်နှစ်သက်၍၊မောဒန္တိ၊
နိဗ္ဗာန်ကျအောင်၊ တဘဝမလွဲ နှစ်ကိုယ် တွဲလျက်၊ အမြဲ
မွေ့လျော်ကြလေကုန်တော့၏။

အခဓိပ္ပါယ်။ ။ထိုလင်မယားနှစ်ဦးတို့သည်၊အညီအမျှ ဒါနသီလ၊သမထ ဝိပဿနာတို့ကို လေ့လာကြ ကုန်၏။ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းတရားမြတ်ကိုလည်း ရှာဖွေ၍ကျင့်ကြံကြကုန်၏။ဘယောက်နှင့် တယောက်ကို လည်း၊ မဘောက်ပြန်၊ မှန်ကန်သော သစ္စာဖြင့်၊ မေတ္တာ သက်ဝင်ချစ်ခင်ကျင်နာ သာယာသောစကားဖြင့် ပြောဆို ကြကုန်၏၊ ဤကဲ့သို့ တရားထူး တရား မြတ် ကို မပြတ် လေ့လာကြသော နတ်သွီး နတ်သား လင်မယားကို မနာ လိုသူ အိမ်နီးချင်းနှင့်ရပ်ရွာရှိ ဘုန်းကြီးများကပါဝိုင်းဝန်း ၍ ကဲ့ ရဲ့ ပြီး၊ ဆူး ငေါ့ မေး ငေါ့ ကျောင်း က ငေါ့ ငေါ့ကြကုန်၏။

ထိုနတ်သွီး-နတ်သားလင်မယားနှစ်ဦးတို့သည်၊နိဗ္ဗာန် ကျအောင် တဘာဝမလွဲ၊နှစ်ကိုယ်တဲ့၍၊ အပါယ်သို့မလား မရောက်ဘဲ၊အထက်လမ်းစုံတဲ့ဖြင့် မြဲမြဲကြီး နတ်ချမ်းသာ လူချမ်းသာတို့ကို။စံစား ခံစား၍ နိဗ္ဗာန်သို့ သွားကြရလေ ကုန်၏။

## သေ့၊လေးပါးရှင့်၊လေးပါးကိုပြခတ်း။

ရှင်လေးပါးဟူသည်ကား၊ ကံကြောင့် ရုပ် နာမ် ခန္ဓာ ဖြစ်၏။ စိတ်ကြောင့် ရုပ်နာမ် ခန္ဓာဖြစ်၏၊ ဥတုကြောင့် ရုပ်နာမ်ခန္ဓာဖြစ်၏ အဟာရကြောန ရုပ်နာမ်ခန္ဓာဖြစ်၏၊ ဤ ကံ ,စိတ်,ဥတုအဟာရ အကြောင်းတရား မချုပ်သမျှ ကာလပတ်လုံး ကမ္ဘာအနန္တတိုင်အောင်၊ ခန္ဓာအစဉ် ဖြစ်၍ နေသောကြောင့်။ မသေနိုင်၊ သေဆိုသောစကား

သည် ပြန်၍ခန္ဓာမဖြစ်သည်ကိုဆို၏။သစ်ပင်ပန်းပင်မှစ၍ သေလျှင်ပြန်၍ရှင်ရိုးထုံးစံမရှိဟုမှတ်။

တနည်းအားဖြင့်။ ။အကုသိုလ်ဒုစရိတဆယ်ပါးတရား၊ မလှူသင့်တာကို လှူသော၊ အဓမ္မိကဆယ်ပါးတရား၊ ကာမာဝစရကုသိုလ်၊ ဒါန, သီလ, ဘာဝနာစသော၊ ပုညကြိယာဆယ်ပါးတရား၊ ရူပဝါစရကုသိုလ် ဒါန, သီလ, ဘာဝနာစသော၊ ပုညကြိယာ ဆယ်ပါးတရား၊ အရူပါဝစရ ကုသိုလ် ဒါန, သီလ, ဘာဝနာစသော ပုညကြိယာဆယ်ပါးတရား။ဤ-အကုသိုလ်ကံနှစ်ဆယ်၊ ကုသိုလ်ကံ သုံးဆယ်၊ ကံလေးမျိုး တရားကို ကျင့်ကြံမိကြသမျှ၊ ကမ္ဘာအဆက်ဆက်၊မသေသောတရား၊ ခန္ဓာ မသေမပျက် မပျောက်သောတရားဟုမှတ်။

ဤကံငါးမျိုး ငါးပါးကိုအစွဲပြု၍၊ လောကဋ္ဌမိန်းမများ သည်၊ယောင်ရမ်းမိသောအခါ၊ ငါးပါးကြီး မှောက်ပါပြီ တော့လို့၊ဆိုကြကုန်၏၊ဤကံငါးပါးသည်၊ မဂ်ဖိုလ်နိဗ္ဗာန် ကို မှောက်၍၊ ဖုံး၍ထားခြင်းကို၊ ငါး ပါး မှောက် သော ကံဟုခေါ်၏။ ။တနည်းပရမတ်,ရုပ်,နာမ် ခန္ဓာငါးပါးကို မသိအောင်ဖုံး၊ဝိပဿနာဉာဏ်ကို၊ မသိနိုင်အောင်ဖုံး။ ဤကံကဏ္ဍားငါးဆယ်၊ငါးပါးကံက၊ဖုံးမှောက်ထားခြင်း ကိုလည်း၊ ငါးပါးကြီး မှောက်ကုန်ပါပြီဟု၊ လောကဋ္ဌ ပြောဆိုကြကုန်၏။ ။ဤကံငါးပါးမှောက် တရားတို့ကို၊ ပြုကျင့်မိသမျှကာလပတ်လုံး၊ဘယ်နံ့ရောအခါမှ၊ပဋိသန္ဓေ ဇာတိ သေခြင်းကို၊ မတတ်နိုင်ကြကုန်။ ဒို ရ တာ တွေ၊ တခါဒိုပြီးလို့မပျောက်၊ဘဝအဆက်ဆက်၊ တဒိုထဲဒိုရ

၏။ ။နာယာတာတွေလဲ၊ တ နာ ထဲ ဘဝအဆက်ဆက် နာရ၏။ လောကအသေခေါ် ကြတာကလဲ၊ တခါသေလို့ မပြီးနိုင်၊ ဘဝအဆက်ဆက် တသေထဲ သေ၍ နေကြရလေကုန်၏။ ။သေသေချာချာ၊ တခါသေလျှင်၊ နောင်သေစရာဘဝ မရှိတဲ့ အသေမျိုးကို၊ မရခြင်း တည်းဟူသော၊ လေးပါးသောကံ၊ လေးပါးသော သဠါရတို့ကို၊ ရှင်လေးပါးဟု သေသေ ချာချာမှတ်။

ရှင်လေးပါးဟူသည်ကား၊ ။အဓိဝမ်းမှုရင်း။ဥပပတ်ပဋိသန္ဓေရင်း။ပဋိသန္ဓေငါးမျိုးတို့မှာနေ၍၊ဘွားလာသောသတ္တဝါမှန်က၊ ဘယ်အခါမှ မသေ၍၊ နိဗ္ဗာန်ကို မရကုန်၊ နိဗ္ဗာန်ကို ရဆိုသောစကားသည်၊ အသေကြီးတခါတည်းသေသည်ကိုဆိုလိုသည်၊တခါသေလျှင်၊နောင်သေစရာမရှိကုန်၊ ခန္ဓာမရှိ၍။ မကြာမကြာမသေရကုန်၊ ဝမ်းကမဘွားနားကဘွားသည့်၊၄-ပါးသော ပဋိသန္ဓေကိုရကြမှ၊ နိ ဗ္ဗာန် သို့ ရောက် ကြ မည် ဟု။ ရှေး ပ ညာ ရှိ များ စပ်ဆိုပေသည်။

ရင်းအဓိပ္ပါယ်ကား။ ။မြတ်စွာဗုဒ္ဓဘုရား သာသနာတော်ကြီး၍၊ ဗုဒ္ဓဘုရားတပည့် သားတော်၊ သမီးတော်ဖြစ်ကြကုန်သော၊ အရိယာသာဝက သူတော်ကောင်းတို့၏။ တရားတော်သည်၊မဂ်လေးပါးတရားတော် ဖြစ်ကြကုန်၏။ ။ရင်းတရားတော်ကို၊ ရစေနိုင်သောတရားသည်၊ ရုပ်နာမ်ခန္ဓာ ပဋ္ဌာန်းသမုဒ္ဒါန် ဓာတ်သစ္စာ တရားသာ ဖြစ်ကုန်၏။ ရင်းတရားတော်ကို၊နာရ-ကြားရ-မှတ်ရ၍၊ သောတာပန်ပဋိသန္ဓေ၊ သကဒါဂါမ်ပဋိသန္ဓေ၊ အနာဂါမ်ပဋိသန္ဓေ၊

ရဟန္တာပဋိသန္ဓေလေးပါးကို ရကြခြင်းကြောင့်။ ၎င်း ပုဂ္ဂိုလ် လေးမျိုးတို့ကို၊ ဝမ်းကမဘွား-နားကဘွားသည့်ဟု၊ စပ်ဆိုပေသည်။

ဤပုဂ္ဂိုလ်လေးမျိုး ပဋိသန္ဓေလေးပါးသည်၊ နားက ကြားရ ဘွားရခြင်း ဖြစ်ပေသည်။ ။သောတာ ပန် ပဋိသန္ဓေကို၊ နားကယူမိလျှင်၊ အကြာဆုံးခုနစ်ဘဝရှိလျှင်၊ နောင်တဖန်ပြန်၍မသေတော့။ အသေကြီးကို၊ တခါထဲ သေရလေတော့၏။ သကဒါဂါမ် ဖြစ်လျှင်၊ လူပြည် တဘဝ။ နတ်ပြည်တဘဝနေ၍ အသေကြီးသေရကုန်၏။ အနာဂါမ် ပဋိသန္ဓေကိုယူမိလျှင်။ သုဒ္ဓါဝါသငါးဘုံမှာ။ တဘဝနေ၍ အသေကြီး သေရကုန်၏။ ရဟန္တာပဋိသန္ဓေကို ယူမိလျှင်။ ဤယခုဘဝသေလျှင်။ တခါတည်း။ တဖန်ပြန်၍ မသေရကုန်။

သို့ဖြစ်၍၊ သေလေးပါးသည်၊ အရိယာ လေးယောက်ကိုဆိုလိုသည်၊ ၎င်းအရိယာလေးယောက်သည်။ နားမှာ ပဋိသန္ဓေယူ၍၊ နားကဘဲ ဘွားကုန်၏။ ။ဤပဋိသန္ဓေ မွေးဘွားခြင်းကို၊ နားမလည်ကြသော ရဟန်း ရှင်လူတို့သည်၊ သမုဒ္ဒရာလေးစင်းက။ ရှင်ဥပဂုတ်ကို ပြောလိုပြော၊ တောင်ရမ်းပြော၊ မြောက်ရမ်းပြော၊ ဤကဲ့သို့ပြောကြခြင်းကြောင့်၊ တခါသေလို့ မပြီးနိုင်တဲ့။ တရားတွေနှင့်သာ နေကြရကုန်၏၊ သပိတ်သွတ်လို့ မပြီးနိုင်။ ရေစက်ချလို့ မပြီးနိုင်။ ငိုလို့မဆုံးနိုင်။ နာလို့မဆုံးနိုင်။ ပူလို့မဆုံးနိုင်၊ အိုလို့ မဆုံးနိုင်၊ ဘေးတွေလို့ မဆုံးနိုင် ဖြစ်ကြရကုန် သည်။ ကြပ်ကြပ်စဉ်းစားကြပါလော။

## ယောက်မနှင့်တူပုံ-ဓမ္မပဒပါဠိတော်။

ယာဝဇီဝံပိ စေ ဗာလော ပဏ္ဍိတံ ပယိရုပါသတိ
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံ ယထာ။ ။

ဗာလော၊ တကဲ့တရား။ တကဲ့စကားတို့ကို။ တကယ် နားမလည်နိုင်ကြသော ဗာလ, သတ္တဝါတွေသည်။ ယာဝဇီဝံပိ၊ အသက်ရှည်သမျှ ကာလပတ်လုံးလည်း။ ပဏ္ဍိတံ၊ တကဲ့တရား၊ တကဲ့စကားတို့ကို၊ တကယ် ဟောကြားတတ်သော တကဲ့ပညာရှိကို။စေပယိရုပါသတိ၊အကယ်၍ မှီဝဲဆည်းကပ်သည်ဖြစ်အံ့။၉၀ံသန္တော်ပိ၍ သို့လျှင်တသက်လုံး မှီဝဲ ဆည်းကပ်ပါသော်လည်း။ သောဗာလော၊ ထို တကဲ့တရား။ တကဲ့စကားကို။ တကယ် နားမလည်နိုင်သော၊ ဗာလသတ္တဝါတွေသည်။ ဓမ္မံ၊ သုသု,ငါငါ၊ ဗုဒ္ဓဘာသာမှန်က။ သိသင့် သိထိုက်သော။ ရုပ်နာမ် ခန္ဓာ၊ ဓာတ်သစ္စာနှင့်။အာယတနာ။ ပဋ္ဌာနသမုပ္ပါဒ်တရားတို့ကို။ နဝိဇာနာတိ၊ ပိုင်းခြားတိတိ၊ မသိနိုင်ကြလေ။ ယထာ၊ နှိုင်းရာတန္တို့၊"ဥပမာပြုလိုက်လျှင်။ ဒဗ္ဗိ၊ ဟင်းအိုး-ထမင်းအိုးတို့ကို၊မွှေနေကြသောယောက်မကြီးသည်။ သူပရသံ၊ ပေါ့ခြင်း, ငန်ခြင်း။ ဟင်း၏ အရသာကို။ နဝိဇာနာတိ ယထာ၊ အရိုးအရွက်တိုလို့သာ ပစ်လိုက်ရရော့။ ဘယ်ကာလမှ-မသိနိုင်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။တောင်စွာ လျှော်စွာနှင့် လူဖြစ် လာသော။ ရဟန်း,ရှင်လူတို့သည်။ အသက်ရှည်သမျှ ကာလ

ပတ်လုံး။ တကဲ့ပညာရှိကို မှီဝဲဆည်းကပ်၍ နေပါသော်လည်း၊ ယောက်မများကဲ့သို့။ ပေါ့ခြင်း-ငန်ခြင်း။ ဟင်း၏အရသာကို၊ တကြိမ်တခါမျှ မသိသကဲ့သို့ ဖြစ်ချေသည်၊ အရိုးအရွက်တို့ကိုသာ ပစ်လိုက်ရသကဲ့သို့၊ အသက်ကြီး၍ အိုသို့မှိုသာ သေရချေတော့သည်။

——◆◆◆◆◆◆——

## လျှာနှင့်တူပုံ-ဓမ္မပဒပါဠိတော်။

မုဟုတ္တံပိ စေဝိညူ၊ ပဏ္ဍိတံ ပယိရုပါ
သတိ။ ခိပ္ပံဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ
ယထာ။ ။

ဝိညူ၊ ကျိုးကြောင်းနှစ်ဖြာ၊ လိမ္မာဖြင်သိ၊ ပညာရှိသူ၊ လူချွင်ရဟန်းသည်။ မုဟုတ္တံ၊ အခိုက်အတန့် ကာလ, တခဏမျှလည်း။ ပဏ္ဍိတံ၊ တကဲ့တရား-တကဲ့စကားတို့ကို တကယ်ဟောကြားတတ်သော တကဲ့ပညာရှိကို။ ပယိရုပါသတိ၊ အကယ်၍ မှီဝဲ ဆည်းကပ်သည် ဖြစ်ငြားအံ့။ သောဝိညူ၊ ထိုကျိုးကြောင်းနှစ်ဖြာ။ ပညာရှိသူ-လူချွင်, ရဟန်းသည် ဓမ္မံ သူသူ ငါငါ သတ္တဝါတို့။ သေသေ ချာချာ သိသင့်သိထိုက်သော။ ရုပ်နာမ်ခန္ဓာ။ အာယတနာ၊ ပဋိစ္စသမုပ္ပါဒ်။ ဓာတ်တရားကို။ ခိပ္ပံ၊ မကြာ မတင်။ လျှင်လျှင်မြန်မြန်။ ဝိဇာနာတိ၊ ပိုင်းခြားတိတိ၊ သိနိုင်လေတော့၏။ ယထာ၊ နှိုင်းရာဘ [illegible]။ ဥပမာပြုလိုက်လျှင်။ ဇိဝှါ၊ သူသူ ငါငါ။ သတ္တဝါတို့၌ရှိသော လျှာသည်။ သူပရသံ၊ ပေါ့ခြင်း,ငန်ခြင်း။ ဟင်း၏အရသာကို။ ဝိဇာနာတိယထာ၊

ဟင်းအိုးထဲမှာ ဆင်း၍၊ မမွှေရသောလည်း။ သေသေ
ချာချာသိနိုင်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။ရှေ့အစွန်း-နောက်အစွန်း။ကျွမ်းကျင်
လိမ္မာသော ပညာရှိများသည်။ တသက်လုံး ပညာရှိကို။
မမှီဝဲ မဆည်းကပ်ရသော်လည်း။ အခိုက်အတန့် ကာလ-
တခဏကလေးမျှ၊ တကဲ့တရား-တကဲ့စကားကို ကြားနာ
ရရုံနှင့်။ ဤတရား ဤစကားဟုတ်၏။ မဟုတ်၏။ မှန်၏-
မမှန်၏ကို သိနိုင်လေ၏။ယောက်မကဲ့သို့မဟုတ်၊ လျှာများ
ကဲ့သို့ အရသာကို ထိသည့်နှင့်တပြိုင်နက်။ ချို, ချဉ်, ငန်
ခါးကို-သိလေတော့၏။

**တကဲ့တရားကို ဟောနိုင်သော။ ပညာရှိ သူတော်
ကောင်း စကားကို။ ကြားနာပြီးလျှင်၊ မိမိထက်
သာ၍ရင်း။ မိမိတို့ကိုးကွယ်ထားသော ဆရာ
ထက် သာ၍ရင်း။ မနာလို၍ ကဲ့ရဲ့ပြောဆို
သော။ ရဟန်းရှင်လူ အန္ဓဗာလတို့၏
အကြောင်းကိုပြခြင်း။**

ဥပါရမ္ဘစိတ္တော ဒုမ္မေဓော၊ သုဏာတိ ဇိနသာသနံ၊ နဝိညူဟာတိ သဒ္ဓမ္မော၊ ခေတ္တော်
ဗီဇံဝ ပုတိကံ။

ဥပါရမ္ဘစိတ္တော ကျင့်ကြံစရာသိသာထင်ရှားလှသော၊
တရားမြတ် တရားကောင်းကြီးတွေကို၊ မမှတ်မသားကြ
မူ၍။အကြား အပေါက် အမှားကိုသာ။ ကောက်ချင်သော

စိတ်ရှိသော၊ ဒုမ္မေဓေါ၊ မဇ္ဈေ ဣာသော။ စိတ်မှာကပ်ခြင်း၊ အဖျင်းအရိုက် သတ္တဝါတွေသည်။ ဇိနသာသနံ၊ မြတ်စွာဗုရား- မိန့်တော်ကြားအပ်သည့်၊ တရားတော် ဒေသနာကို။ သုဏာတိ၊ ကြားနာတတ်ကြလေကုန်၏။ သော၊ ထိုအကြားအပေါက်။ အမှားကိုသာ ကောက်မည်ဟု။ နှလုံးသွင်းကြသော။ လူဖျင်းလူမိုက်တို့သည်။ သဒ္ဓမ္မော၊ ကျင့်ကြံစရာ သိသာထင်ရှားလှသော။ ရှပ်နာမ်ခန္ဓာ ခေတ်သစ္စာတံရားတွေသည်။ နဝိညူဟာတိ၊ ထိုသူတို့၏ ဉာဏ်အစဉ်မှာ။ စည်ပင်ကြီးပွါးခြင်းသို့ မရောက်နိုင်။ ဟိမဝ၊ နှင်းရေတန္တု။ ဥပမာ အဘယ်ကဲ့သို့ နည်းဆိုလျှင်။ ခေတ္တေ။ လယ်မြေကောင်း တချဉ်။ ပုတိကံ။ ပုပ်ဆွေးသော။ ဗီဇံ၊ မျိုးစေ့သည်။ နဝိရူဟတိဏ္ဍဝ။ လယ်လုပ်ကောင်းသော ယောကျ်ားသည်။ အားအင်ထုတ်ပါသော်လည်းပုပ်ဆွေးသော မျိုးစေ့ ဖြစ်သည့်အတွက်၊ သက်သက် ဘယ်ခါမှ၊ ကောင်း စွာ ညွှန့် ညှောက်၊ မ ပေါက် မ ရောက် နိုင်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။ကိုယ့်ထက်သာလျှင် မနာလို၊ ကိုယ့်ဆရာထက်သာလျှင် မနာလိုသော၊ ရ ဟန်း ရှင် လူ တို့ သည်၊ သူတော်ကောင်း တရားကို ကြားနာမိလျှင်၊ ကွဲရဲရုံ့ချခြင်းကို ပြုတတ်ကုန်၏။ ထိုသူတို့သည်၊ ပုပ်ဆွေးသောမျိုးစေ့နှင့် တူကုန်၏။ ပုပ်ဆွေးသော မျိုးစေ့သည်၊ လယ်မြေကကောင်း သော် လည်း။ စိုက် ပျိုး ၍၊ အ ညွှန့် အ ညှောက် မပေါက်နိုင်သကဲ့သို့ ဖြစ်ချေသည်။

## သူတော်ကောင်းများ ဘုရားဟောတာကို သာဓုသာဓု ဟု၊ ခေါ်ဆိုမိသော။ အမျိုးကောင်းသား သမီး တို့သည်၊ ဖြစ်ရာဘဝမှာ ခံတွင်းက ကြာညိုနံ့ ကဲ့သို့ မွှေးခြင်း အကြောင်း။

သဒ္ဓမ္မံ ဒေသနကာလေ၊ သာဓုသာဓုတိ ဘာသတော၊
မုခတော ဇာယတေ ဂန္ဓော၊ ဥပ္ပလံ ဝ ယထောဒကေ။

သဒ္ဓမ္မံ၊ သုံးလူ့ပရမေ မဟာဗောဓိသည်၊ သင်္ချေ့လေးရပ်၊ ကပ်တသိန်း ကာလပတ်လုံး၊ ရှုရိုး ဆည်းပူးတော်မူပါမှ၊ ကောင်းစွာသိအပ်၊ ရုပ်နာမ်ခန္ဓာ၊ ပရမတ်ဓာတ်၊ တရားတို့ကို။ ဒေသနကာလေ၊ ရဟန်းရှင်လူ၊ မည်သူမဆို။ ပုဂ္ဂိုလ် တပါးပါသည်၊ ဟော ကြား သော ကာ လ၌။ သာဓုသာဓုတိ၊ သာဓုသာဓုဟူ၍။ ဘာသတော၊ ရွတ်ဆိုသနှ၊ ကောင်းကြီးပြုရသော အမျိုးကောင်းသား၊ အမျိုး ကောင်း သမီးတို့၏။ ဝါ၊ အမျိုးကောင်းသား၊ အမျိုး ကောင်း သမီးတို့အား။ မုခတော၊ ခံတွင်းမှ။ ဥဒကေ၊ ရေ၌၊ ဥပ္ပလံ ယထေဝ၊ သင်းကြိုင်မွှေးပြန့်၊ ကြာညိုပန်း၏ ယနံ့ကဲ့သို့၊ ဂန္ဓော၊ မွှေးကြိုင်ပြန့်သင်းသော ယနံ့သည်။ ဇာယတေ မဖြစ်ဘူးမြဲ၊ ထူးထူးကဲကဲ၊ ပေါ်ပေါက်လာရ လေ၏။

**မြတ်စွာဘုရား၏ တပည့်သား ရဟန်းတပါး**
**တရားဟောနေရာမှာ၊ နို့ညှာသားကလေး၊**
**ပိရက်ယ ဆိုသူက၊ ထမင်း ဟင်း ငို၍**
**တောင်းရှု၊ မိခင်က တရားနာလို၍**
**သားကိုချော့ခဏ်း။**

မာသဒ္ဒ ပိရက်ယ ဘိက္ခု၊ ဓမ္မပဒါနိ ဘာသတိ၊ ဓမ္မ
ပဒါ ပိဇာနိယာ၊ အပိမုစ္စေမ ပိသာစယောနိယာ။

ပိရက်သ၊ အို-ချစ်သား ပိရက်ယ။ သဒ္ဒံ ထမင်းပေးပါ' ဟင်း,ပေးပါ နှင့်၊ တစာစာ ငိုကြွေးခြင်းအမှုကို။ မာကရိ၊ နှောင့်ရှက်သနှ၊ မိခင်ကိုမပြုပါလေနှင့် ချစ်သား။ ဘိက္ခု၊ ဘုရားမြတ်စွာ၊ သာသနာထမ်း၊ ရဟန်းတော် အရှင်မြတ်သည်။ ဓမ္မပဒါနိ၊ မြတ်စွာဘုရားသည်၊ မိန့်ကြားအပ်သည့်၊ တရားတော် ဒေသနာကို၊ ဘာသတိ၊ ကောင်းစွာတွတ်တွတ် ဟောရွတ်၍ နေလေပြီ ချစ်သား၊ ဓမ္မပဒါ၊ ထိုအရှင်သည်၊ သွန်သင်ညွှန်ပြ၊ ဆုံးမဟောကြား၊ တရားတော် ဒေသနာကို။ ပိဇာနိယာ၊ သေသေချာချာ၊ ကြားနာရသည် ရှိသော်။ ပိသာစယောနိယာ၊ အစားအစာ လွန်စွာ ယုတ်နိမ့်လှသည့်၊ ပြိတ္တာဘုတ်ဘီလူးမျိုးတို့မှ။ အပိမုစ္စေမ၊ တို့တတွေသည်၊ ကောန်မချွတ်၊ လွတ်လိမ့်မထင့် ချစ်သား။

## ဓမ္မစေတီ ဆရာတော် ဘုရား တရားဟောသော အခါ ကလေးငိုလျှင် ချော့ရန် ဂါထာ။

ဘူသံမာရောဒိ၊ မံပုတ္တထေရောဓမ္မံ၊ သုဒေသာယိ၊
ဓမ္မရသံ၊ပိဝိတွာန၊မောစရိဿာမ၊ သံသာရာ။ ။

မံပုတ္တ၊ စိန်ဒါလီသွင်၊ စိတ်ဝယ်ထင်သည့်၊ မိခင်သက်ထား၊မေ့ချစ်သား။ ဘူသံမာရောဒိ၊ ကြွေးသူအပြီး၊နားဆူညီးအောင်၊ သည်းထန်လိုက်မို၊ မငိုလိုက်ပါနှင့် ချစ်သား။ ထေရော၊ ဘုရားမြတ်စွာ၊ သာသနာထမ်း၊ ရဟန်းတော်အရှင်မြတ်သည်၊ဝါ၊ဓမ္မကထိကာ၊နာမထင်ပေါ်၊ဓမ္မစေတီဆရာတော်သည်။ ဓမ္မံ၊ ဒုက္ခသည့် ငါတ္ထိကို၊ နိဗ္ဗာန်သို့ပို့နိုင်သည့်၊ နှစ်မြို့လောက်စွာ၊ တရားဒေသနာကို။သုဒေသယိ၊ ကြွေးသူအပေါင်း၊ နာမညောင်းအောင်၊ ကောင်းစွာတွတ်ဘွတ်၊ ဟောဂြုတ်၍ နေလေပြီ ချစ်သား။ ဓမ္မရသံ၊ သွန်သင်ညွှန်ပြ၊ ဆုံးမဟောကြား၊ တရားတော်အရသာကို။ ပိဝိတွာန၊ စိတ်မှာ စိုက်စိုက်၊ နှစ်ချိုက် ကြည်သာ၊ ကောင်းစွာ သောက်စို့ရ၍။ ဝါ၊ ကောင်းစွာ သောက်စို့ရသည့်ရှိသော်၊ သံသရာ ဘေးဒုက္ခအတိ၊ ပွမ်းပွမ်းပြိုပေသည့်၊ မိခင်တို့နေရာ၊ သံသရာတည်းဟူသော၊ ဝဋ်ဆင်းရဲကြီးမှ။ မောစရိဿာမ၊ တို့တတွေသည်၊ ကြေကန်မချွတ်ကင်းလွတ်ကြရပေလတ့် ချစ်သား။

---

## ပဋ္ဌသမန္တနေဝါးကို ညာဏ်ဝါးမိခြင်း အကြောင်း။

မြတ်စွာဘုရားလက်ထက်တော်ကာစ၍၊ သိဿာနှင့်သိဿဖြင့်၊ အစဉ်အဆက်၊ မြတ်စွာဘုရား သားတော်-သမီး

တော်မူစ၍၊ နေ့အခါကို ပုဗ္ဗေနိဝါသဉာဏ်ကို ရစေခြင်း ငှါ ဆရာဖြစ်သူက တပည့်အများအား၊ သံသရာရဟတ် ပဋိစ္စသမုပ္ပါဒ် ဝါတ်၏ သဘောဖြင့်၊ ခန္ဓာ အစဉ်မပြတ် လည်၍နေပုံ။ ဒုက္ခတရားဖြစ်နေပုံ။ သတ္တဝါတို့ ပဋိသန္ဓေ နေရ၍၊ ဆင်းရဲခြင်းအမျိုးမျိုး ဖြစ်နေပုံတို့ကို၊ ဟောပြ သင်ကြား ဆုံးမကုန်၏။ ။ဘယ်အတွက်ဆိုလျှင်၊ပဋိသန္ဓေ နေရခြင်း ဒုက္ခကို၊ ဉာဏ်ဝါးမိအောင်ရင်း၊ ဒုက္ခသစ္စာကို၊ ဉာဏ် ဝါး မိ အောင် ရင်း၊ ဒု က္ခ ကို ဖြစ် စေ တတ် သော ဗိဇ္ဇ တဏှာ မာန တည်း ဟူ သော၊ သ မု ဒ ယ သ စ္စာ ကို၊ ဉာဏ်ဝါးမိအောင်ရင်း၊ စာသင် စာချ စာပို့ခြင်း အမှုကို ပြုကြရသည့်ထိုစကားကို ရှေးပညာရှိတို့သည်။ပဋိသန္ဓေ ဉာဏ်ဝါးမိအောင် သင်မှုဖြစ်၍၊ စကား အခေါ် အပြော တို့ကို ဖြစ်စေခြင်းငှါ ပဋိသန္ဓေကို ပယ်ထား၍ နေဝါးဟု ခေါ် ကြလေကုန်၏။

နေ့အတိုက သင်ကြားထား၍၊ ဒုက္ခသစ္စာ သမုဒယ သစ္စာ နှစ်ပါး၊ပဋိသန္ဓေနေတာကိုဉာဏ်ဝါးမိမှတ်မိသော အခါ၊ ဆရာဖြစ်သူက တပည့်များအား၊ ညဥ့်အခါကို သံသရာစက်ရဟတ်၊ ပဋိစ္စသမုပ္ပါဒ်ပြတ်အောင်၊ နိရောဓ သစ္စာနှင့် ဆိုင်သော တရားစကားများကို၊ ဟောပြော ဆုံးမ သင်ကြား၍ ပေးရကုန်၏။ ။ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ်မှာ၊ မြင်အောင်ထင်အောင်၊ပရမတ်ဓာတ်တွေကို မြင်အောင် ထင်အောင် သိအောင်ဖြင့်၊ ရုပ်,နာမ်,ခန္ဓာ, ဓါတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောပြော ကုန်၏။

အဝိဇ္ဇာပစ္စယ် နက်နက်နဲနဲ၊ သဘောအယူအဆ နက်နက်နဲနဲကို၊ပြရကြကုန်၏။ ဤအခါမှ၊တရားစာသင်ကြားကြသော တပည့်များသည်၊ရုပ်နာမ်ခန္ဓာ၊ဓါတ်သဘော ပဋိစ္စသမုပ္ပါဒ်တည်းဟူသော၊ မိမိခန္ဓာပေါ်မှာ၊ ဉာဏ်ဝါးမိသူများ၊ ကလျာဏ ပုထုဇ္ဇန်၊ရှုဋ္ဌသောတာပန်၊ ပရမတ္ထ သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ ရဟန္တာစသည်ဖြင့်၊ မိမိတို့ဉာဏ် ပေါက်ရောက်သလောက်၊ အရိယာဖြစ်ကြကုန်၏။ ။တချို့ တပည့်များကား၊ရုပ်နာမ်ခန္ဓာပေါ် ၌၊ဉာဏ်မဝါးမိ၊ ဝါးမိကြကုန်၏။

ဤဉာဏ်မဝါးမိ၊ ဝါးမိနေကြသော၊ရဟန်းများသည်၊ နံနက် ငါးနာရီမထိုးမှီ ထပြီးလျှင်၊ ညဥ့်ဦးက၊ ဆရာဆုံးမသော ရုပ်နာမ် ခန္ဓာတရားကို၊ တွေးတောပြီးလျှင်၊ မိမိခန္ဓာပေါ် ၌၊မမြင်လျှင် မြင်အောင်၊မထင်လျှင် ထင်အောင် အာရုံပြုကြရကုန်၏။ အာရုံ ခံကြရကုန်၏၊ ရုပ်နာမ်ခန္ဓာ ပရမတ်ခတ်တို့ကို၊ မထင်မမြင်သမျှ၊ အရိယာမဖြစ်သမျှ ကာလပတ်လုံး၊ နေ့စဥ်မပြတ်၊ ရဟန်း သာမဏေများ၊ အာရုံပြုရကုန်၏။အာရုံခံရကုန်၏။

ထိုကြောင့်၊ ရှေးပညာရှိတို့သည်၊ ပါဠိတော် အဋ္ဌကထာဋီကာစသော ဂါထာများတွင်၊ချဲအနက်နှင့်မသိ၍၊ ဝါပေါက်ပြီး ပြကြရကုန်၏။ ဝါမပေါက်မိသော ဂါထာများမှာ၊သဘောအနက် အဝိဇ္ဇာပစ္စယ် မကုန်ခြင်းကြောင့်။ ။ ဝါတပေါက်မှ၊ မပေါက်လိုက်ရ- ဆင်ခြင် ကြည့်တော့၊ ဝိုးဝိုးဝါးဝါးကလေး ဉာဏ်မြင်တော့သည်ဟု- စပ်ဆိုကြကုန်၏။ ။ဝင်း စ ကား ကို ဖျက် ၍၊ ပဟေဠိ ရယ်ဘွယ်

စကားဖြင့်၊ဝါတပေါက်မှ မကောက်ရ ဆင်တွေလာလို့ ဂူးဝါး ဂူးဝါး-ဆိုကြကုန်၏။

ညဥ့်ဦးက တပည့်များကို၊ပဋိစ္စ သမုပ္ပါဒ် ပြတ်အောင်ပြသောဆရာက၊ ဂါထာများကို၊ ဝါပေါက်၍မပြခြင်းကြောင့်၊ တပည့်များ မိုယ်းသောက်ရန်၊ တွေးတောဆင်ခြင်ကြည့်သောအခါ၊ ဉာဏ် အ ကုန် မ ဝါး မိ နိုင်၊ ရုပ်နာမ်ခန္ဓာပေါ်မှာ၊ ပိုးပိုးဝါးဝါးကလေးမျှ မြင်ကြရကုန်၏။

ဤ ယ ခု ပြ ဆို ရေး သား သော၊ ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါး၊ ပဋိသန္ဓေနေခြင်းကို၊ဉာဏ်ဝါးမိခြင်း။ ။
နိရောဓသစ္စာ၊မဂ္ဂသစ္စာ၊ ရုပ်နာမ်ခန္ဓာအပေါ်မှာ၊ ဉာဏ်ဝါးမိခြင်းအကြောင်းကို အရင်းမူလ ပဋ္ဌမစကားကို၊မသိကြကုန်သော၊ရဟန်းရှင်လူတို့သည်၊ ရှေးစကားဟောင်း၊ ပဋိသန္ဓေနေဝါး၊ဉာဏ်ဝါးကိုဖျက်၍၊ နေ့ကိုစာသင်တာ-နေ့ဝါ၊ညကိုစာသင်တာ-ညဝါဟု ခေါ်ဆိုခြင်းပြုကြလေကုန်သည်။

ရုပ် နာမ် ခန္ဓာ၊ပရမတ်ဓာတ်တွေကို၊ မိမိခန္ဓာပေါ်မှာ မိုယ်းမလင်းခင်ကထ၍၊မမြင်လျှင် ထင်အောင်၊အာရုံပြုရမည်ဆိုဘာကို နေထွက်အာရုံကိုခံ၍၊အစားကိုသာ တကြလေကုန်သည်။မှားလေစွ။

ထိုကြောင့်၊ ရှေးပညာရှိတို့ စပ်ဆိုသည်မှာ အစပင်ကောင်းသော်လည်း၊ အနှောင်းမှာ ပျက်တတ်သည်။ ။
ပတ် ပင် ပတ် သော် လည်း၊ အ စ သတ် မ သေ ချာ က ပြေတတ်သည်။ တတ်ပင် တတ်သော်လည်း၊ ပရမတ်ကို

မကျွမ်းကျင်က လေတတ်သည်။ ။ပရမတ်မှောက်မှား အပါယ်လား၊ ပရမတ်ပြောက်ကြွား အရှင့်အမာစား၊ ပရမတ်မြောက်များ၊ နိဗ္ဗာန်သွားဟု- စပ်ဆိုတော်မူကြပေသည်။

# အထူးမှတ်ရန်။

သာသနာနှစ် ထောင့်နှစ်ရာကျော်ကတည်းက၊ ဗုဒ္ဓရေးကို ဘကုန်းနှင့် ရေးကြသည့်အတွက်၊ အက္ခရာပျက်ခြင်းကြောင့်၊ လောကုတ္တရာ-ဗုဒ္ဓရေး ခေါင်းလျှော်း၍ လောကဘုရားတွေ လွှမ်းမိုး လျက် လာ ကြ သည့် မှာ၊ ယခုတိုင်ရှိသည်တချက်။ ။ဗမာကိုမြန်မာရေးကြ,ခေါ် ကြသည့်အတွက်၊ဗမာလူမျိုး ဗုဒ္ဓဘာသာ ခေါင်းလျှော်း၍၊ မိစ္ဆာဒိဋ္ဌိလူမျိုး ဘာသာ လွှမ်းမိုး၍လာတာ ယ ခု တိုင် ရှိ လေ ပြီ။ မိစ္ဆာဒိဋ္ဌိဘာသာလူမျိုးနှင့်၊ လောကဗုဒ္ဓရေး မလွှမ်းမိုးရအောင်၊ယခု-ဤကျမ်းကို ရေးသည့်နေ့ကစ၍၊(မွေစေတီဆရာတော်သည်၊) နောင်လာနောက်သားတို့ လက်ထက်တိုင်း သာသနာအဆက်ဆက်တည်ရန် ရည်ရန် ပြင်ဆင်လိုက်သည်။ ဗုဒ္ဓရေးနှင့် ဗမာ၊ ဤနှစ်ဖြာကို၊ ကမ္ဘာအစဉ်အဆက် ဖြစ်စေရန်၊ ဤကျမ်းစာကို တွေ့ရှိသော သူတို့ကလည်း၊ ဤအတိုင်း ရေးကြ,ခေါ်ကြရန်၊ မေတ္တာရှေ့ပြေး၍ သတိပေး-နှိုးဆော်လိုက်ပါသည်။

ဘကုန်းနှင့် ရေးသောဘုရားကား၊ လောကဘုရား-ဗထက်ချိုက်နှင့်ရေးသော ဗုဒ္ဓရေးကား၊ လောကုတ္တရာ

ဇရာဟုမှတ်လေ။ ။အဓိပ္ပါယ်မှာ၊ ဗထက်ချက်နှင့် သင့်လျော်ပုံကား၊ ဇဋ္ဌခေါ်ခြင်း၊ ဗဟုခေါ်ခြင်း၊ ဗဟုံခေါ်ခြင်းတို့၌၊ သဋ္ဌာလေးပါးတရားကို၊ များစွာသိကျွမ်းလိမ်မာခြင်း၊ လောကီ လောကုတ္တရာတို့၌၊ များစွာသိကျွမ်းခြင်းကို၊ အနက်အဓိပ္ပါယ်ရသည်။ဘကုန်းနှင့် ရေးသောဘုရားကား၊ ကုလားဗကားဖြစ်၍၊ (ဘုရားကြီးကြီး)ဟု အနက်ရသည်။၎င်းဘကုန်းဘုရားနှင့်၊ ဗထက်ချက် ဇရားနှစ်ခုတို့၊အဓိပ္ပါယ်သဘောကို နှိုင်းစာလိုက်လျှင်၊ အလွန်ကွာခြားခြင်း ဖြစ်သည်။ ၎င်းဇရား နှစ်မျိုးတို့ ကွာခြားပုံအဓိပ္ပါယ်ကို၊ များစွာနားလည်လိုလျှင်၊ ငါတို့ကိုယ်တိုင်တွေ့ရှိမှ ကြားနာရမည်။ ၎င်းကျမ်း၌ သင့်လျော်ရုံမျှသာထည့်လိုက်သည်။

ဗမာခေါ်ခြင်းနှင့်-မြန်ခေါ်ခြင်း ကွာခြားပုံကား၊ဗမာလူမျိုးဟု ခေါ်ဝေါ်ပြောဆို ရေးသားကြတုန်းက မိမိနိုင်ငံကို မိမိတို့လူမျိုး အုပ်စိုးရသည်၊ မြန်မာလို ခေါ်ကြ, ရေးကြကထဲက နိုင်ငံပေးလိုက်ရပြီး၊ ဗမာလူမျိုး အောက်ကျ-နောက်ကျဖြစ်နေသည်ဟု-မှတ်ပါလေ။ ။

ကမ္ဘာဦးက- အနာဂါရပုဂ္ဂိုလ်၊ အာဂါရပုဂ္ဂိုလ်ဟူ၍၊ လူနှစ်မျိုး ပထမဖြစ်ပေါ်လာသည်။အနာဂါရ- ခေါ်ခြင်းကား။ ။ဗြဟ္မာပြည်က- ဆင်းသက် စုတေလာခဲ့သည် ဖြစ်၍၊ကာမဂုဏ်ကို အလွန်စက်ဆုပ်ခြင်းကြောင့်၊အိမ်ရာမထောင်ဘဲ၊ဗြဟ္မစရိယ မြတ်သောအကျင့်နှင့် နေသူကို ခေါ်သည်။ ။အာဂါရ-ခေါ်ခြင်းကား၊ ၎င်းဗြဟ္မစရိယ၊ အကျင့်ပျက်ပြီး၊ အိမ်ရာထောင်ခြင်း- သားမွေးခြင်းကို

ခေါ်သည်၊ ထိုဗြဟ္မစရိယ အကျင့် ဈာန်အဘိညာဉ်တရားများ ရကြ၍၊ လူ နတ်တို့၏ ပူဇော်ရှိခိုးခြင်းကို ခံယူကြကုန်၏။ ရသေ့-ရဟန်းဟုလည်း ခေါ် ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့၌၊ ကာမဂုဏ်နှင့်-အာရုံမစပ်၊ မြတ်သောအကျင့်ရှိကြကုန်၏။

နောင်ကာလ,ရှည်ကြာသော်။ အချို့ပုဂ္ဂိုလ်တို့ ဤဈာန် အဘိညာဉ်တရားနှင့်ဘဲသေကြ၍၊ ဗြဟ္မာ့ပြည်ကို ရောက်ကြကုန်၏။ အချို့ကား- အဘိညာဉ်လျော့ကျသဖြင့်၊ မြို့ရွာသို့ချဉ်းကပ်၍၊ ရှေးကမင်း၏ အပူဇော်ကို၊ ခံခဲ့ဘူးသည့်အတိုင်း၊ မင်းဆရာဖြစ်၍၊ အိမ်ရာ တည် ထောင် မှု များ ပြု ကြ ပြန် ၏။ ဤသူတို့ ကို မင်း ဆ ရာဗြဟ္မဏပုဏ္ဏားဟု ခေါ် ကြပြန်၏။ ဤကစ၍၊ ဗြဟ္မစရိယ၊ အကျင့်ပျက်၍၊ ဗမာဟုရရစ်ကပျက်၍ရေးကြခေါ် ကြကုန်၏။ ။ဘာနည်းလည်း၊ ဗြဟ္မာ က ဆင်း သက် ၍၊ ဗြဟ္မာလူမျိုး ကာလ, ရှည်ကြာ၍။ ဗမာလူမျိုးဟု ခေါ်ကြသည်၊ ၎င်းဗြဟ္မာ-ဗမာတို့ကို၊ ယခုစကား အဓိပ္ပါယ်ပြန်ဆိုလျှင်။ မြတ်သော အကျင့်ရှိသော လူမျိုးဟု- အဓိပ္ပါယ်ရ၏။ ။မြန်မာဆိုခြင်းကား၊ ပေါရာဏစကား- တလိုင်းစကား ဖြစ်သည်၊ သို့အတွက်-၊မိမိတို့အမျိုးနှင့်တကွ မိမိပါကျွန်ဖြစ်လိုလျှင် မြန် မာ ဟု- မေး ကြ ဘတ် ကြ ခေါ် ကြ လေ။ သခင်မျိုး၊ ဘုရားမျိုး၊ သာကီဝင်မျိုး၊ မြတ်သောအမျိုး၊ ဂုဏ်ကြီး သော အ မျိုး၊ အ မျိုး တ ကာ တွင်၊ အ ကြီး ဆုံး အ မျိုး၊ ထူးမြတ်ဆုံးသော အမျိုးဖြစ်လိုလျှင် ဗမာဟု- ခေါ် ကြ ရေးကြဘတ်ကြပါလေ။ ။ဤယခု-စကားထူးတရားထူး

ဖြစ်သော ဘုရားဆိုတာနှင့်- ဗမာဆိုတာကို၊ လည်လည်; ပတ်ပတ်နားလည်လိုလျှင်၊ငါတို့ထံသို့ရောက်မှ၊ အထေဝံ အခံများများနှင့်- ကြားရနာရမည်။ ။သသနာ- သိုက်- တပေါင်စနီး-ဝေါ-စနည်းစသော လောကီကျမ်းများကို ဘာမျှနားမလည်ဘဲလျက်မိုက်တိုက်တိုက်နှင့်၊ကွယ်ရာမှာ မကဲ့ခဲ့ကြလေနှင့်။ ။နားလည်၍ ငါတို့ စကားကိုဖျက်နိုင်လျှင်။ ကျမ်းတစောင် ရေး၍ဖျက်။ ။သို့မဟုတ်လျှင်၊ ငါတို့နှင့်တွေ့ဆိုင်၍၊လာပြီးပြောကြလေ။

## နိဗ္ဗိန္ဒကမ္မဋ္ဌာန်း။

ကမ္ဘာ ဗြဟ္မာ တဏှာစ၊ သတ္တဝါတမျှအမှုပို၊ ဃရာဝါသမပြုလိုသည်၊ကုသိုလ်အကုသိုလ်ထိုနှစ်ပါး၊ တတန် အဟုတ် ကံနီးမချို အမှန် ကျွန်ုပ်သိမ်းမချို့၊ နာမ်ရုပ် ငြိမ်းဘို့။ ယခုဘဝရှာမည်၊ သမုဒယတဖြာ။ ဘုန်းပယ်လို့ ရှား။ဒုက္ခသစ္စာမှန်းပေါ်အလကား။ ။မဂ္ဂင်ဘာဝနာကို၊ အခါခါထပ်ပွါး။သင်္ခါရခန္ဓာငါးတွေနှင့်၊ခါတ်ခြောက် ဆယ့်ပါးရှစ်လီ၊အာယတနာပဋ္ဌကိုဖြင့်၊အနိဋ္ဌထင်လှပါ တော့သည်။ ။သုံးဆယ့်နှစ် ခါတ်လေးလီကို၊ သိဝတ် ကိုးဌာနတွေနှင့်၊ ရိုးပြာကျအသုဘာ၊ စွဲ စိတ် က သာ။ ဒိဋ္ဌိ နှင့် တဏှာ ကွာ အောင်၊ အ နတ္တာ ဒုက္ခ နှံ့ လေး။ ဘာဘာညာညာတွေ-ဘုန်းစိတ်မတွေး။ ။

အဓိပ္ပါယ်။ ။ကမ္ဘာဦးကဗြဟ္မာများဆင်းသက်လာပြီး မြေဆီမြေဩဇာတို့ကိုစားသောက်၍ ယောကျာ်းကိုယ် မိန်းမကိုယ် ဖြစ်ပေါ်လာကြပြီး၊ ဃရာဝါသ။ အိမ်ထောင်မှုကို

ပြုကြခြင်းကြောင့် သတ္တဝါများမှာ၊ သားမကျွေးမှု။ မယားကျွေးမှု၊ လင်၏ဝတ္တရား မယား၏ဝတ္တရား ပြုမှုတွေ၊ ပရိယေသနဒုက္ခတွေ၊အနန္တမကုန်နိုင်အောင်ပေါ်ပေါက်ရခြင်း အပိုတွေကိုဖြင့် ငါသည်မပြုလိုပြီဟု မိမိကိုယ်ကို မိမိငြီးငွေ့ မပျော်မွေ့ခြင်း။ တဖန် သံသရာမှာ သတ္တဝါကောင်ရယ်လို့ ဖြစ်လာပြန်တာတွေကို၊ တွေ့လိုက်ပြန်တော့လဲ၊ လောကီကုသိုလ် အကုသိုလ် တွေ အတွက် ဖြစ်နေရခြင်း မှန်သဖြင့်။ ၎င်းအကုသိုလ်ကံ၊ ကုသိုလ်ကံနှစ်ပါးကို ပယ်ရှား ဖြတ်တောက်နိုင်မှ သံသရာက လွတ်မည်ဖြစ်၍၊ ပယ်နိုင် ဖြတ်နိုင် သောတရားကို ငါရှာဘွေကြံစည်တော့မည်ဟု အကြံ ဖြစ်ပေါ်လာခြင်း။ ။လောကီကုသိုလ်အကုသိုလ် တည်းဟူသော၊တဏှာဒိဋ္ဌိ တရားကို၊ နိုင်စေတတ်သည့် တရားသည်။ရုပ်နာမ်ခန္ဓာ အာယတနာ၊ ပဋိစ္စသမုပ္ပါဒ် ဓာတ်သစ္စာတရားသာ ရှိကုန်၏။ ၎င်းတရားတို့ကို မဂ်တက်စဉ်နှင့် ကိုက်အောင် လက္ခဏာလေးပါးတင်၍၊ ရှုရမည် ဖြစ်သောကြောင့်။ ၎င်း ရုပ် နာမ် ခန္ဓာ အာယတနာ ပဋိစ္စသမုပ္ပါဒ် ဓါတ်သစ္စာ တရား တို့ ကို၊ ရှေးဦးစွာ သိကျွမ်းနာ လည်အောင်၊ သင်ခြင်း-ကြားခြင်း မေးမြန်းခြင်း။ ကျက်မှတ်ခြင်း ပြု၍၊ တတ်မြောက်သဖြင့်၊ ပုဂ္ဂိုလ် သ တ္တ ဝါ။ ငါ သူ တ ပါး မ ရှိ။ ဓါတ်ကောင်၊ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင် သာရှိသည်ဟု၊ အယူမှန်ကို ယူလိုက်သည်နှင့် တပြိုင်နက်၊ အတ္တ၊ ငါသူတပါးကောဝိအထင် သက္ကာယဒိဋ္ဌိကွာ၍ အနတ္တပေါက်ပြီး၊ သောတာပန် ဖြစ်လေတော့၏။ ထိုနောက် ၎င်းဓါတ်

ပြုကြခြင်းကြောင့် သတ္တဝါများမှာ၊ သားမကျေးမှု။ မယားကျေးမှု၊ လင်၏ဝတ္တရား မယား၏ဝတ္တရား ပြုမှုတွေ၊ ပရိယေသနဒုက္ခတွေ၊အနန္တမကုန်နိုင်အောင်ပေါ်ပေါက်ရခြင်း အပိုတွေကိုဖြင့် ငါသည်မပြုလိုပြီဟု မိမိကိုယ်ကို မိမိငြီးငွေ့ မပျော်မွေ့ခြင်း။ တဖန်သံသရာမှာ သတ္တဝါကောင်ရယ်လို့ ဖြစ်လာပြန်တာတွေကို၊ တွေ့လိုက်ပြန်တော့လဲ၊ လောကီကုသိုလ် အကုသိုလ်တွေ အတွက်ဖြစ်နေရခြင်း မှန်သဖြင့်။ ၎င်းအကုသိုလ်ကံ၊ ကုသိုလ်ကံနှစ်ပါးကို ပယ်ရှားဖြတ်တောက်နိုင်မှ သံသရာက လွတ်မည်ဖြစ်၍၊ ပယ်နိုင် ဖြတ်နိုင် သောတရားကို ငါရှာဖွေကြံစည်တော့မည်ဟု အကြံ ဖြစ်ပေါ်လာခြင်း။ ။လောကီကုသိုလ်အကုသိုလ် တည်းဟူသော၊တဏှာဒိဋ္ဌိ တရားကို၊ နိုင်စေတတ်သည့် တရားသည်။ရုပ်နာမ်ခန္ဓာ အာယတနာ၊ ပဋိစ္စသမုပ္ပါဒ် ဓါတ်သစ္စာတရားသာ ရှိကုန်၏။ ၎င်းတရားတို့ကို မဂ်တက်စဉ်နှင့် ကိုက်အောင် လက္ခဏာလေးပါးတင်၍၊ ရှုရမည် ဖြစ်သောကြောင့်။ ၎င်းရုပ်နာမ်ခန္ဓာ အာယတနာ ပဋိစ္စသမုပ္ပါဒ် ဓါတ်သစ္စာတရားတို့ကို၊ ရှေးဦးစွာ သိကျွမ်းနာ လည်အောင်၊ သင်ခြင်း-ကြားခြင်း မေးမြန်းခြင်း။ ကျက်မှတ်ခြင်း ပြု၍၊ တတ်မြောက်သဖြင့်၊ ပုဂ္ဂိုလ်သတ္တဝါ။ ငါသူတပါးမရှိ။ ဓါတ်ကောင်၊ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင် သာရှိသည်ဟု၊ အယူမှန်ကို ယူလိုက်သည်နှင့် တပြိုင်နက်၊ အတ္တ၊ ငါသူတပါးကောဝိအထင် သက္ကာယဒိဋ္ဌိကွာ၍ အနတ္တပေါက်ပြီး၊ သောတာပန် ဖြစ်လေတော့၏။ ထိုနောက် ၎င်းဓါတ်

ကျမ်းများစွာကို၊ အာဇာနည်ပြု၊ ဝိရင်မှုကြောင့်၊ လှူဘောင်လောကီ၊ ဓမ္မစေတီဟု၊ တွင်ချီသမုတ်၊ နာမ်ရုပ်နှစ်ဖြာ၊ ခန္ဓာငါးရပ်၊ မထေရ်ဖြတ်အား၊ ဦးညွှတ်တွား၍၊ လျှောက်ထား လိုက်ရပါသည့်အရှင်ဘုရား။ ။ငါးထွေခန္ဓာ၊ နှစ်ဖြာနာမ်ရုပ်၊ သမုတ်ပမာ၊ သံသရာမှာ၊ ခြာခြာပတ်မုစ်၊ ဖြတ်ခါနစ်ရသော တပည့်တော်တို့ကို ဖွင့်လှစ်သချာ၊ ဒေသနာဖြင့်၊ ညွှာတာထောက်ရှု၊ အရေးပြု၍၊ ယခုအခါ၊ တလျှာဒိဋ္ဌိ၊ မာန်ကြီးကို၊ မိမိရရ၊ ဖြတ်နိုင်ကြအောင်၊ ဆုမွန်စေရာ၊ ချေပတာဖြင့်၊ ဆယ်ဖြာညွှတ်ကြီး။ ။လက်စုံမိုး၍ ရှိခိုးတောင်းပန်ပါ၏အရှင်ဘုရား။

## ကျမ်းပြုဆရာ၏ အာသီသကို ပြဆိုချက်။

ငါးသုံးနှစ်တစ် သက္ကရာဇ် ဘွားလစ်ကျမ်းဆရာ။
ဓမ္မစေတီ၊ ဘွဲ့နာမည်၊ တွင်ချီသမုတ်ထာ။
သတ္တဝါအများ၊ လွန်သနား၊ ရေးသားခဲ့ပေရှာ။
ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ်၊ ဖြတ်သည့်ဤကျမ်းစာ။
အပါယ်တံခါး၊ ပိတ်လိုငြား၊ သင်ကြားကြလေပါ။
ကဲ့ရဲ့တတ်စွာ၊ လူမိုက်ဟာ၊ ကျမ်းနှင့်မတန်ပါ။
လူလိမ္မာအား၊ သင်တို့ငြား၊ ရေးသားစီမံတာ။
ပိဋကတ်သုံးပုံ၊ အလုံးစုံ၊ အကုန်တတ်စေကာ။
ဒိဋ္ဌိရန်ကြီး၊ ပယ်နည်းကိုမှ မတတ်က၊ အန္ဓခေါ်
သညာ။
ကုလားစကား၊ ပါဠိများ။ မှတ်သားလိုက်ကြပါ။
ပါဠိတတ်မှ၊ နိဗ္ဗာန်ရ၊ ဗုဒ္ဓမဟောပါ။

အန္ဓကလျှာ၊ ခွဲပုံမှာ၊ မှတ်ပါအောက်တိုင်းသာ။
ဒိဋ္ဌိသတ်ဟန်၊ ဉာဏ်မသန်၊ မှတ်ရန်အန္ဓသာ။
ကျမ်းဂန်တရား၊ တတ်ပုံကား၊ နည်းများမဆိုပါ။
ဒိဋ္ဌိရန်သူ၊ သတ်နိုင်မှု၊ မှတ်ယူကလျာဏာ၊
သပ္ပုရိသ၊ ကလျာဏ၊ မှချအစစ်သာ၊
ကျမ်းဂန်လည်းတတ်၊ ပယ်သတ်ဒိဋ္ဌိ၊ နည်းကိုသိမှု၊
များရှင်လူ၊ ကြည်ဖြူဦးခိုက်ရာ။
အန္ဓနယ်တွင်း၊ မလွတ်ကင်း၊ ရှုံးခြင်းကြီးလှပါ။
ဒိဋ္ဌိတရား၊ ဆိုသည့်ကား၊ ကြီးမားအပြစ်မှာ။
ယုတ်မာဆိုးဝါး၊ ဘဝများ၊ လားကြသူကြောင့်
သာ၊
နိဗ္ဗာန်,ဖိုလ်,မဂ်၊ မရချက်၊ သက်သက်သူကြောင့်
သာ။
ဤသို့ကြီးမား၊ အပြစ်များ၊ စဉ်းစားရိပ်မိပါ။
အန္ဓအများ၊ မစဉ်းစား၊ လားကြပါယ်လေးရွာ၊
စဉ်းစားလိမ္မာ၊ ပဏ္ဍိတာ၊ များစွာသုခိတာ။
လူလိမ္မာတွက်တာ၊ ဤကျမ်းစာ၊ ရေးကာ
စီကုံးတာ။
အပါယ်ကြောက်သူ၊ များရှင်လူ၊ ကြည်ဖြူ
အားသစ်ပါ။

# နိဂုံးချုပ်– မေတ္တာပို့

တစ်နှစ်ရှစ်သုံး၊ကျမ်းနိဂုံး၊ ပြီးဆုံးတော့သည့်သာ။
ဤကျမ်းပြုရ၊ ကုသလကြောင့်၊ များစွာ့သတ္တ'ဝါ၊ ဝေဘောသျှာလည်း၊ ရောဂါကင်းပျောက်၊ ဘေးမရောက်၊ ကြံတိုင်းမြောက်စေပါ။
ပေါများရွှေငွေ၊ဆန်ရေစပါး၊ ကျွဲ, နွား, ဆင်, မြင်း၊ ပြည့်စုံလျှင်း၊ပြိမ်းခြင်းရောက်စေပါ။
ပြည့်ရှင်မင်းမြတ်၊ သမုန္ဒတ်လည်း၊စောင့်အပ်တရား၊ မမှားဆယ်ဖြာ၊ ကျင့်သိက္ခာ၊ ကောင်းစွာပြည့်စေပါ။
တိုင်းသားပြည်သူ၊ များရှင်လူတို့၊ ကြည်ဖြူသဒ္ဓါ၊ ရတနာသုံးပါ၊ ဦးထိပ်ထား၊ ညွတ်တွား-ခ,စေရာ။
ဆောင်း, နွေ, မိုးလ၊ သုံးဝဥတု၊ ရာသီမှု၊ ယခု ညီစေရာ။
သီးနှံ ပဲပြောင်း၊ကောင်းစေပါး၊ နှမ်းကားထပ်တူ၊ တောင်သူတလွှား၊ ပြည့်စုံပြား၊ ပေါများကြစေပါ။
ကောင်းခြင်းရောင်းဝယ်၊ကုန်သယ်သူဌေး၊မြိုကြွေးဌါးချ၊ ကုန်စင်ရ၍၊ လှပပေရာ၊ တန်ဆာဆင်ရိုး၊ ထိန်ထိန်မိုး၊ ဖွင့်ဖြိုးကြစေပါ။
ဗုဒ္ဓမြတ်စွာ၊ ဒေသနာလည်း၊ သတ္တဝါခပင်း၊ သောင်းတိုက်တွင်း၊ လင်းစေ သာသနာ။
ပဋိသမ္ဘိဒါ၊ တရားမြတ်မှ၊ ပြတ်အောင်ရေးရ၊ ကုသလကို၊ များလှဝေဘော၊ရကြစေ၊ ပေးဝေ-အမျှသာ။

သာဓု........သာဓု........သာဓု။

# ပြီး ပြီ။

# ရောင်ခြည်တော်ဖွင့်

## ဗုရားပင့်။

---

စတုက္ကရံသိ နိက္ခန္တံ၊ မေရုရာဇာ ဂိရုတ္တမော၊
သောဘာတေဝ သကာဘာယ။ သြဘာသယံ
သမန္တတော၊ တထာစ သောဘာတော ဗုဒ္ဓ။
ဆဗ္ဗဏ္ဏ ရံသိယာ ဘာဝံ၊ အနန္တ ဇုတိမာ ဘာန္တေ၊
ဂတွာ မွှာတု သိရမှိမေ။ ။

ဂိရုတ္တမော၊ ကမ္ဘာပေါ်တွင် ထင်ရှားရှိသမျှ၊ တောင်တကာ့ထွန်းမှူး၊ တောင်ဦးတောင်မြင့်ကြီး ဖြစ်ပေထသော။ စတုက္ကရံသိနိက္ခန္တံ မေရုရာဇာ၊ ရွှေ, ငွေ, မြ, ဖလ်၊ လေးတန်ရောင်ခြည်၊ ထွက်လည်ကွန့်မြူး၊ တင့်ထူးလျှံပြိုင်၊ မညှိုင်ချက်ဘွေ နေစက်,လစက်၊ နက္ခတ်တာရာ၊ ကြယ်တကာတို့၊ ဝဲယာပတ်ဒိုက်၊ ဦးခိုက်ကြရာ၊ မဟာမြင့်မိုရ်တောင် မင်းကြီးသည်၊ သကာဘာယာ၊ ဝါဝင်းရောင်, ဖြူဝင်းရောင်၊ စိမ်းလဲ့ဝင်းရောင်၊ ဖလ်မှန် ရောင်တည်းဟူသော၊ မိမိတို့အရောင်အဝါဖြင့်၊ သမန္တတော၊ နှစ်ထောင်ကျွန်းငယ်၊လေးသွယ်ကျွန်းကြီး၊ သီးသီးမြွာမြွာ၊ အညွှာဝါလေးသွယ်၊ မြစ်ငယ်ငါးရာ၊ ငါးဖြာမြစ်မ၊ ရှိသမျှအကုန်၊ လုံးစုံရပ်တည်၊ ပတ်ပတ်လည်၌။ သောတတိဏ္ဏဝ၊ လေးကျွန်းလုံးဝယ်၊ လွန်တင့်တယ် သကဲ့သို့။ တထာစ၊ ထိုမြင့်မိုရ်တောင်ကြီး၊ ပုံနည်းစံယူ၊ အလားတူသာလျှင်၊

ဗုဒ္ဓ၊သစ္စာလေးအင်၊လက်တွင်ပတ္တမြား၊တင်ထားပမာဏ၊
ဆုံးမသွန်သင်၊ နှိုင်းယှဉ်တုမရှိ၊ ဓိပဓိထွန်းထား၊ ဘုရားရှင်
ကိုယ်တော်မြတ်ကြီးသည်။ ဩဘာသသယန္တော၊ ခြောက်
သွယ်ရောင်ခြည်၊ ထွက်လည့်ကွန့်မြူး၊ တင့်ဘုုး နေ့ည၊
ရှုန်းပစိုစို၊ ထိုထိုကာလ၊ ခါသမယာ၌။ ဆဗ္ဗဏ္ဏရုစိယာ၊
ကြာညိုရောင်၊ မည်းညိုရောင်၊ ပုလဲညိုရောင်၊ မြစိမ်းရောင်
အဆင်းကဲ့သို့၊ ညိုဝင်းသော ရောင်ခြည်တော်၊ နေမင်း
အရောင်၊ ရွှေအဆင်းရောင်၊ ပယင်းဝါရောင်၊ သလင်းဝါ
ရောင်၊ ဖဲအဝါရောင်၊ ပတ္တမြားအဝါရောင်အဆင်းကဲ့သို့၊
ဝါဝင်းသော ရောင်ခြည်တော်၊ တိမ်နီရောင်၊ စိန်နီရောင်၊
သန္တာနီရောင်၊ ကမ္ဗလာနီရောင်၊ ပတ္တမြား အနီရောင်
အဆင်းကဲ့သို့၊ နီဝင်းသော ရောင်ခြည်တော်၊ဘော်သာခွါ
ရောင်၊ သော်တာလရောင်၊ မရမ်းအဖြူရောင်၊
ငွေမ်းအဖြူရောင်၊ ခတ္တာအဖြူရောင်၊ ထပ်တရာအဖြူရောင်၊
ချယားအဖြူရောင်၊ စကားအဖြူရောင်၊ စမ္ပါယ်အဖြူရောင်၊
ကြယ်အဖြူရောင်၊ ရတိစိန်အဖြူရောင်၊ ဝဇိရစိန်အဖြူရောင်၊
ပွတ်သစ်စ ခရုသင်းရောင် အဆင်းကဲ့သို့၊ ဖြူဝင်းသော
ရောင်ခြည်တော်။ မည်းရောင်, နီရောင်, ညိုရောင်,
ထည့်လှောင်း၊ကူးယှက်ပေါင်းသဖြင့်၊ မည်းမှောင်မှိုင်းအုံ၊
ရှိမှုံသော အဆင်းရှိသော မဉ္ဇဋ္ဌရောင်ခြည်တော်။မင်းလွှင်
မြူးချန်၊ကဆုန်မာသ၊ ခါသမယ၌၊ မိုးဟင်းဝပြင်ကျယ်၊
ကောင်းကင်လယ်က၊ လျှပ်ပန်းနွယ်သှက်ကူး၊ ပိုးစုံးကြူး
သဏ္ဌာန်၊ မိုးပန်းတွေပျံ သလို၊ အလျှံ တလက်လက်၊
တက်တဲ့ခြည်-သက်တဲ့ခြည်၊ ဝဲတဲ့ခြည်၊ ပျံတဲ့ခြည်၊ ထိုမှ-

ဤမှ၊ လူးလားပြိုးပြက်၊ တခဲနက်သော ခြောက်သွယ်သော ရောင်ခြည်တို့ဖြင့်။ သောဘဏော၊ မြင်သူအများ၊ ရှုမအားအောင်၊ ကြွားကြွားဆင့်ဆင့်၊ တင့်တယ်တော် မူပေထသော။ ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်ဗုရား၊ အနန္တဇုတိမာ၊ မြေအဆုံး, မိုးယံအဆုံး, စကြဝဠာ ဆုံးအောင်၊ အုပ်ဖုံးဖြန့်မိုးခြင်းငှါ စွမ်းနိုင်ရာသောကြောင့်။ မိုင်တာဂေါသ၊ ဂါရဝတယူဇနာ၊ သင်္ချာပမာဏ၊ ဂဏန်းချလည်း၊ ဆုံးဆမထင်၊ ရောင်ရှင်တော်အပေါင်းနှင့် ပြည့်စုံတော်မူပေထသော။ ဘဝ၊ သုံးဘုံမကိုန်၊ သုံးတိုက်မှန်ကူ၊ သယမ္ဘူ။ ထွန်းထား၊ ရှင်တော်ဘုရားကြီးသည်။ ဂန္တွာ၊ တရာ့ရှစ်ကွက်၊ ရွှေစက်အစုံ၊ ကြာပဒုမ်ကို၊ သွတ်ရုံဖြန့်မြန်း၊ ကြွလှမ်းချီတော်မူ၍။ မေ၊ ရှင်တော်ဗုရားကြီးကို၊ ကိုးစားယုံကြည်၊ အတည်မပြတ် ဆည်းကပ် ကိုးကွယ်လျက် ရှိပါသော၊ တပည့်တော်တို့၏။ သိချမိ၊ နှစ်ကုဋေ ငါးသန်း၊ မြန်နန်းချီဟန်၊ ဆံပင်အပေါင်း၊ ဘွဲ့ပြောင်းသွတ်ရုံ၊ နတ်ဘုံပမာ၊ ဥကျောင်း တည်းဟူသော နေရာတော်၌။ ဝှာတု၊ မယိမ်းမယိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ နိုင်နိုင်မတ်မတ်၊ တန့်ရပ်တည်နေတော် မူလှည့်ပါ၊ ဣသရိယ, ဓမ္မ, ယသ, သိရိ, ကာမ,ပယတ္တ-တို့နှင့် ပြည့်စုံတော်မူသော၊ ရွှေဘုန်းတော်သခင်, အရှင်ဘုရား။ ။

ရောင်ခြည်တော်ဘွင့်-ဗုရားပင့်

ပြီး၏။